မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၂၀)

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြည့်ရှု





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှင်းလင်းဆောင်ရွက်ပုံမှ ကန်ရေသိုလှောင်ထားမှု၊ ရေပိုလွှဲနှင့် တမံအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးကျော်ဝင်း၊ ဦးသိန်းဆွေတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများသည် ပေါင်းလောင်းဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအခြေအနေ၊ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားဖြန့်ဖြူးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် စက်ရုံရှင်းလင်းခန်းမဆောင်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ထားရှိမှု၊ စစ်တောင်းမြစ်ဝှမ်း၊ ပေါင်းလောင်းမြစ်ဝှမ်းနှင့် ဒုဋ္ဌဝတီမြစ်ပေါ်ရှိ ရေအားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား

စာမျက်နှာ ၅ ကော်လံ ၁ ❍

## တောင်သူလယ်သမားများနှင့် သားငါးလုပ်ငန်းရှင်များအတွက် အာမခံဝန်ဆောင်မှုစတင်မည်

သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - Kelvin

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာတောင်သူလယ်သမားများနှင့် သားငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် အကာအကွယ်များနှင့် အကူအညီများ ဖြစ်ထွန်းလာစေရန် အာမခံဝန်ဆောင်မှုသည် အရေးကြီးကြောင်းနှင့် ယင်းတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် အာမခံစနစ်ဖြစ်လာရန် အရေးကြီးကြောင်း ယနေ့ကျင်းပသည့် အာမခံဆိုင်ရာဝန်ဆောင်မှုနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတို့ တွေ့ဆုံညှိနှိုင်းမှုများမှ ရလဒ်ကောင်းများထွက်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိကတစ်ဦးချင်းဝင်ငွေ GDP ၏ ထက်ဝက်နီးပါးကို အဓိကဖြည့်ဆည်းပေးနေသည့်

စာမျက်နှာ ၄ ကော်လံ ၁ ❋

**မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

စာ » ၃



မြန်မာ့အလင်း

# အနောက်ဘက်မျက်နှာစာ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးပူးပေါင်းပါဝင်

အကြမ်းဖက်တိုက်ခိုက်မှုများ ကမ္ဘာ့ဒေသအသီးသီး၌ ဆူဆူညံညံ ပေါ်ထွက်လာနေချိန် မြန်မာနိုင်ငံ၏ အနောက်တံခါးဟု တင်စားခေါ်ဝေါ်ကြသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှ အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုများက ၎င်းတို့၏ ရည်ရွယ်ချက်များကို ပို၍ပို၍ ရုပ်လုံးဖော်လာလျက်ရှိသည်။

အုပ်စုဖွဲ့လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက အေးချမ်းစွာနေထိုင်လိုသူများ၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သူဟု ၎င်းတို့က ယူဆထားသူများ၊ မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သူများကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများ ပြုလုပ်ကာ တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေပြီး တစ်ဖက်တွင်လည်း သတင်းအဆက်ဖြတ်လိုသည့် ၎င်းတို့၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခဲ့ကြသည်။ လယ်ယာ၊ ချောင်း၊ မြောင်းများနှင့် တောတောင်များတွင် လုပ်ကိုင်ရှာဖွေစားသောက်နေကြသည့် လူနည်းစုတိုင်းရင်းသားများကို ရက်စက်ကြမ်းကြုတ်သည့် နည်းလမ်းများဖြင့် သတ်ဖြတ်ကာ အကြောက်တရားများ ဖြစ်ပေါ်လာအောင် ခြောက်လှန့်၍ အိုးပစ်၊ အိမ်ပစ်၊ လယ်ယာမြေများနှင့် ရပ်ရွာတို့ကို ပစ်ကာ နယ်မြေများမှ စွန့်ခွာထွက်ပြေးစေပြီး ရေရှည်တွင် နယ်မြေများကို သိမ်းပိုက်ရန် စီမံချက်ချကာ ဆောင်ရွက်လျက်ရှိကြသည်။

လူမျိုးရေး၊ သာသနာရေး အကြောင်းပြထားသည့် အစွန်းရောက်အကြမ်းဖက်များအနက် အချို့က ဘာသာရေးခေါင်းဆောင် အသွင်ယူကာ သွေးထိုးလှုံ့ဆော်မှု၊ စည်းရုံးမှုများပြုလုပ်ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများပြုလုပ်ရန်၊ ဖောက်ခွဲမှုများ ပြုလုပ်ရန်အတွက် အကြမ်းဖက်သင်တန်း၊ သိုင်းသင်တန်းများပေးခြင်း၊ မေယုတောင်တန်းဒေသ၌ စခန်းပုန်းများ တည်ဆောက်ခြင်း၊ ရိက္ခာများစုဆောင်းခြင်း၊ လိုဏ်ခေါင်းများတူးဖော်ခြင်း စသည်တို့က မောင်တောခရိုင်ဒေသကို ၎င်းတို့၏ အခြေခံဒေသတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်သွားမည့် ခြေလှမ်းများပင်ဖြစ်ပြီး ပြည်ပနိုင်ငံအချို့တွင်ရှိနေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့က နောက်ကွယ်မှ နည်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးလျက်ရှိသည်။

ခေတ်မီမောင်းပြန်ရိုင်ဖယ်အသစ်များနှင့် လေ့ကျင့်သင်ကြားလျက်ရှိသော ခိုင်မာသည့် အထောက်အထားများလည်း ပေါ်ထွက်လာလျက်ရှိရာ လုံခြုံရေးသတိ အစဉ်အမြဲရှိရန်နှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နိုးနိုးကြားကြား ဝီရိယအားဖြင့်ဆောင်ရွက်ရန်လိုသည်ဟု နှိုးဆော်နေသည့်နယ်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့်မူ အပြစ်မဲ့အရပ်သားပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစွန်းရောက်အကြမ်းဖက်များ၊ အစွန်းရောက်အားပေးကူညီသူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ ရပ်တန့်ချုပ်ငြိမ်းရေးနှင့် လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့်အတူ ပူးပေါင်း၍ နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်ဒေသများတွင် ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်ဟု တိုက်တွန်းလိုပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၈-၂၀၁၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၄၅ - **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်မြို့)**
၁၀း၂၅ - လှပစုံလင်အာဆီယံတစ်ခွင်
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင်
**ချစ်ခွင့်မပိုင်**
**ဇေယျ၊ကြည်ကြည်ဌေး (ဒါရိုက်တာ-ချစ်စံမောင်)**
၁၄း၃၀ - This Week's Special Interest

**ညပိုင်း**

၁၇း၃၅ - Sunday Talk
၁၈း၂၀ - Road to SEA Games
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၀ - **ငြိမ်းချမ်းရေးဂီတပွဲတော်**
**တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
**(ရန်ကုန်မြို့)**

# ရန်ကုန်တက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဒုတိယအကြိမ် ကင်းထောက်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဒုတိယအကြိမ် ကင်းထောက်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် သိပ္ပံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ဥမ္မာကျော်၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်၊ ရန်ကုန်တက္ကသိုလ် ကင်းထောက်တာဝန်ခံ ဒေါက်တာ ဒေါ်ဏီဝင်းဇော်တို့က အမှာစကား ပြောကြားကြသည်။

သင်တန်းဖွင့်ပွဲသို့ အမျိုးသားကင်းထောက် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် ကင်းထောက်ကြီးများ ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ သင်တန်းသားကျောင်းသား ကျောင်းသူ ၁၅၀ တို့ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကင်းထောက်ကတိနှင့် ကျင့်ဝတ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ လှုပ်ရှားမှုများ၊ ကြိုးချည်နည်းများ၊ တောတွင်းစခန်းချပညာရပ်များ၊ ရှေးဦးသူနာပြုစုနည်းများ၊ ကင်းထောက်တေးသီချင်းများ၊ စုပေါင်း ကစားနည်းများကို ကင်းထောက်ကြီးများက စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

**(မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်)**



## ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၉**

ရှမ်းပြည်နယ် လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးမင်းလတ် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် လင်းခေးမြို့ ဝမ်လွိုင်ရပ်ကွက်ရှိ မဟာဝိဟာရ ဘုန်းတော်ကြီးကျောင်းအတွင်း၌ နှစ်ထပ်ကျောင်းဆောင်အသစ်ဆောက်လုပ်ရာတွင် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီမှ ၁၁ နာရီအထိ ဝိုင်းဝန်းလုပ်အားပေးခဲ့ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသပေး

**ရမည်းသင်း ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ မြို့နယ်အတွင်း ကျေးရွာများ၌တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသပေးလျက်ရှိသည်။

ထိုသို့ တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသပေးရာတွင် ဩဂုတ် ၁၃ ရက်က ရမည်းသင်းမြို့နယ် ရွာတန်းသဲကျွန်းအုပ်စု ဓမ္မနာဒစာသင်တိုက်၌ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(ရမည်းသင်း) တာဝန်ခံ ဒေါ်အေးအေး ဦးဆောင်သောအဖွဲ့က ဒေသခံ ပြည်သူ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၉၉ ဦးကို တိုင်းရင်းဆေးပညာဖြင့် လိုအပ်သော စမ်းသပ်မှုများပြုလုပ်ကာ စားဆေး၊ လိမ်းဆေးများ ပေးအပ်၍ အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

**စာအုပ် စာပေ လှူမိတ်ဆွေ**

## လယ်ယာမြေဥပဒေ၊ နည်းဥပဒေပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၉ -** ရေစကြိုမြို့နယ် မအူအောက်ဆိပ်ကျေးရွာနှင့် ပရိမ်သာကျေးရွာတို့၌ ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ဟောပြောဆွေးနွေးပွဲကို ကျင်းပရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက ဟောပြောဆွေးနွေးကြပြီးတက်ရောက်လာသော တောင်သူများ၏ မေးမြန်းသည်များကို ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

**ငွမြို့ ဖောင်တော်ဆိပ်ကမ်းနှင့် ချောင်းတစ်ဖက်ကမ်းရှိ မကျေးငူကျေးရွာသို့ ကူးတို့ဖြင့် သွားလာလျက်ရှိသော ကျောင်းသား ကျောင်းသူများ၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဩဂုတ် ၁၈ ရက်က ငွမြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးအေးထွန်းနှင့် တပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေးစဉ်**

(မြို့နယ် ပြန်/ဆက်)



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၉-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၇ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၀ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၈၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂ |
| တရုတ် | တစ်ယွမ် | ၂၀၃ | ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ | ·၇ |


မြန်မာ့အလင်း

၁၂၇၇ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲ (ရုပ်ရှင်၊ ဂီတ၊သဘင်)တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**ရန်ကုန် ဩဂုတ် ၁၉**

နိုင်ငံနှင့်လူမျိုး၏ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာမြင့်မားစေရေးနှင့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ခံယူလုပ်ဆောင်ရမည့် ဒီမိုကရေစီကျင့်စဉ်နှင့် စိတ်ထားများ တိုးပွားရင့်သန်စေရေး အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲ (ရုပ်ရှင်၊ဂီတ၊သဘင်)တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးရန် စတင်ရာမှ ဒီမိုကရေစီရုပ်ရှင်ပွဲတော် ရက်သတ္တပတ်ဟူ၍ ဖြစ်လာကြောင်း၊ ထို့နောက် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ ဝိုင်းဝန်းပါဝင်ကူညီလာကြသဖြင့် မြန်မာ့ ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲ(ရုပ်ရှင်၊ ဂီတ၊သဘင်)တို့ဖြင့် ခမ်းခမ်းနားနားကျင်းပရန် စီစဉ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်တင်ဘာ ၁၅ ရက် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အကြီးအကဲပုဂ္ဂိုလ်များနှင့် အနုပညာရှင်များစုံလင်စွာ တက်ရောက်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီပွဲတော်ကျင်းပရန် ပြည့်စုံပြီးစီးနေပြီဖြစ်ပါကြောင်း၊ စနစ်တကျဖြစ်စေရေးအတွက် ဦးဆောင်ကော်မတီ၊ ဆပ်ကော်မတီများ အသီးသီးဖွဲ့စည်းပြီး ဆောင်ရွက်နေသည့်အတွက်လည်း လုပ်ငန်းများတိုးတက်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ဆောင်ရန်ရှိသည်များကို ပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဒေသာကပွဲ ဖြစ်မြောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ဖွင့်ပွဲအခမ်းအနားကျင်းပရေးနှင့် ရုံတင်ပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ အငြိမ့်ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (MI) ဦးရဲထွန်း၊ ဒါရိုက်တာ မောင်သီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဖိုးချစ်နှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာ့ဒီမိုကရေစီ ပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံနှင့် မန္တလေးမြို့ရှိ ဝင်းလိုက်ရုံများတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီပွဲတော်ကာလအတွင်း သရာစောထီး၊ တိမ်ပြာသောနွေ၊ ကြိုးမြတ်သော မြန်မာ၊ နေခြည်မှာ ရွှေရည်လောင်း၊ ဒီမိုရပ်ကွက် စသည့် ရုပ်ရှင်ဇာတ်ကား ငါးကားကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံ ခုနစ်ရုံအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံ ၄၄ ရုံ၌ ပြသမည်ဖြစ်သည်။ ပဒေသာကပွဲကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်များတွင် ည ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံတွင် ရုပ်ရှင်၊ သဘင်၊ ဂီတတို့မှ နာမည်ကျော်ကြားသည့် အနုပညာရှင်များပါဝင်ပြီး တေးသီချင်း၊ အော်ပရာပြဇာတ်၊ ရုပ်ရှင်ပြဇာတ်၊ နှစ်ပါးသွားများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံတွင် ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ မန္တလေးမြို့ရှိ အမျိုးသားကဇာတ်ရုံတွင် ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိလည်းကောင်း တစ်ရက်လျှင် ငါးသင်းနှုန်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဖိုင်နယ်တက်လာသည့် အသင်းခုနစ်သင်းကို အထူးဆုအနေဖြင့် တစ်သင်းလျှင် ၁၀ သိန်းစီချီးမြှင့်မည်ဖြစ်ပြီး ထိုအသင်းများမှ ပထမ၊ ဒုတိယ၊ တတိယအပါအဝင် နှစ်သိမ့်ဆု၊ အကောင်းဆုံးအဖွဲ့လိုက်ဆု၊ အကောင်းဆုံး မင်းသမီးဆု၊ အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု၊ အကောင်းဆုံး ဆိုင်းအဖွဲ့ဆု၊ ပရိသတ်အကြိုက်ဆုံးဆု စသည်ဖြင့် ဆု ၁၀ ဆု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးအတွက် နိုင်ငံတော်၏ ဘတ်ဂျက်သို့ တိုက်ရိုက်ပံ့ပိုးထည့်ဝင်သည့် ချေးငွေကန်ဒေါ်လာ သန်း ၂၀၀ သဘောတူညီချက် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့ လက်မှတ်ရေးထိုး




**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့သည် စီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုအတွက် ပထမဦးဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာသန်း ၂၀၀ ပမာဏရှိသည့် ဖွံ့ဖြိုးရေးမူဝါဒလုပ်ငန်းစဉ်ချေးငွေ (Development Policy Operation) သဘောတူညီချက်တစ်ရပ်ကို ဩဂုတ် ၁၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ယခုချေးငွေသည် နိုင်ငံတော်၏ ဘတ်ဂျက်သို့ တိုက်ရိုက်ပံ့ပိုးထည့်ဝင်သည့် ချေးငွေအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံးအကြိမ်ရရှိခြင်းဖြစ်ကာ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စီးပွားရေးပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရှေ့မှောက်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စ အယ်လင်ဂိုးစတိန်းတို့က အဆိုပါသဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)** ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်မည့် ယခုလုပ်ငန်းစဉ်တွင် အဓိကကျသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြစ်သည့် ငွေကြေးဖောင်းပွမှု၊ ပြည်သူ့ကြွေးမြီ ခံနိုင်ရည်ရှိ မှုနှင့် အစိုးရ၏ အသုံးစရိတ်နှင့် အခွန်ကောက်စနစ်များ ထိရောက်မှုရှိစေရေး စသည်တို့ကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

"ဒီကနေ့ မြန်မာနိုင်ငံနဲ့ ကမ္ဘာ့ဘဏ်တို့အကြား သဘောတူညီမှုကို လက်မှတ်ရေးထိုးနိုင်တဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ လုပ်ငန်းစဉ်မှာ အဆိုပြုထားတဲ့ မူဝါဒပြောင်းလဲမှုလုပ်ငန်းတွေရဲ့ အထောက်အကူနဲ့ စီးပွားရေးမူဝါဒတွေကို ခိုင်ခိုင်မာမာ အကောင်အထည်ဖော်နိုင်စေဖို့၊ ပြည်သူတွေအတွက် လျှပ်စစ်ဓာတ်အား၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေ ပိုမိုလက်လှမ်းမီနိုင်စေဖို့ ယုံကြည်မှု တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုလို ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့်မားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာနိုင်မှာဖြစ်ပြီး အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်မှာ ဖြစ်လို့ အားလုံးပါဝင်နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါလိမ့်မယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

ယခုဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်တွင် အချင်းချင်းအားဖြည့်ပေးနိုင်သည့် အဓိကမဏ္ဍိုင်နှစ်ခု ပါဝင်မည်ဖြစ်သည်။ မေခရိုစီးပွားရေး တည်ငြိမ်မှုကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းခြင်းမဏ္ဍိုင်တွင် စနစ်တကျတွက်ချက်ချိန်ဆထားသော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဖြစ်ပေါ်လာစေရန်၊ ဘတ်ဂျက်လိုငွေပြမှုကို ဗဟိုဘဏ်ထောက်ပံ့နေရမှု အဆုံးသတ်နိုင်ရန်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများ အားကောင်းလာစေရန်နှင့် မူဝါဒအခြေပြုဘတ်ဂျက်ရေးဆွဲမှု စနစ်တည်ဆောက်နိုင်ရန်တို့ ပါဝင်သည်။ ဘဏ္ဍာရေးခံနိုင်ရည်ရှိမှု ပိုမိုအားကောင်းစေခြင်းမဏ္ဍိုင်တွင် ပြည်သူ့ရငွေများ တိုးတက်ရှာဖွေနိုင်ရန်၊ သဘာဝဓာတ်ငွေ့ ရောင်းချရငွေကို စနစ်တကျ တွက်ချက်စီမံခန့်ခွဲနိုင်စေရန်၊ စွမ်းအင်ကဏ္ဍ ဘဏ္ဍာရေးအလားအလာကောင်းများ ပေါ်ထွန်းလာစေရန်၊ ထိရောက်မှုရှိသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု တည်ဆောက်နိုင်ရန်တို့ ပါဝင်သည်။

"နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို တိုက်ရိုက်ထောက်ပံ့တဲ့ ချေးငွေအမျိုးအစားဟာ အစိုးရအနေနဲ့ အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့နေရာမှာ အထောက်အကူပြုနိုင်တဲ့ ပံ့ပိုးမှုနည်းလမ်းတစ်ခုဖြစ်ပါတယ်။ အခု ပထမဦးဆုံးအကြိမ်ဖြစ်တဲ့ ဘတ်ဂျက်ပံ့ပိုးမှုက ခေတ်မီ စီးပွားရေးစီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်ရေးလုပ်ငန်းတွေအတွက် အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ဝင်ရောက်လာနိုင်စေဖို့၊ အလုံးစုံပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်စေဖို့၊ အလုပ်အကိုင်သစ်တွေ ဖန်တီးပေးနိုင်စေဖို့အတွက် အရေးကြီးလိုအပ်တဲ့ စီးပွားရေးတည်ငြိမ်စေရေးကို ဖော်ဆောင်နိုင်မှာဖြစ်ပြီး တစ်ဖက်ကလည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို တိုးချဲ့မြှင့်တင်ပေးနိုင်ဖို့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားကောင်းစေမှာ ဖြစ်ပါတယ်"ဟု ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စ အယ်လင်ဂိုးစတိန်းက ပြောသည်။

ယခု ချေးငွေသည် ဝင်ငွေနည်းပါးသည့် တိုင်းပြည်များအတွက် ရည်ရွယ်သည့် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ (International Development Association) က ပေးအပ်သည့် ချေးငွေဖြစ်ပြီး ချေးငွေသက်တမ်းမှာ ၃၈ နှစ် ဖြစ်ကာ၊ ခြောက်နှစ်ဆိုင်းငံ့ကာလရရှိမည်ဖြစ်ပြီး အတိုးမဲ့ချေးငွေအမျိုးအစားဖြစ်သည်။ **ခင်ရတနာ**



# မြန်မာ့ပုလဲရောင်းချပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ Myanmar Pearl Auction (August-2017) ပုလဲရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးထပ်၌ ကျင်းပလျက်ရှိရာ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် တင်ဒါအမှတ်(၁)မှ ပုလဲအတွဲ ၉၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲ ၉၀ ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲအပေါ်တွင် ၁၀၀ ရာခိုင်နှုန်း ရောင်းချရရှိခဲ့သည်။ ဆက်လက်၍ ညနေပိုင်းတွင် တင်ဒါအမှတ်(၂)မှ ပုလဲအတွဲ ၉၀ အား ရောင်းချခဲ့ရာ ပုလဲအတွဲ ၈၈ တွဲ ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲအပေါ်တွင် ၉၈ ရာခိုင်နှုန်း ရောင်းချရရှိခဲ့သည်။

တင်ဒါအမှတ်(၁)နှင့် တင်ဒါအမှတ်(၂)မှ စုစုပေါင်း ပုလဲအတွဲ ၁၈၀ တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲ ၁၇၈ တွဲ ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲအပေါ်တွင် ၉၉ ရာခိုင်နှုန်းရောင်းချရရှိခဲ့သည်။ ရောင်းချရရှိသော ပုလဲအတွဲ ၁၇၈ တွဲမှာ နိုင်ငံပိုင်ပုလဲအတွဲများဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေယူရို ၁၅၂၈၆၂၇ ဖြင့် ရောင်းချရရှိခဲ့သည်။

ညနေ ၄ နာရီခွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဌေးအောင်သည် ပုလဲကုန်သည်များက ပုလဲအတွဲများ တင်ဒါထည့်သွင်းဝယ်ယူနေမှုကို လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ပုလဲရောင်းချပွဲသို့ ဩဂုတ် ၁၉ ရက်အထိ ပြည်တွင်း ပြည်ပ ပုလဲကုမ္ပဏီ ၆၂ ခုမှ ပုလဲကုန်သည် ၁၉၉ ဦး တက်ရောက် ဝယ်ယူခဲ့ကြောင်း သိရှိရသည်။ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင်လည်း တင်ဒါအမှတ်(၃)မှ ပုလဲအတွဲ ၉၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချမည်ဖြစ်သည်။ **(သတင်းစဉ်)**

❇ *ရှေ့ဖုံးမှ*

ကဏ္ဍမှာ လယ်ယာကဏ္ဍနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍတို့ဖြစ်သည်။ အဆိုပါ ကဏ္ဍများတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များ၊ အသိုင်းအဝိုင်းများအနေဖြင့် စုပေါင်းညှိနှိုင်းကာ လုပ်ငန်းထိခိုက်မှုဖြစ်နိုင်ခြေ (Risk) ကို လျှော့ချရန် လိုအပ်ကြောင်း သိရသည်။ သို့ရာတွင် မြန်မာလုပ်ငန်းရှင်များအကြား အန္တရာယ်စီမံခန့်ခွဲမှု (Risk Management) ဆိုင်ရာ အသိပညာရေး၊ ဆောင်ရွက်မှုပါအားနည်းနေသည်ကို မြင်တွေ့ရကြောင်း စီးပွားရေးပညာရှင်များက ထောက်ပြသည်။ လုပ်ငန်းထိခိုက်မှုဖြစ်နိုင်ခြေ (Risk) လျှော့ချနိုင်ရန်အတွက် မြန်မာ့တောင်သူလယ်သမားနှင့် သားငါးလုပ်ငန်းရှင်များအား အကြောင်းအမျိုးမျိုးသော စီးပွားရေးထိခိုက်ကျရှုံးခြင်းမှ ကာကွယ်ပေးနိုင်မည့် အာမခံဝန်ဆောင်မှုပေးနိုင်ရေး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ယနေ့ ကုန်သည်စက်မှုအသင်းချုပ်တွင် တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ညှိနှိုင်းချက်အရ လယ်ယာ၊ သားငါး အာမခံဝန်ဆောင်မှုစနစ် ပေါ်ပေါက်လာစေရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်ကဏ္ဍဆိုင်ရာ ညီနောင်အသင်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်းသည့် အထူးလုပ်ငန်းအဖွဲ့ဖွဲ့စည်းကာ စတင်ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြောင်း သိရသည်။

ဖွဲ့စည်းသွားမည့် အထူးညှိနှိုင်းရေးအဖွဲ့သည် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများနှင့် တောင်သူလယ်သမားများ နီးနီးကပ်ကပ်ပူးပေါင်းကာ အောင်မြင်နိုင်ခြေရှိသည့် အာမခံစနစ်အားချမှတ်ကာ အောင်မြင်နိုင်မည့် လုပ်ငန်းကဏ္ဍတွင် ကနဦးဖော်ဆောင်သွားမည်ဖြစ်သည်။

ဥပမာအားဖြင့် လက်ရှိစီစဉ်လျက်ရှိသည့် အထွက်နှုန်းအပေါ်အခြေခံသည့် သီးနှံအာမခံစနစ် (Crop Insurance) အစား ပိုမိုလွယ်ကူသည့် ရာသီဥတုအာမခံစနစ် (Weather Index Insurance) ( ဥပမာ - မိုးရေချိန်အပေါ်အခြေခံသည့်စနစ်) ကို အားပေးဖော်ဆောင်လျှင် အချိန်တိုအတွင်း ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည်ဟု အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သတင်းထုတ်ပြန်ထားသည်။

ရာသီဥတုအာမခံစနစ်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဂျပန်နိုင်ငံ Sompo Holdings ကုမ္ပဏီတို့ ပူးပေါင်းကာ ပြည်မြို့နှင့် ရွှေဘိုမြို့တို့တွင် စမ်းသပ်ဆောင်ရွက်နေကြောင်း ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

အာမခံစနစ်သည် တောင်သူလယ်သမားနှင့် အာမခံလုပ်ငန်းနှစ်ဖက်လုံးကို အကျိုးဖြစ်ထွန်းစေရမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက အခမ်းအနားအတွင်း ထည့်သွင်းပြောကြားသည်။

အာမခံစနစ်ကို စိုက်ပျိုးရေးကဏ္ဍတွင်သာမဟုတ်ဘဲ မွေးမြူရေးလုပ်ငန်းများအတွက်ပါ ဝန်ဆောင်မှုပေးနိုင်ရေး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ဆွေးနွေးခဲ့ပြီး လက်ရှိ H5N1 ရောဂါရိုက်ခတ်မှုကြောင့် လွန်ခဲ့သည့် သုံးလအတွင်း ကြက်မွေးမြူရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၆၅ သန်းဝန်းကျင်ဆုံးရှုံးခဲ့ရာ အာမခံစနစ်မရှိပါက ကဏ္ဍအနေဖြင့် ရေရှည်တွင် ကျဆင်းနိုင်ကြောင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြဟန်က ထောက်ပြပြောကြားသည်။

ထိုနည်းတူ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ ကိုယ်စားလှယ်များကလည်း ၎င်းတို့၏ ကဏ္ဍအသီးသီးတွင် အာမခံစနစ်တည်ထောင်နိုင်ရေး စိန်ခေါ်ချက်များနှင့် ဖြစ်နိုင်ခြေများကို ဆွေးနွေးကြသည်။

အစည်းအဝေးတွင် လယ်ယာအာမခံဝန်ဆောင်မှုကို စပါးသာမဟုတ်ဘဲ သီးနှံစုံဝန်ဆောင်မှုပေးနိုင်ရေး၊ ရာသီသီးနှံ၊ နှစ်တိုနှစ်ရှည် သီးနှံအာမခံ၊ ကုန်ပစ္စည်းအာမခံ၊ သယ်ယူပို့ဆောင်မှု အာမခံ၊ တစ်ဆင့်အာမခံ (Reinsurance) စသည်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအပြင် အာမခံဆိုင်ရာ အသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရေးကို ဆွေးနွေးခဲ့ကြသည်။

ကနဦးကနေဖြင့် မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာနိုင်ငံစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဘဏ်တို့ ပူးပေါင်းကာ တောင်သူလယ်သမားများအတွက် အသက်အာမခံဝန်ဆောင်မှုကို လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပြောသည်။

ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အာမခံစနစ်ဖော်ဆောင်ရာတွင် ပါဝင်သူများအနေဖြင့် မြန်မာ့တောင်သူလယ်သမားများ၏ ဘဝမြင့်တက်ရမည်ဟူသည့် ခံယူချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



တောင်သူလယ်သမားများနှင့် လယ်ယာ သား ငါးလုပ်ငန်းများအတွက် အာမခံဝန်ဆောင်မှုများ ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

## ငွေကျပ်သန်း ၁၀၀ အောက် လုပ်ငန်းများ တင်ဒါခေါ်ယူရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**မောင်တော ဩဂုတ် ၁၉**

မောင်တောခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေကျပ်သန်း ၁၀၀ အောက် လုပ်ငန်းများ တင်ဒါခေါ်ယူရေးကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက မောင်တောဒေသတွင် စီးပွားရေးဇုန်အဖြစ် ဧရိယာအလိုက် လျာထားပြီး လုပ်ငန်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေး၍ လုံခြုံရေးကအစ စနစ်တကျ ဆောင်ရွက်ပေးမည်ဆိုလျှင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မောင်တောဒေသသို့ လာရောက်အလုပ်လုပ်လိုသည့် ရွှေ့ပြောင်းအလုပ်သမားများ ပေါ်ပေါက်လာပြီး ဒေသစီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှဒေသလုံခြုံရေးကိုပါ အထောက်အကူပြုမည်ဟု မျှော်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။




ထို့နောက် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇံက ပြည်ထောင်စုအစိုးရက တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါလုပ်ငန်းဖြင့် ဆောင်ရွက်သည့်အခါတွင် လိုက်နာကျင့်သုံးရမည့် မူဝါဒများကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အဆိုပါမူဝါဒများကို မသွေဖည်ဘဲ ပြည်နယ်အစိုးရအနေဖြင့် တင်ဒါကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအလိုက် တင်ဒါခေါ်ယူရေးကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် တင်ဒါခေါ်ယူရေး၊ တည်ဆောက်ရေးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။ ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၀၀ အောက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းနှင့် ဦးအောင်ကျော်ဇံတို့သည် မောင်တောမြို့နယ် ရပ်မိရပ်ဖများ၊ ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မောင်တောဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**သတင်း- အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ- ကျော်ထူးမွန် (ခရိုင် ပြန်/ဆက်)**

## အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေး

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသုံးဖွဲ့အား အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ယာယီတစ်နှစ်ခွင့်ပြုထုတ်ပေးခဲ့သည်။

အသေးစား ငွေရေးကြေးရေးလုပ်ငန်း ယာယီတစ်နှစ်လုပ်ကိုင်ရန် ထပ်မံလိုင်စင်ထုတ်ပေးသည့် အဖွဲ့အစည်းများမှာ ပြည်ပကုမ္ပဏီလီမိတက် အဖွဲ့အစည်းသုံးဖွဲ့ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ မိုရာကော့မိုက်ခရိုဖိုင်းနန့်(စ်) မြန်မာကုမ္ပဏီလီမိတက် (Morakot Microfinance Myanmar Co., Ltd)၊ ဂျပန်နိုင်ငံမှ ရှင်ဝမိုက်ခရိုဖိုင်းနန့် (စ်) ကုမ္ပဏီလီမိတက် (Shinwa Microfinance Co., Ltd) နှင့် ပြင်သစ်နိုင်ငံမှ သစ္စာဥယျာဉ်ကုမ္ပဏီလီမိတက်တို့ဖြစ်သည်။ ယခုအချိန်ထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များထုတ်ပေးပြီးသည့် အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်းငါးဖွဲ့၊ NGO အဖွဲ့အစည်း ၂၂ ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက် အဖွဲ့အစည်း ၃၅ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီလီမိတက်အဖွဲ့အစည်း ၁၀၃ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီလီမိတက်အဖွဲ့အစည်း သုံးဖွဲ့စုစုပေါင်း ၁၆၈ ဖွဲ့ဖြစ်ကြောင်း သိရသည်။

ယင်းသို့ လိုင်စင်ထုတ်ပေးရာတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းခြင်းဆိုင်ရာ ခိုင်မာမှု၊အခြေခံလူတန်းစားများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်းရေရှည်တည်တံ့ပြီး ကျေးလက်မြို့ပြများသို့ နှံ့စပ်စွာဆောင်ရွက်နိုင်မှုများကို စံနှုန်းများအဖြစ်သတ်မှတ်လျက် ရွေးချယ်ရေးမူများဖြင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများနှင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ရောဝတီမြစ်ရေ သပိတ်ကျင်းမြို့တွင် စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ **(မိုး/ဇလ)**

## ပြည်နယ်အစိုးရ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ နှီးနှောဖလှယ်ပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၁၉**

ရခိုင်ပြည်နယ်အစိုးရ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ၏ နှီးနှောဖလှယ်ပွဲကို စစ်တွေမြို့ရှိ Royal Sittwe Hotel ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ဦးမင်းအောင် (ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး)၊ ဦးဇင်လင်း (BNI အကြံပေး)၊ ဒေါ်အေးနုစိန် (ANP ဒုတိယဥက္ကဋ္ဌ)၊ ဦးသန်းလှိုင် (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)၊ ကျွန်းသားငမန်း (သတင်းစာဆရာကြီး)တို့က အမှာစကားပြောကြားပြီး ဦးခိုင်မြတ်ကျော်(နိရဉ္စရာသတင်းဌာန)က ဆွေးနွေးမည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။



ဆွေးနွေးပွဲတွင် ရခိုင်မီဒီယာအခင်းအကျင်းခေါင်းစဉ်ဖြင့် DVB သတင်းဌာနမှ ကိုအောင်ကလည်းကောင်း၊ ရခိုင်ပြည်နယ် သဘာဝသယံဇာတနှင့် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကိုဝင်းအောင်(ရွှေဂက်စ်)က လည်းကောင်း၊ မီဒီယာနှင့် CSO ခေါင်းစဉ်ဖြင့် ကိုခိုင်ကောင်းစံ(ဝံလက်ဖောင်ဒေးရှင်း)ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးပေးကြသည်။

"ခုလိုဆွေးနွေးတာ ကောင်းပါတယ်။ ဆွေးနွေးပွဲက ရရှိတဲ့အချက်တွေကို အကောင်အထည်ဖော်ပေးဖို့လည်း လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေကို လိုချင်တဲ့အထိ မရရှိပေမယ့် အတိုင်းအတာတစ်ခုထိလောက်တော့ လုပ်ပေးလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေကို မကြာမကြာလုပ်ပေးသင့်တယ်လို့လည်း မြင်ပါတယ်"ဟု နိရဉ္စရာသတင်းဌာနမှ အကြီးတန်းသတင်းထောက် မာန်ယုကျော်(ရွှေဝမြေ)က ပြောသည်။

အဆိုပါဆွေးနွေးပွဲကို သတင်းမီဒီယာကဏ္ဍအနေဖြင့် ဆက်လက်ကြိုးပမ်းနေသော မီဒီယာပြုပြင်ပြောင်းလဲရေး ဖော်ဆောင်မှုများနှင့်အတူ မြန်မာနိုင်ငံဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တတ်နိုင်သမျှပါဝင်ဖြည့်ဆည်းရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် အစိုးရဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ရခိုင်ပြည်နယ်အခြေစိုက် သတင်းဌာနများနှင့် သတင်းထောက်များ တက်ရောက်ကြောင်း သိရသည်။

**သတင်း-ကိုကြီးစော၊ ဓာတ်ပုံ-ညေစော**

❍ ရှေ့ဖုံးမှ

ထုတ်လုပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတိုးသွင်က စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်များပေါ်၌ တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းနှင့် ပတ်သက်၍လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အခြေအနေ၊ ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အား ပို့လွှတ်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက်အရ နှစ်အလိုက် ဓာတ်အားလိုအပ်ချက်များ တိုးတက်လာမည့်အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စက်ရုံပုံစံငယ်ကို ကြည့်ရှုစဉ် (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများသည် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ Turbine နှင့် Generator စက်များ မောင်းနှင်လည်ပတ်မှု၊ ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေလှောင်တမံပေါ်မှ ကန်ရေသိုလှောင်ထားရှိမှု၊ ပင်မရေပိုလွှဲ၊ Switch Yard နှင့် တမံကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပေါင်းလောင်းမြစ်ပေါ်၌ တည်ရှိပြီး ပင်မတမံ ကျောက်ဖြည့်တမံအမျိုးအစားဖြင့် တည်ဆောက်ထားကာ တမံအလျား ပေ ၃၁၀၀၊ အမြင့် ၃၂၈ ပေ၊ ကန်ရေပြည့် သိုလှောင်နိုင်သည့် ပမာဏမှာ ငါးသိန်းလေးသောင်း ဧကပေဖြစ်၍ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၈၀ နှင့် တစ်နှစ်ဓာတ်အား ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ရပ်မှ ကန်ရေသိုလှောင်ထားရှိမှု ၊ ရေပိုလွှဲ၊ Switch Yard နှင့် တမံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

### လိုအပ်ချက်များမှာကြား

ထို့နောက် ရှင်းလင်းဆောင်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ရေလှောင်တမံစီမံကိန်း ဆောင်ရွက်ခဲ့မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရေအားလျှပ်စစ် ထုတ်လုပ်မှုအခြေအနေနှင့် ရေလှောင်တမံတွင် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများက ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ Turbine နှင့် Generator စက်များ မောင်းနှင်လည်ပတ်မှု၊ Control Room မှ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် တမံကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ထုတ်လုပ်နိုင်

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ရှိပြီး RCC ကွန်ကရစ်တမံအမျိုးအစားဖြစ်ကာ တမံအလျား ပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၁၃ သိန်း ၆ သောင်း ဧကပေရှိပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀ နှင့် နှစ်စဉ် ပျမ်းမျှဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန နန်ချိုရေအားလျှပ်စစ် ရေထိန်းတမံသို့ ရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ရေထိန်းတမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံဆိုင်ရာ အဓိကအချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် CVC ကွန်ကရစ်ရေထိန်းတမံ၊ ရေယူအဆောက်အအုံ၊ ရေတံလျှောက်နှင့် ဓာတ်အားပေးစက်ရုံအတွင်းရှိ Control Room တို့ကို ကြည့်ရှုစစ်ဆေးသည်။

နန်ချိုရေထိန်းတမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်ချိုချောင်းပေါ်၌ တည်ရှိပြီး ကွန်ကရစ်တမံအမျိုးအစားဖြစ်ကာ အလျား ၄၄၃ ပေ၊ အမြင့် ၁၆၇ ပေ၊ စက်တပ်ဆင်စွမ်းအား မဂ္ဂါဝပ် ၄၀ နှင့် နှစ်စဉ်ပျမ်းမျှဓာတ်အား ၁၅၂ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

### ချိတ်ဆက်ပို့လွှတ်ပေးလျက်ရှိ

ပေါင်းလောင်းမြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာသည့် ဓာတ်အားများကို ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းဖြင့် ပျဉ်းမနားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ပေးလျက်ရှိသည်။

ခရီးစဉ်အတွင်း တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လိုအပ်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေ၊ မြေ၊ သဘာဝနှင့် ပတ်ဝန်းကျင်အခြေအနေပေါ် မူတည်ပြီး နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးတွင်းကာလအတွင်း ရေအားလျှပ်စစ်မှ ရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝအသုံးချသွားရန်နှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိသုံးစွဲနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက် စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်း စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေရမည် ဖြစ်ပါကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီလဝါအထူးစီးပွားရေးစက်မှုဇုန်မှ မြိုင်သာယာနှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကွန်ကရစ်လမ်းသစ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၉**

သီလဝါအထူးစီးပွားရေးစက်မှုဇုန် မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (MJTD) က လှူဒါန်းသည့် ကျောက်တန်းမြို့ သန်လျင်-ကျောက်တန်း ကားလမ်းဘေးရှိ မြိုင်သာယာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် မြိုင်သာယာ(၃)ရပ်ကွက်၌ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြိုင်သာယာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင် (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး) က “သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကို ဒီနယ်တွေမှာ လာရောက်ပြီးတော့ ဆောင်ရွက်ရခြင်း အကြောင်းရင်းက ဒီဒေသမှာရှိတဲ့ ဒေသခံတွေရဲ့ အခြေခံအဆောက်အအုံတွေအားလုံး အဆင့်မြင့်မြင့်နဲ့ ပိုပြီးတော့ ကောင်းမွန်သွားစေဖို့ဆိုတဲ့ဆန္ဒ ကျွန်တော်တို့မှာ ရှိပါတယ်။ စီမံကိန်းလာလုပ်ရင် အဲဒီရဲ့ အကျိုးကို ဒေသခံတွေ ရရှိနိုင်ဖို့ အတွက်ဆိုတာ ဖြစ်သင့်ပါတယ်။ အကျိုးလို့ပြောရင် ရေရှည်ကျမှ ရလာနိုင်တဲ့ အကျိုးရှိနိုင်သလို ရေတိုအတွင်းရနေတဲ့ အကျိုးတွေလည်းရှိပါတယ်။

“ကျွန်တော်တို့ စီမံကိန်းမှာရှိတဲ့ သတင်းအချက်အလက်တွေကို ဆာဗေးလုပ်ပါတယ်။ ဆာဗေးရလဒ်တွေကို ကြည့်ရင် ကျွန်တော်တို့ဆီမှာ ဒေသခံတွေထဲက ဒီမှာအလုပ်လုပ်နေတဲ့သူ ၇၇ ရာခိုင်နှုန်းအထိရှိတယ်လို့ နောက်ဆုံးယူတဲ့ အချက်အလက်တွေ အရသိရပါတယ်။ ကျောင်းဆောင်လှူတာကတော့ ရေတိုတင်မကဘဲ ရေရှည်အတွက်လည်း မျှော်မှန်းပါတယ်။ ဒီဒေသမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ပညာအရည်အချင်းမြင့်မားအောင် ဆောင်ရွက်ပေးချင်ပါတယ်။ ဒေသခံတွေရဲ့ ပညာအရည်အချင်း ပိုပြီးမြင့်မားလာလေလေ ပိုပြီးတော့ အဆင့်မြင့်တဲ့ အလုပ်အကိုင်အခွင့်အလမ်း ပေးနိုင်လေပါပဲ။ ဒီတော့ ဒေသခံတွေလည်း အကျိုးရှိမယ်။ စီမံကိန်းအတွက်လည်း အကျိုးရှိတာဖြစ်တဲ့အတွက် ပညာရေးနဲ့ ပတ်သက်တဲ့ အကူအညီ၊ အထောက်အပံ့တွေဖြစ်စေဖို့အတွက် ရေရှည်မျှော်မှန်းပါတယ်။ ဒါမှ ပညာရည်မြင့်တဲ့ ဒေသခံတွေ အနေနဲ့ အဆင့်မြင့်လာတဲ့ စီမံကိန်းတွေမှာ ပါဝင်လာနိုင်မှာပါ။ ဒါဟာ ပညာအရည်အချင်းနဲ့ပတ်သက်ပြီး ရေရှည်ပါ”ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

သီလဝါအထူးစီးပွားရေးစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီသည် သန်လျင်နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဆွေးနွေးလျက်ရှိပြီး ကျောင်းပညာ သင်ကြားမှုပြီးပါက အလုပ်အကိုင်များရရှိရန် စီစဉ်လျက်ရှိကြောင်း၊ အထူးစီးပွားရေးစက်မှုဇုန်တွင် ဂျပန်နိုင်ငံမှ လာရောက်ဖွင့်လှစ်ထားသည့် Vocational Training Center (အလုပ်သမားသင်တန်းကျောင်း)တွင်လည်း ဒေသခံများကို ခေါ်ယူ၍ အခမဲ့ သင်တန်းပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (MJTD) ဥက္ကဋ္ဌ ဦးသိန်းဟန်က MJTD သည် မြိုင်သာယာ အထက်တန်းကျောင်းခွဲ၌ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ငွေကျပ် သိန်းပေါင်း ၁၈၀၀ ကျော် ၊ ကျောင်းပရိဘောဂအတွက် ငွေကျပ် ၁၄၅ သိန်းကျော်၊ ကျောင်းခြံစည်းရိုးအတွက် ငွေကျပ် ၃၅၅ သိန်းကျော်၊ ကျောင်းအဝီစိတွင်းအတွက် ငွေကျပ် ၁၅၁ သိန်းကျော်နှင့် မြိုင်သာယာ (၃) ရပ်ကွက်၌ သန်လျင်-ကျောက်တန်းလမ်းမကြီးအထိ ပေပေါင်း ၁၉၀၀ အရှည်၊ အကျယ် ၁၂ ပေ၊ ထု ရှစ် လက်မရှိသည့် ကွန်ကရစ်လမ်းကို ငွေကျပ်သိန်းပေါင်း ၅၇၇ သိန်းကျော် အကုန်အကျခံလှူဒါန်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ လူမှုအကျိုးပြုလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် MJTD အနေဖြင့် ငွေကျပ် သိန်းပေါင်း ကိုးသောင်းခန့် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ယနေ့ ပြုလုပ်သည့်အခမ်းအနားတွင် ရှင်းလင်းပြောကြားသည်။




ဦးသိန်းဟန်က “ဆက်လက်လှူဒါန်းပံ့ပိုးသွားမှာပါ။ သီလဝါအထူးစီးပွားရေးဇုန် ပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံတွေအတွက် အခုလိုကူညီထောက်ပံ့ပေးနိုင်တဲ့အတွက်လည်း ကျွန်တော်တို့ MJTD က များစွာ ကျေနပ် အားရဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

ထို့နောက် မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက် စီအီးအို မစ္စတာ တာကာရှိရန်နိုင်က မြိုင်သာယာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီးထံသို့ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် မြိုင်သာယာ(၃)ရပ်ကွက်ရှိ ကွန်ကရစ်လမ်းမကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ပြုလုပ်သည့်အခမ်းအနားသို့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၉** - ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေနှင့် ဩရိဿကမ်းခြေတောင်ပိုင်းတို့သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ (မိုး/ဇလ)

# မျှဝေခြင်း

## အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

"မျှဝေခြင်း" ဆိုတဲ့ သဘောတရားက လွတ်လပ်ပေါ့ပါးပြီး ကြီးကျယ်မြင့်မြတ်တဲ့အတွက် "မျှဝေခြင်း" ဆိုတဲ့ စကားလုံးလေးကလည်း တင့်တယ်လှပပြီး နှစ်သက်မြတ်နိုးဖွယ်ကောင်းနေပါတယ်။

"မျှဝေခြင်း" ဆိုတဲ့ စကားလုံးလေးကို မြင်လိုက်ရ၊ ကြားလိုက်ရ၊ ရွတ်ဆိုလိုက်ရတာနဲ့ တစ်ပြိုင်နက် စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားပါတယ်။ ကြည်လင်အေးချမ်းသွားပါတယ်၊ ပြေလျော့ သက်သာသွားပါတယ်။ စကားလုံးတစ်လုံးတည်း အတိအကျပြောရရင်တော့ "မျှဝေခြင်း" ဆိုတဲ့ စကားလုံးဟာ စိတ်ကို ပြေလျော့သွားစေပါတယ်။

ခန္ဓာကိုယ်မှာ အကြောတွေတင်းနေတဲ့ လူတစ်ယောက်ကို အကြောကျွမ်းကျင်သူက လိုအပ်သလို နှိပ်နယ်ပေး၊ ပွတ်ချေပေးလိုက်ရင် အကြောတွေ ပြေလျော့ပြီး ခန္ဓာကိုယ်နေလို့ ထိုင်လို့ကောင်းသွားသလို စိတ်မှာ အကြောတွေတင်းနေတဲ့ လူတစ်ယောက်ကို မျှဝေခြင်းသဘောတရားက လိုအပ်သလို နှိပ်နယ်ပေး၊ ပွတ်ချေပေးလိုက်ရင် အကြောတွေပြေလျော့ပြီး စိတ်ကလေးနေလို့ ထိုင်လို့ ကောင်းသွားပါတယ်။

မျှဝေခြင်းတစ်ခုခု ပြုလုပ်လိုက်လို့ စိတ်လွတ်လပ်ပေါ့ပါးသွားတာ၊ စိတ်ကြည်လင်အေးချမ်းသွားတာ၊ စိတ်ပြေလျော့သက်သာသွားတာဟာ စိတ်ကလေးနေလို့၊ ထိုင်လို့ကောင်းသွားတာပါပဲ။ အခြေအနေပေါ်မူတည်ပြီး စိတ်ဝမ်းမြောက်တက်ကြွသွားတာလည်း စိတ်နေထိုင်ကောင်းခြင်းမှာ အကျုံးဝင်ပါတယ်။

ဘယ်အရာကိုမဆို ကိုယ့်အတွက်ပဲကြည့်နေ၊ လုပ်နေမယ်ဆိုရင် စိတ်ဟာအတ္တတရားရဲ့ ဖိစီးမှုနဲ့ တင်းမာနေတတ်ပါတယ်။ အရာရာတိုင်းမှာ ကိုယ်ရဖို့၊ ကိုယ်သုံးဖို့၊ ကိုယ်ခံစားဖို့ပဲ စဉ်းစားနေတာ၊ လုပ်ဆောင်နေတာဟာ စိတ်အကြောတွေ တင်းမာနေတာပါပဲ။ စွဲမက်မှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ မကျေနပ်မှုနဲ့ စိတ်ကြောတင်းသွားတာလည်း ရှိမယ်၊ ထောင်လွှားမောက်မာမှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်၊ မနာလိုဝန်တိုမှုနဲ့ စိတ်ကြောတင်းသွားတာလည်း ရှိမယ်၊ အတ္တတရားကို အခြေခံတဲ့ လောဘ၊ ဒေါသ၊ မာန၊ ဣဿာမစ္ဆရိယတွေ စိတ်အစဉ်မှာ လွှမ်းမိုးနေတာကိုပဲ စိတ်အကြောတွေ တင်းမာနေတယ်လို့ ပြောတာပါ။

တင်းမာနေတဲ့ စိတ်အကြောတွေကို ပြေလျော့သွားအောင် ဖြေလျှော့ပေးနိုင်တာဟာ မျှဝေခြင်းပါ။ နည်းတာ၊ များတာ ပမာနမထားဘဲ သူတစ်ပါးလိုအပ်တာကို ကိုယ်စွမ်းနိုင်သမျှ မျှဝေပေးနေမယ်ဆိုရင် အလိုမပြည့်မှု၊ မလိုမကျမှုစတဲ့ အဖျက်သွေး၊ အဖျက်ဓာတ်တွေကင်းစင်သွားတဲ့ အတွက်ကြောင့်ရော ကိုယ်ချင်းစာနာမှု၊ လိုအပ်ချက်သိမြင်မှုစတဲ့ အပြုသွေး၊ အပြုဓာတ်တွေ ပြည့်ဝလာတဲ့အတွက်ကြောင့်ပါ စိတ်ကြောတင်းမာမှုမှန်သမျှ လုံးဝပြေလျော့ပြီး စိတ်ဓာတ်အင်အားတွေ တိုးပွားလာနိုင်ပါတယ်။

၂၀၀၉ ခုနှစ် မုံရွာမှာ ဝန်ချီစက်ပြုတ်ကျတုန်းက ဦးပဉ္ဇင်းရဲ့ ညာဘက်ဒူး၊ အရွတ်ပြဲသွားတဲ့အတွက် အချက်ပေါင်းများစွာ ချုပ်ပြီး ကျောက်ပတ်တီးစည်းထားရပါတယ်။ ၁၄ ရက်အကြာ ကျောက်ပတ်တီးဖြေပြီးတဲ့အခါမှာတော့ ညာဘက်ဒူး လုံးဝကွေးလို့ မရတော့ပါဘူး။ ၁၄ ရက်ဆက်တိုက် အဖြောင့်အတိုင်း တစ်သမတ်တည်း နေနေရတဲ့အတွက် အကြောတွေ တင်းမာသွားလို့ပါ။ စက်အကူအညီပါယူပြီး ရက် ၂၀ လောက် လေ့ကျင့်ခန်းလုပ်လိုက်တော့မှ အကြောတွေ ပြေလျော့ကာ ပုံမှန်အတိုင်း ပြန်ကွေးလို့၊ ဆန့်လို့ရသွားပါတယ်။

လက်ချောင်းတွေကို တစ်သမတ်တည်း ကွေးထားမယ်ဆိုရင်၊ တစ်နည်းအားဖြင့် လက်သီးဆုပ်ထားပြီး လုံးဝပြန်မဖြေတော့ဘူးဆိုရင် အကြောတွေတင်းမာအံသေသွားပြီး လက်ချောင်းတွေကို ပြန်ဆန့်လို့ မရနိုင်တော့ပါဘူး။ ပြန်ဆန့်ခဲ့မယ်ဆိုရင်လည်း နာကျင်မှုဒဏ်ကို အကြီးအကျယ် ခံစားရပါလိမ့်မယ်။ ကွေးလိုက်၊ ဆန့်လိုက်၊ ဆုတ်လိုက် ဖြေလိုက် အမြဲလုပ်နေမှသာ လက်ချောင်းတွေကို ပုံမှန်အတိုင်း သက်သောင့်သက်သာ ကွေးဆန့်လှုပ်ရှားနိုင်မှာပါ။ ဘယ်လိုကွေးကွေး၊ ဘယ်လိုဆန့်ဆန့် နာကျင်မှုလုံးဝမရှိဘဲ ချမ်းသာပေါ့ပါးနေပါလိမ့်မယ်။

ကိုယ်ရှာဖွေကြိုးစားလို့ ရထားတဲ့ ပစ္စည်းဥစ္စာ၊ ရာထူးအာဏာ၊ အတတ်ပညာ၊ အသိပညာစတဲ့ ပိုင်ဆိုင်မှုတွေကို ကိုယ့်အတွက်ပဲ သိမ်းပိုက်ထားတာ၊ ဆုပ်ကိုင်ထားတာဟာ လက်သီးဆုပ်ထားတာနဲ့ တူပါတယ်။ ဘယ်သူ့ကိုမှ မမျှဝေဘဲ ကိုယ်တစ်ယောက်တည်းအတွက်၊ ကိုယ့်မိသားစုအတွက် ၊ ကိုယ့်ဆွေမျိုးအတွက်၊ ကိုယ့်အုပ်စုအတွက်ပဲ ကွက်ကွက်ကလေး သုံးစွဲနေမယ်၊ ခံစားနေမယ်ဆိုရင် လက်သီးကို တစ်သမတ်တည်း အကြာကြီး ဆုပ်ထားသလို ဖြစ်သွားတဲ့အတွက် စိတ်အကြောတွေ တင်းမာအံသေပြီး သူတစ်ပါးအတွက်၊ အများအတွက် ဘယ်လိုမှ ပြန်ဖြန့်လို့ မရတော့ပါဘူး။ သူတစ်ပါးကောင်းကျိုး၊ အများကောင်းကျိုးအတွက် တစ်ခါတစ်ရံ မဖြန့်မဖြစ် ဖြန့်ရတဲ့ အခြေအနေမျိုး ကြုံလာရင်လည်း စိတ်နှလုံးနာကျင်ပင်ပန်းနေပါလိမ့်မယ်။

လက်ချောင်းတွေကို တစ်သမတ်တည်း ကွေးထားဆန့်ထားစရာမလိုဘဲ ကွေးသင့်တဲ့အခါကွေး၊ ဆန့်သင့်တဲ့အခါဆန့်ရသလို ကိုယ့်အတွက် လုပ်သင့်တဲ့အခါလုပ်၊ အများအတွက် လုပ်သင့်တဲ့အခါ လုပ်ရပါမယ်။ အတ္တနဲ့ပရ မျှဝေရမယ်လို့ ဆိုလိုတာပါ။



ပစ္စည်းဥစ္စာ၊ အသိပညာစတဲ့ ပိုင်ဆိုင်မှု၊ အရည်အချင်းတွေ ကိုယ့်မှာ ပြည့်စုံလာအောင် ဖြည့်ဆည်းနေတာဟာ ကိုယ့်အတွက် ကိုယ်လုပ်ပြီး လက်သီးဆုပ်နေတာပါ။ ကိုယ့်မှာရှိတဲ့ ပစ္စည်းဥစ္စာ၊ အသိပညာစတဲ့ ပိုင်ဆိုင်မှု၊ အရည်အချင်းတွေကို သူတစ်ပါးအတွက် အများအတွက် မျှဝေပေးနေတာဟာ အများကောင်းကျိုးသယ်ပိုးပြီး လက်သီးဆုပ်ဖြေနေတာပါ။ ကိုယ့်အတွက်ရော၊ အများအတွက်ပါ အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေစွာ လုပ်ဆောင်မှသာ စိတ်အကြောတွေ ပြေလျော့ပြီး လွတ်လပ်ပေါ့ပါး၊ ကြည်လင်အေးချမ်းကာ ပျော်ရွှင်ဝမ်းမြောက်နိုင်ပါတယ်။

"လက်သီးဆုပ်မလား လက်ဝါးဖြန့်မလား၊ ကြိုက်တာကို ရွေးစမ်းကိုယ့်လူ" ဆိုတဲ့ သီချင်းစာသားလေး ကလေးဘဝတုန်းက ကြားခဲ့ဖူးပါတယ်။ စိတ်အကြောပြေလျော့ပြီး ချမ်းသာသုခ အမြဲရချင်တယ်ဆိုရင်တော့ လက်သီးဆုပ်တဲ့အခါ ဆုပ်ရပါမယ်။ လက်ဝါးဖြန့်တဲ့အခါ ဖြန့်ရပါမယ်။ အတ္တဟိတပြည့်စုံမှ ပရဟိတလုပ်နိုင်တာပါ။ ကိုယ့်မှာရှိမှ သူတစ်ပါးကို ပေးနိုင်တာပါ။ ကိုယ့်မှာပြည့်စုံမှ သူတစ်ပါးကို မျှဝေနိုင်တာပါ။

ကိုယ့်မှာ အများကြီးရှိမှ၊ အများကြီးပြည့်စုံမှ သူတစ်ပါးကိုပေးရ၊ မျှဝေရမှာ မဟုတ်ပါဘူး။ ကိုယ့်မှာရှိသလောက်၊ ပြည့်စုံသလောက်လေးထဲက တချို့တစ်ဝက်ကို ခွဲဖဲ့ပြီး ပေးလို့၊ မျှဝေလို့ ရပါတယ်။ ပေးချင်စိတ်၊ မျှဝေချင်စိတ် ရှိဖို့ပဲ လိုတာပါ။

ရှေးတုန်းက "တစ်ဆုပ်ဆန်အလှူ" ဆိုတာ ရှိခဲ့ဖူးပါတယ်။ ကိုယ်ထမင်းတစ်ခါချက်တိုင်း ချက်မယ့်ဆန်ထဲက ဆန်တစ်ဆုပ်စာ၊ တစ်ဆုပ်စာကို သီးသန့်ဖယ်ထားကာ များလာတဲ့အခါ စုပေါင်းပြီး လှူတဲ့အလှူပါ။ မရှိတဲ့ကြားက ရှိအောင်လုပ်ပြီး လှူတဲ့အလှူမို့ စိတ်နေစိတ်ထား သိပ်မွန်မြတ်တဲ့ မျှဝေခြင်းတစ်မျိုးပါပဲ။

ဒီနေ့ သထုံမှာလုပ်တဲ့ မျှဝေခြင်းဆိုရင်လည်း ကိုယ့်မှာ အခက်အခဲရှိလို့ ရွှေပါရမီပညာရေးဖောင်ဒေးရှင်းကနေ ပညာသင်ဆု ရယူထားတဲ့ လစဉ်ထောက်ပံ့ကြေးငွေထဲက တစ်လကို တစ်ထောင်စီစုပြီး ကိုယ့်လိုပဲ လိုအပ်ချက်ရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းဝတ်စုံတွေ ပြန်မျှဝေတာပါ။ ရှိလို့ မျှဝေတာမဟုတ်ပါဘူး။ မရှိတဲ့ကြားထဲက ဖဲ့ပြီးမျှဝေတာပါ။ ကိုယ်သုံးမယ့်ငွေကို လျှော့သုံးပြီး မျှဝေတာပါ။ ပိုလျှံလို့ မျှဝေတာထက် အဆပေါင်းများစွာ ကြီးကျယ်မြင့်မြတ်ပါတယ်။ ကိုယ်က မမျှော်လင့်၊ မတောင့်တပေမယ့်လည်း အကျိုးပေးကတော့ သိပ်ကိုကြီးကျယ်မှာပါ။

အခမ်းအနားအဖွင့်မှာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒကာကြီးမန်းဝင်းခိုင်သန်း ပြောသွားတဲ့ "မရှိလို့မလှူ မလှူလို့ မရှိဆိုတဲ့ သံသရာဆိုးကြီးကို မျှဝေခြင်းက ချေဖျက်ပစ်နိုင်ပါတယ်" ဆိုတဲ့ စကားက သိပ်ကို မှန်ပါတယ်။

တကယ်တော့ မျှဝေခြင်းစိတ်ဓာတ်ဟာ ဘုရားလောင်းစိတ်ဓာတ်ပါ။ လွန်ခဲ့တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတုန်းက ရမ္မာဝတီမြို့ကို ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမယ်ဆိုတော့ မြို့သူမြို့သားတွေ လမ်းခင်းကြ၊လမ်းပြုပြင်ကြတယ်။ ဘုရားလောင်း သုမေဓာရှင်ရသေ့က ပြင်စရာနေရာ တစ်နေရာတောင်းတော့ အဆိုးဆုံးနေရာကို ပေးလိုက်ကြတယ်။ တန်ခိုးနဲ့ ပြုပြင်လိုက်ရင် စက္ကန့်ပိုင်းအတွင်း လမ်းကောင်းသွားနိုင်ပေမယ့် ကိုယ်တိုင်ကိုယ်ကျ လုပ်အားကုသိုလ်ယူချင်တဲ့အတွက် ဘုရားလောင်းက ကိုယ့်လက်ကိုယ့်ခြေနဲ့ပဲ အပင်ပန်းခံပြီး လမ်းပြုပြင်ပါတယ်။

လမ်းပြင်လို့ မပြီးသေးခင် ဘုရားရှင်ကြွချီလာတဲ့အတွက် ဘုရားလောင်းက ခန္ဓာကိုယ်အလျားစင်းပြီး တံတားခင်း လှူလိုက်ပါတယ်။ "ဘုရားတပည့်တော်ရဲ့ ကျောပေါ်ကနေ နင်းကြွတော်မူပါဘုရား" ပေါ့။ ဘုရားရှင်ရဲ့ကျက်သရေတော်ကို ဖူးမြော်ရတဲ့အခါ "ကိုယ့်အစွမ်းအစ၊ ကိုယ့်အရည်အချင်းကို သိပါလျက်နဲ့ ကိုယ်တစ်ယောက်တည်း သံသရာက လွတ်မြောက်သွားမယ်ဆိုရင် ဘာမှအဓိပ္ပာယ်မရှိဘူး။ သိစရာအားလုံး အကုန်အစင်သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးရအောင်ယူပြီး ဝေနေယျသတ္တဝါတွေကို ကိုယ်နဲ့အတူ သံသရာဝဋ် ဆင်းရဲက လွတ်မြောက်အောင် ကယ်တင်မယ်" လို့ ဆုံးဖြတ်ပြီး ဘုရားဆုပန်ဆင်လိုက်ပါတယ်။

ဘုရားဆုပန်ဆင်တယ်ဆိုတာ ကိုယ်ရတဲ့ နိဗ္ဗာန်ချမ်းသာကို သတ္တဝါပေါင်းမြောက်မြားစွာ ကိုယ်နဲ့ထပ်တူရအောင် မျှဝေပေးချင်လို့ ပန်ဆင်တာပါ။ ကိုယ်တစ်ယောက်တည်းအတွက်ဆိုရင် စက္ကန့်ပိုင်းအတွင်း နိဗ္ဗာန်ချမ်းသာကို ရနိုင်ပေမယ့် လုံးဝမယူတော့ဘဲ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ သတ္တဝါတွေကို နိဗ္ဗာန်ချမ်းသာ မျှဝေပေးချင်တဲ့အတွက် ဘုရားဆုပန်ဆင်ပြီး ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာ ပါရမီတော်တွေကို အပင်ပန်းအဆင်းရဲခံပြီး ဖြည့်ကျင့်တော်မူခဲ့တာပါ။

မျှဝေခြင်းစိတ်ဓာတ်နဲ့ ပါရမီဖြည့်ပြီးလို့ ဘုရားဖြစ်လာပြန်တော့လည်း မျှဝေခြင်းစိတ်ဓာတ်နဲ့ပဲ တစ်သက်တာပတ်လုံး အလုပ်လုပ် သွားခဲ့ပါတယ်။ ၄၅ ဝါလို့ခေါ်တဲ့ ၄၅ နှစ်တာပတ်လုံး တရားဒေသနာတော်တွေကို အမြဲ ဟောကြားတော်မူတာဟာ ကိုယ်သိထားတဲ့ တရားအသိကို မျှဝေပေးတာပါ။ ကိုယ်ရထားတဲ့ နိဗ္ဗာန်ချမ်းသာကို မျှဝေပေးတာပါ။ ဒါကြောင့် မျှဝေခြင်းစိတ်ဓာတ်ကို ဘုရားစိတ်ဓာတ်လို့လည်း ပြောလို့ရပါတယ်။

ဘုရားလောင်း သုမေဓာရှင်ရသေ့က မျှဝေခြင်းစိတ်ဓာတ်နဲ့ ဘုရားဆုပန်ဆင်လိုက်တော့ ဒီပင်္ကရာမြတ်စွာဘုရားရှင်က သုမေဓာရှင်ရသေ့ရဲ့ကျောပေါ်ကနေ နင်းကြွမသွားဘဲ ရှင်ရသေ့ကို လက်ယာဘက်မှာထား၊ ဒကာ ဒကာမတွေ လှူဒါန်းထားတဲ့ ပန်းရှစ်ဆုပ်နဲ့အရှင်ရသေ့ရဲ့ခန္ဓာကိုယ်ပေါ်ကို ကြဲဖြန့် ပူဇော်ပြီး ကြွချီသွားပါတယ်။ နောက်ပါရဟန္တာလေးသိန်းကလည်း သူတို့ရဲ့ သပိတ်ဖုံးပေါ်က ပန်းတွေနဲ့ ဘုရားလောင်းရှင်ရသေ့ကို ကြဲဖြန့် ပူဇော်သွားကြပါတယ်။

ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်တွေ ပန်းနဲ့ပူဇော်တာဟာ ဘုရားလောင်းရှင်ရသေ့ရဲ့နှလုံးသားထဲက မျှဝေခြင်းစိတ်ဓာတ်ကို ပူဇော်တာပါ။ ပုထုဇဉ်တစ်ယောက်ရဲ့မျှဝေခြင်းစိတ်ဓာတ်ကို ဘုရား၊ ရဟန္တာတွေကတောင် ပူဇော်ရတယ်ဆိုတော့ မျှဝေခြင်းစိတ်ဓာတ်ဟာ အလွန်ကြီးကျယ်မြင့်မြတ်တယ်ဆိုတာ သိပ်ကိုထင်ရှားပါတယ်။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်းရဲ့ တက္ကသိုလ်ပညာသင်ဆုရ ရန်ကုန်ကျောင်းသား ကျောင်းသူတွေက သထုံမြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းနေအရွယ် ညီငယ်၊ ညီမငယ်တွေကို ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ပုံပြင်စာအုပ်နဲ့ စက်ဘီးတွေ မေတ္တာလက်ဆောင်မျှဝေပေးတဲ့ ဒီနေ့ အခမ်းအနားကို နိုင်ငံတော်ရဲ့ အမြင့်ဆုံးအဆင့်နေရာမှာရှိနေတဲ့ နိုင်ငံ့အကြီးအကဲတွေထဲက တစ်ယောက်ဖြစ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဒကာကြီးမန်းဝင်းခိုင်သန်း နေပြည်တော်ကနေ တကူးတက အပင်ပန်းခံရောက်လာပြီး အားပေးတာတွေ့ရတော့ ဘုရားလောင်းသုမေဓာရှင်ရသေ့ကို ဒီပင်္ကရာ ဘုရားရှင်နဲ့ ရဟန္တာလေးသိန်း ပန်းနဲ့ပူဇော်တာ သတိရမိပါတယ်။ မျှဝေကြတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ မျှယူကြတဲ့ ကျောင်းသား ကျောင်းသူတွေထဲမှာ ဘုန်းကံကြီးမားသူတွေ၊ နိုင်ငံ့ခေါင်းဆောင်လောင်းလျာတွေ အများကြီးပါနေမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး။

တစ်လတစ်ထောင်စီ စုထားတဲ့ငွေနဲ့ ကျောင်းဝတ်စုံတွေ၊ စာအုပ်တွေဝယ်ပြီး ရန်ကုန်၊ ရွှေပါရမီကျောင်းမှာပဲ ရွှေပါရမီ ကျောင်းသား ကျောင်းသူတွေက သထုံကျောင်းသား ကျောင်းသူတွေရဲ့ ကိုယ်စားပြုတစ်ယောက်ကို လှူလိုက်ရင် ရပေမယ့် အခုလို သထုံထိလာပြီး အခမ်းအနားနဲ့ ကိုယ်တိုင်ကိုယ်ကျလှူတဲ့အတွက် ကုန်ကျစရိတ်ကတော့ များပါတယ်။ မျှဝေခြင်းအခမ်းအနားကိုလာရင်း သထုံ၊ ဇင်းကျိုက်၊ မော်လမြိုင်၊ ချောင်းဆုံ နီးစပ်ရာဒေသန္တရခရီးလည်း တစ်လက်စတည်း ထွက်ဖြစ်သွားတဲ့အတွက် ကားခ၊ စားစရိတ်၊ ဝတ်စုံဖိုး စသည်အားဖြင့် ကုန်ကျစရိတ်တွေ ပိုလာပါတယ်။ မျှဝေခြင်းအတွက် ကျောင်းသား ကျောင်းသူတွေ တစ်နှစ်စာ စုလှူတာက ငွေကျပ်သိန်းသုံးဆယ်၊ အခမ်းအနားနဲ့ ခရီးစဉ်အတွက် ဦးပဉ္ဇင်းနဲ့ အလုပ်အမှုဆောင်တွေ ကုန်ကျတာက ငွေကျပ်သိန်းတစ်ရာကျော်။

ဒီလိုလုပ်တာကို တချို့က ချဲ့တယ်လို့ ထင်ကြပါလိမ့်မယ်။ တကယ်တော့ ဒါဟာ ချဲ့တာမဟုတ်ပါဘူး။ ထည့်တာပါ။ မျှဝေကြတဲ့ ကျောင်းသား ကျောင်းသူတွေအပါအဝင် ဒီအခမ်းအနားဖြစ်မြောက်အောင် လုပ်ဆောင်ကြသူတွေ အားလုံးရဲ့နှလုံးသားထဲကို မျှဝေခြင်းစိတ်ဓာတ်တွေ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်စိမ့်ပျံ့သွားအောင် ထည့်လိုက်တာပါ။

*စာမျက်နှာ ၇ သို့*

**တင်းမာနေတဲ့ စိတ်အကြောတွေကို ပြေလျော့သွားအောင် ဖြေလျှော့ပေးနိုင်တာဟာ မျှဝေခြင်းပါ။ နည်းတာ၊ များတာ ပမာနမထားဘဲ သူတစ်ပါးလိုအပ်တာကို ကိုယ်စွမ်းနိုင်သမျှ မျှဝေပေးနေမယ်ဆိုရင် အလိုမပြည့်မှု၊ မလိုမကျမှုစတဲ့ အဖျက်သွေး၊ အဖျက်ဓာတ်တွေ ကင်းစင်သွားတဲ့အတွက်ကြောင့်ရော ကိုယ်ချင်းစာနာမှု၊ လိုအပ်ချက်သိမြင်မှုစတဲ့ အပြုသွေး၊ အပြုဓာတ်တွေ ပြည့်ဝလာတဲ့အတွက်ကြောင့်ပါ စိတ်ကြောတင်းမာမှုမှန်သမျှ လုံးဝပြေလျော့ပြီး စိတ်ဓာတ်အင်အားတွေ တိုးပွားလာနိုင်ပါတယ်။**



# တပ်ကုန်းမြို့နယ်ဓာတ်ပုံအသင်း ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၉**

တပ်ကုန်းမြို့နယ် ဓာတ်ပုံအသင်းကကြီးမှူးကျင်းပသော 'ကြည်ညိုဖွယ်ဆောင် မိုယ်းကောင်းဘုရားကြီးဂုဏ်ရောင်' ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က ဆုတောင်းပြည့်မိုယ်းကောင်းဘုရားကြီး ရင်ပြင်တော်၌ကျင်းပရာ ပြိုင်ပွဲဝင် ၁၃ ဦး၏ ဓာတ်ပုံပေါင်း ၅၀ ကျော်အနက် ပထမဆု- ဝေဇင်အောင်၊ ဒုတိယဆု- နောင်နောင်၊ တတိယဆု- နန်းဝင့်သူနှင့် နှစ်သိမ့်ဆု(၁)- ဝေဇင်အောင်၊ နှစ်သိမ့်ဆု(၂)ဖြိုးလေး၊ နှစ်သိမ့်ဆု(၃)-ဝေလျှံကျော်တို့ရရှိကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

# မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၁၉ -** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# မြစ်သာရေလှောင်တမံ ဘက်စုံရေလှောင်တမံစီမံကိန်းဒေသ ကျေးရွာလေးရွာတွင် လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်လျက်ရှိ

**ဂန့်ဂေါ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း ဒေသ၌ ရေဝပ်ဧရိယာအတွင်းကျရောက်သဖြင့် ပြောင်းရွှေ့ကြရသည့် ပနန်း၊ စပယ်၊ ယင်းမာနှင့် စင်ပုံကျေးရွာများတွင် လျှပ်စစ်ဓာတ်အားလိုင်းများကို တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့တည်ဆောက်ပေးရာတွင် ၃၁၅ ကေဗွီအေထရန်စဖော်မာနှစ်လုံးတည်ဆောက်ခြင်း၊ ၁၁ ကေဗွီအေ ဓာတ်အားလိုင်း ခြောက်မိုင်ခန့် တည်ဆောက်ခြင်း၊ (၄၀၀/၂၃၀) ဗို့ ဓာတ်အားလိုင်း ခုနစ်မိုင်ခန့် တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည့်အတွက် ကျေးရွာ လေးရွာ၏ မူလအိမ်ခြေ ၃၇၅ အိမ်၊ ဘုန်းကြီးကျောင်း လေးကျောင်း၊ စာသင်ကျောင်း လေးကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး လေးရုံး၊ ဆေးပေးခန်းတစ်ခန်းတို့တွင် ဆားဗစ်ကြိုးတပ်ဆင်ခြင်းလုပ်ငန်းများနှင့် အိမ်သုံးမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျေးရွာအတွင်း ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ပါဝါမီတာခုနစ်လုံးတပ်ဆင်ခြင်း လုပ်ငန်းအပြင် ဆက်လက်တိုးချဲ့တည်ဆောက်သော အိမ်ခြေများအတွက်ပါ အိမ်သုံးမီတာ စုစုပေါင်း ၄၅၅ လုံး တပ်ဆင်ခြင်းနှင့် ဆားဗစ်ကြိုးတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအားလုံးအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကျခံသုံးစွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသ ကျေးရွာများနေ ပြည်သူများ လျှပ်စစ်အန္တရာယ် ဘေးကင်းစွာအသုံးပြုတတ်စေရန် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက်က စင်ပုံကျေးရွာ ဘုန်းကြီးကျောင်း၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မှူး ဦးတင့်ဇော်က လျှပ်စစ်မီးနှင့်ပတ်သက်၍ ဘေးကင်းစွာ သုံးစွဲနိုင်ရေး ပညာပေးဟောပြောဆွေးနွေးခဲ့ကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကျေးရွာများရှိ နေအိမ်များတွင် လျှပ်စစ်မီးတပ်ဆင်သွယ်တန်းသုံးစွဲမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



*စာမျက်နှာ ၆ မှအဆက်*

မျှဝေခြင်းစိတ်ဓာတ်တွေကို ဘယ်တော့မှမပျောက်ပျက်အောင် ခိုင်ခိုင်မြဲမြဲ၊ စွဲစွဲနစ်နစ် နှလုံးသားထဲရောက်သွားအောင် အပီအပြင်ထည့်လိုက်တာပါ။ တကယ်လို့ ချွဲခဲ့တယ်ဆိုရင်လည်း အပိုပကာသနတွေ ချွဲတာမဟုတ်ပါဘူး၊ မျှဝေခြင်းစိတ်ဓာတ်၊ ပရဟိတစိတ်ဓာတ်ကျယ်ပြန့်သည်ထက် ကျယ်ပြန့်သွားအောင် ချွဲလိုက်တာပါ။ အများကောင်းကျိုးလိုလားတဲ့၊ အများကောင်းကျိုးသယ်ပိုးတဲ့ မေတ္တာစက်ဝန်းကို ကြီးမားသည်ထက် ကြီးမားသွားအောင် ချွဲလိုက်တာပါ။

မူရင်းပင်မကုသိုလ်ကို အင်အားကြီးမားသွားအောင်၊ အရည်အသွေး တောက်ပြောင်သွားအောင် ကူညီပံ့ပိုးတဲ့ ဒီလိုကုသိုလ်မျိုးကို ဝန်းရံကုသိုလ်၊ အခြံအရံကုသိုလ် (ပရိဝါရဒါန) လို့ ခေါ်ပါတယ်။ ရိုးရိုးလေးလုပ်တာထက်၊ အလွယ်တကူလေးလုပ်တာထက် အဆပေါင်းများစွာ အကျိုးကြီးပါတယ်။ ကုန်ရကျိုးနပ်တယ်လို့တွေးပြီး ဝမ်းမြောက်ဝမ်းသာ ပီတိဖြာစေချင်ပါတယ်။

အကျိုးကြီး မကြီး၊ ကုန်ရကျိုးနပ် မနပ် ဝန်ကြီးချုပ်ပြောသွားတာပဲ ကြည့်လေ။ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒကာကြီး ဒေါက်တာအေးဇံက "ဒီနေ့အခမ်းအနားကို ကြည့်ပြီးတော့ မွန်ပြည်နယ် ၁၀ မြို့နယ်လုံးမှာ ဒီနေ့လို မျှဝေခြင်းအခမ်းအနားတွေ လုပ်ပေးရမယ့်တာဝန် တပည့်တော်အပေါ်မှာ ကျရောက်လာပါတယ်ဘုရား။ မွန်ပြည်နယ် ၁၀ မြို့နယ်လုံးက လိုအပ်ချက်ရှိတဲ့ အခြေခံပညာကျောင်းသား၊ ကျောင်းသူတွေအတွက် မျှဝေခြင်းအစီအစဉ်တွေလုပ်ဖြစ်အောင် လုပ်သွားပါမယ်လို့ ဆရာတော်ဘုရားကို ကတိပေးပါတယ်ဘုရား"လို့ ရွှေစာရံဘုရားကြီးကိုသက်သေတည်၊ ပရိသတ်ကို သက်သေတည်၊ ဦးပဥ္စင်းကို သက်သေတည်ပြီး ကတိပေးသွားပြီ မဟုတ်လား။ အခမ်းအနားရဲ့အရှိန်အဝါ၊ အခမ်းအနားရဲ့သြဇာ၊ အခမ်းအနားရဲ့ အစွမ်းသတ္တိ၊ အခမ်းအနားရဲ့ တန်ခိုးက အင်မတန်ကြီးမားပါတယ်။ မမြင်နိုင်တဲ့ စွမ်းရည်သတ္တိတွေ အများကြီးပါ။

ဒါပေမယ့် အခမ်းအနားဆိုတာကတော့ တစ်ခါတစ်ရံမှ လုပ်ရတဲ့အရာမျိုး၊ တစ်ခါတစ်ရံမှ လုပ်ဖြစ်တဲ့အရာမျိုးပါ။ မျှဝေခြင်းဆိုတာ အခမ်းအနားနဲ့မှ မျှဝေရတာမျိုး မဟုတ်ပါဘူး။ အခမ်းအနားပါပါ၊ မပါပါ ကိုယ့်ရှေ့မှောက်ရောက်လာတဲ့ လိုအပ်ချက်ရှိသူတွေကို ကိုယ်စွမ်းနိုင်သမျှ မျှဝေပေးရတာမျိုးပါ။ သူတစ်ပါးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးချင်တဲ့ မေတ္တာစိတ်ဟာ ကြီးကျယ်ခမ်းနားတဲ့ စိတ်ဖြစ်တဲ့အတွက် မေတ္တာစိတ်နဲ့ ပြုလုပ်တဲ့ မျှဝေခြင်းတိုင်းဟာ အရေအတွက်နည်းနည်း၊ များများ ခမ်းနားပါတယ်။ စစ်မှန်တဲ့ မျှဝေခြင်းမှန်သမျှ အခမ်းအနား မလုပ်ပေမယ့် တခမ်းတနား ရှိပါတယ်။

သထုံမှာ ဖြစ်ခဲ့ဖူးတဲ့ အခမ်းအနားမပါတဲ့ တခမ်းတနား မျှဝေခြင်းတစ်ခုကို မျှဝေပေးပါရစေ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ နီးပါး၊ ၁၉၉၀ ပြည့်နှစ်က ဒီသထုံဆေးရုံမှုလစာကျပ် ၁၂၀၀ ရရှိတဲ့ ဆရာဝန်ပေါက်စလေးတစ်ယောက် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ တစ်နေ့တော့ ဆေးရုံကို ရှစ်လသားအရွယ်ရဲ့ ကိုယ်အလေးချိန် ၁၅ ပေါင်ပဲရှိတဲ့ ငါးနှစ်သားအရွယ် ကလေးလူနာတစ်ယောက် ရောက်လာပါတယ်။

သွေးကြောတစ်လျှောက် တီဘီပိုးပျံ့နှံ့နေတဲ့ တီဘီရောဂါသည် အဲဒီကလေးလူနာဟာ ဆေးရုံမတက်ခင် နှစ်လ၊ ဆေးရုံပေါ်ရောက်ပြီး နှစ်လ၊ လေးလဆက်တိုက် အဖျားလုံးဝမကျဘဲ နာတာရှည်ဖျားနေတဲ့သူပါ။ ဆေးကောင်းဝါးကောင်းတွေနဲ့ ဘယ်လိုပဲကုကု အဖျားမကျတဲ့အတွက် ဆရာဝန်လေးက အကြောင်းရင်းကို သေချာဆန်းစစ် အဖြေရှာလိုက်တဲ့အခါ အာဟာရဓာတ်ချို့တဲ့မှုကြောင့်ဆိုတာ တွေ့သွားပါတယ်။ ချို့တဲ့လွန်းလို့ ဆေးရုံကကျွေးတဲ့ ထမင်းဟင်းသက်သက်နဲ့ပဲ မျှတနေရတဲ့ အဲဒီကလေးဟာ ဆေးရုံစာမှာ အသားဟင်းလုံးဝမပါတဲ့အတွက် ပရိုတင်းဓာတ်လုံးဝချို့တဲ့ပြီး ကိုယ်ခံအားအလွန်အမင်း ကျဆင်းနေတာပါ။

ပြင်ပဆေးခန်းလည်း မထိုင်ဖြစ်သေးလို့ ငွေပိုငွေလျှံ လုံးဝမရှိတဲ့ အဲဒီဆရာဝန်လေးဟာ ကိုယ့်မှာရှိတဲ့ငွေလေး လျှော့သုံးပြီး အဲဒီကလေးအတွက် တစ်နေ့ကို ကြက်ဥတစ်လုံးမျှဝေပေးပါတယ်။ အဲဒီတုန်းက ကြက်ဥတစ်လုံးကို ငါးမတ်(တစ်ကျပ်နဲ့တစ်မတ်) ပဲ ကျပါတယ်။ ရက် ၂၀ အကြာ၊ ၂၅ ကျပ်ဖိုး ကြက်ဥအလုံး ၂၀ မျှဝေပြီးတဲ့အချိန်မှာတော့ အရင်က မျှော်လင့်ချက်လုံးဝမရှိတော့တဲ့ မောင်သုညလေးဟာ အသားအရေပြည့်ပြည့်ဖြိုးဖြိုးနဲ့ မောင်ဝလုံးလေး ဖြစ်လာပါတယ်။ နောက်ထပ် ရက် ၂၀၊ ကြက်ဥအလုံး ၂၀ မျှဝေပြီးတဲ့အချိန်မှာတော့ မောင်ဝလုံးလေး ပျော်ပျော်ရွှင်ရွှင်နဲ့ ဆေးရုံဆင်းပြီး အိမ်ပြန်သွားနိုင်ခဲ့ပါတယ်။

ဆရာဝန်လေးကသာ မောင်သုညကို "သူ့ထိုက်နဲ့သူ့ကံပဲ" လို့ ဥပေက္ခာပြုလျစ်လျူရှုထားမယ်ဆိုရင် အခုလို မောင်ဝလုံးဖြစ်လာစရာအကြောင်းမရှိပါဘူး။ ကိုယ့်မှာ မရှိတဲ့ကြားထဲက ကိုယ်စွမ်းနိုင်သမျှလေး မျှဝေပေးခဲ့လို့သာ အသက်မသေဘဲ မောင်ဝလုံး ဖြစ်လာခဲ့ရတာပါ။ ဗြဟ္မစိုရ်တရားလေးပါးက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ အစဉ်အတိုင်းရှိတဲ့အတွက် ဥပေက္ခာကို အဆင့်ကျော်လို့ မရပါဘူး။ ကရုဏာအရင်းခံတဲ့ မေတ္တာနဲ့ သနားကြင်နာပြီး မျှဝေ၊ မုဒိတာအရင်းခံတဲ့ မေတ္တာနဲ့ ဝမ်းမြောက်ဂုဏ်ပြုပြီး မျှဝေ၊ ဘယ်လိုမျှဝေ မျှဝေမတတ်နိုင်တဲ့အဆုံးကျမှသာ ဥပေက္ခာနဲ့ သူ့ထိုက်နဲ့သူ့ကံ လုပ်ရမှာပါ။ ဒါတောင် ကိုယ့်အပေါ် ကောင်းတာ၊ မကောင်းတာ၊ ကျေးဇူးသိတတ်တာ၊ မသိတတ်တာကို လျစ်လျူရှုပြီး မျှဝေပေးတာကို ဥပေက္ခာအရင်းခံတဲ့ မေတ္တာနဲ့မျှဝေတယ်လို့ ခေါ်ပါတယ်။

မောင်ဝလုံးလေး ဆေးရုံက ဆင်းသွားတဲ့နေ့မှာပဲ ဆရာဝန်လေး ဆေးရုံလာ၊ အိမ်ပြန်အသုံးပြုတဲ့ တစ်ပတ်ရစ်စက်ဘီးလေးရဲ့ရှေ့ခြင်းလေးထဲမှာ နီးကြိုးနဲ့ချည်ထုပ်ထားတဲ့ကြက်ဥအလုံး ၂၀ ပါ အညိုရောင် စက္ကူထုပ်တစ်ထုပ်ကို အမည်မသိလူတစ်ယောက် လာထည့်ထားသွားတာ တွေ့လိုက်ရပါတယ်။ ဆရာဝန်လေးရဲ့ မျှဝေခြင်းကို လက်တွေ့မြင်တွေ့လိုက်ရတဲ့ တစ်စုံတစ်ယောက်က ဆရာဝန်လေးကို ပြန်လည်မျှဝေသွားတာပါ။ မျှဝေခြင်းဓာတ်တွေကူးစက်ပြီး မျှဝေခြင်း စက်ဝန်းကျယ်ပြန့်သွားတဲ့ သဘောပါပဲ။ မောင်သုညလို လူနာတွေအတွက် အဲဒီကြက်ဥအလုံး ၂၀ ကို ဆေးရုံက ရေခဲသေတ္တာထဲမှာပဲ ဆရာဝန်လေး သိမ်းဆည်းထားလိုက်ပါတယ်။

အဲဒီဆရာဝန်လေးကတော့ အခုချိန်မှာ "လက်ာရည်ကျော်" ဆိုတဲ့ ကလောင်အမည်နဲ့ ဂန္ထဝင်မြောက် ရသစာပေတွေ ရေးသားနေတဲ့၊ "ဒေါက်တာရဲ" ဆိုတဲ့ ကလောင်အမည်နဲ့ လူထုအကျိုးပြု ဆေးပညာစာပေတွေ ရေးသားနေတဲ့ နှစ်ထပ်ကွမ်း အမျိုးသားစာပေဆုရှင်၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်ကျော်ပဲ ဖြစ်ပါတယ်။

မောင်သုညကနေ မောင်ဝလုံးဖြစ်လာတဲ့အကြောင်းကို ဆရာလက်ာရည်ကျော်ရေးတဲ့ "ယှဉ်ရဲပါ့မလား" ဝတ္ထုတိုမှာ ဖတ်ခဲ့ဖူးတာပါ။ ဦးပဥ္စင်းကတော့ အဲဒီဝတ္ထုတိုကို ကြက်ဥအလုံး ၂၀ ဝတ္ထု သို့မဟုတ် ငါးမတ်တန် ကုသိုလ်ဝတ္ထုလို့ပဲ မှတ်သားထားပါတယ်။ မကြာခဏသတိရပြီး သတိရတိုင်းလည်း ပီတိဖြစ်ရတဲ့ ဝတ္ထုတိုလေးပါ။ အခမ်းအနားမပါတဲ့ တခမ်းတနား မျှဝေခြင်းကို မျှဝေထားတာဖြစ်လို့ မျှဝေခြင်းစိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေတဲ့ ဝတ္ထုတိုကောင်းတစ်ပုဒ်ပါပဲ။

လိုအပ်ချက်ရှိတဲ့ အခြေခံပညာကျောင်းသား ကျောင်းသူတွေအတွက် ကျောင်းဝတ်စုံ၊ ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် ဖြည့်ဆည်းထောက်ပံ့ပေးတဲ့ "မျှဝေခြင်းအစီအစဉ်"ကို လူထုခေါင်းဆောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒကာမကြီး ဒေါ်အောင်ဆန်းစုကြည်က လူထုအစိုးရသစ် တက်တက်ချင်းမှာပဲ လမ်းညွှန်ခဲ့တာပါ။ ရွှေပါရမီကျောင်းသား ကျောင်းသူတွေကလည်း လူထုခေါင်းဆောင် စတင်လမ်းညွှန်တဲ့လမှာပဲ မျှဝေခြင်းအတွက် ပညာသင်ထောက်ပံ့ကြေးထဲက တစ်ယောက်တစ်ထောင်စီ စတင်စုဆောင်းခဲ့ကြပါတယ်။ လစဉ်စုဆောင်းလိုက်တော့ တစ်နှစ်ကြာတဲ့အခါ အခုလို ထိထိ ရောက်ရောက်၊ များများစားစား မျှဝေနိုင်သွားပါတယ်။ စုပေါင်းအင်အားရဲ့ အစွမ်းသတ္တိကတော့ အံ့မခန်းပါပဲ။

မရှိတဲ့ကြားထဲက မျှဝေထားတာမို့ တကယ်မရှိတဲ့သူတွေဆီရောက်သွားအောင် ကျောင်းပေါင်းစုံက အလိုအပ်ဆုံး ကျောင်းသား ကျောင်းသူတွေကို စနစ်တကျ စိစစ်ရွေးချယ်ပေးတဲ့ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ ဝဏ္ဏအောင်သူ၊ သထုံ NLD ရပ်/ကျေးခေါင်းဆောင်များနဲ့ သထုံမြို့နယ် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

လူထုခေါင်းဆောင်ကတော့ လူထုအကျိုးရှိမယ့် လမ်းညွှန်ချက်တွေ၊ ဆုံးဖြတ်ချက်တွေကို အမြဲမပြတ် ချမှတ်ပေးနေမှာပါပဲ။ လူထုခေါင်းဆောင် တစ်ကြိမ်တစ်ခါ ချမှတ်ပေးလိုက်တဲ့ လမ်းညွှန်ချက်တိုင်း၊ ဆုံးဖြတ်ချက်တိုင်းကို လူထုက ပြီးပြီး ပျောက်ပျောက် မေ့မပစ်ဘဲ အစဉ်အမြဲသတိရနေဖို့၊ အစဉ် တစိုက် အကောင်အထည်ဖော်နေဖို့ လိုအပ်ပါတယ်။ ရှားရှားပါးပါးရထားတဲ့ ခေါင်းဆောင်ကောင်းရဲ့ဦးဆောင်မှုနောက်ကို လူထုတစ်ရပ်လုံးက ယုံယုံကြည်ကြည်၊ ထက်ထက်သန်သန်နဲ့ မှန်မှန်ကန်ကန်၊ ဖြောင့်ဖြောင့်တန်းတန်း လိုက်ပါကြမယ်ဆိုရင် ခိုင်မာတဲ့စနစ်ကောင်း နိုင်ငံကောင်းတစ်ခု အမြန်ဆုံးပေါ်ထွန်းလာမှာပါ။

လူတိုင်းမှာ ကိုယ်နေခဲ့တဲ့ ကျောင်း၊ ကိုယ်နေခဲ့တဲ့ မြို့နယ်၊ ကျေးရွာဆိုတာ ရှိပါတယ်။ ဝေးဝေးလံလံမျှဝေခြင်းတွေ မလုပ်နိုင်ရင်တောင် ကိုယ်နေခဲ့တဲ့ကျောင်း၊ ကိုယ်နေခဲ့တဲ့ မြို့နယ်၊ ကျေးရွာရဲ့လိုအပ်ချက်တွေကို ကိုယ်စွမ်းနိုင်သမျှ ဖြည့်ဆည်းပေးတဲ့ လက်တစ်ကမ်းမျှဝေခြင်း၊ နီးစပ်ရာမျှဝေခြင်း၊ တစ်နိုင်တစ်ပိုင်မျှဝေခြင်းလေးတွေကို လူတိုင်းကိုယ်စီ လုပ်ဆောင်သွားကြမယ်ဆိုရင် နေရာဒေသအနှံ့အသီးသီး တိုးတက်သွားတဲ့အတွက် နေရာဒေသတွေ စုပေါင်းထားတဲ့ တစ်နိုင်ငံလုံးလည်း အချိန်တိုအတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်သွားမှာ သေချာပါတယ်။

မျှဝေခြင်းဖြင့် အများအကျိုး ဆောင်နိုင်ကြပါစေ။

မျှဝေခြင်းဖြင့် နိုင်ငံတော်သစ် တည်ဆောက်နိုင်ကြပါစေ။

မျှဝေခြင်းဖြင့် ကုသိုလ်ပါရမီ ဖြည့်ကျင့်နိုင်ကြပါစေ။

မျှဝေစိတ်ထားဖြင့် ...

**[ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့က သထုံမြို့သုဝဏ္ဏဘူမိသာသနာ့ဗိမာန်၌ ကျင်းပသော ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ တက္ကသိုလ်ပညာသင်ဆုရ ရန်ကုန်ကျောင်းသား ကျောင်းသူများက သထုံမြို့နယ်အတွင်းရှိ ကျောင်းနေအရွယ် ညီငယ်၊ ညီမငယ်များထံသို့ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ပုံပြင်စာအုပ်၊ စက်ဘီးများ ကိုယ်တိုင်ကိုယ်ကျ မေတ္တာလက်ဆောင်ပေးအပ်သည့် မျှဝေခြင်းအခမ်းအနား၌ ဟောကြားအပ်သော အနုမောဒနာတရား ကောက်နုတ်ချက်။ ]**

**(ယခုဆောင်းပါးအား ၂၀-၈-၂၀၁၇ ရက်နေ့ထုတ် *The Global New Light of Myanmar* သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)**

# အိမ်ရာလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည့် ကျန်စစ်မင်းအိမ်ရာစီမံကိန်း

■ သတင်း-သော်တာနမ့်စန် ၊ ဓာတ်ပုံ-ဇွဲမာန်



ဆောက်လုပ်ပြီး ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁)နှင့် ဆောက်လုပ်ဆဲအပိုင်း (၂)

ရန်ကုန်တိုင်းဒေသကြီးတွင် တန်ဖိုးသင့်အိမ်ရာများကို ဖော်ဆောင်လျက်ရှိရာ လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းမကြီးထောင့် ရုံးထိပ်မှတ်တိုင်အနီးတွင် တည်ဆောက်လျက်ရှိသည့် ကျန်စစ်မင်းအိမ်ရာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျန်စစ်မင်းအိမ်ရာကို ဆောက်လုပ်ရေးကုမ္ပဏီများဖြင့် အပိုင်း(၁)၊ အပိုင်း(၂) ခွဲ၍ တည်ဆောက်လျက်ရှိရာ ယခုအခါ အပိုင်း(၁)အိမ်ရာများပြီးစီးလျက်ရှိသည်။ တစ်ဆက်တည်းရှိသော အပိုင်း(၂)အိမ်ရာကိုလည်း ပြီးခဲ့သည့်မေလအတွင်းက စတင်အကောင်အထည်ဖော်ခဲ့သည်။ အပိုင်း(၁)၏ စီမံကိန်းမြေဧရိယာ အကျယ်အဝန်းမှာ ၇၂ ဒသမ ၁၀၅ ဧကဖြစ်သည်။ အပိုင်း(၁)အိမ်ရာတွင် ခြောက်ခန်းတွဲ သုံးထပ် ၁၀၀၀ စတုရန်းပေသုံးလုံး အခန်းပေါင်း ၅၃ ခန်း၊ လေးခန်းတွဲ ငါးထပ် ၆၅၀ စတုရန်းပေ ၂၇ လုံး အခန်းပေါင်း ၅၄၀ ၊ ရှစ်ခန်းတွဲငါးထပ်(၄၈၄/၅၂၂)စတုရန်းပေ ၂၀ လုံး အခန်းပေါင်း ၈၄၀ ၊ ခြောက်ခန်းတွဲငါးထပ် ၄၆၈ စတုရန်းပေ ၁၆ လုံး အခန်းပေါင်း ၄၈၀ နှင့် ၁၂ ခန်းတွဲငါးထပ် (RC) ၃၂၄ စတုရန်းပေ ၂၀ လုံး အခန်းပေါင်း ၁၂၆၀ စသည်ဖြင့် စုစုပေါင်းတိုက် ၈၈ လုံးနှင့် အခန်းပေါင်း ၃၁၇၄ ခန်းကို တည်ဆောက်ထားပြီး အချို့တိုက်ခန်းများကို ဆက်လက်တည်ဆောက်လျက်ရှိသည်။

အပိုင်း(၁)နှင့်တစ်ဆက်တည်းဖြစ်သော အပိုင်း(၂)မြေဧရိယာတွင် ဆောက်လုပ်ရေးကုမ္ပဏီ ၁၈ ခုက တိုက်ခန်းပေါင်း ၇၀ ကို တည်ဆောက်လျက်ရှိရာ မိုးရာသီတွင် ဆောက်လုပ်ရေးလုပ်ငန်းများ အခက်အခဲရှိနိုင်သော်လည်း လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြသည်။ လက်ရှိတည်ဆောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းခွင်၌ တာဝန်ယူကြီးကြပ်နေသူတို့၏ ရင်ဖွင့်စကားသံများကိုလည်း ဤသို့ကြားသိခဲ့ရသည်။

အိမ်ရာဆောက်လုပ်ရေး တာဝန်ခံအင်ဂျင်နီယာဦးမြင့်အောင်က “ကျွန်တော်တို့ ဖွံ့ဖြိုးအောင်ကုမ္ပဏီကဆောက်တာ ခြောက်လပိုင်းက စတာပါ။ လေးထပ်ခွဲတိုက်ရှစ်လုံး တာဝန်ယူထားပါတယ်။ ရှော့(ပ်)ဟောက်(စ်)ပေါ့လေ။ အခုနှစ်လုံးကို စဆောက်နေပါပြီ။ ရှော့(ပ်)ဟောက်(စ်)ပုံစံမှာ ထမင်းစားခန်း၊ အိပ်ခန်းသုံးခန်းနဲ့ ဧည့်ခန်းပါမယ်၊ ရေချိုးခန်းနဲ့ Toilet ပါမယ်၊ ကော်ရစ်ဒါလည်းပါမယ်။ ဒီနှစ်တည်ဆောက်ရေးလုပ်ငန်းက သဲဈေး၊ ကျောက်စရစ်ဈေးတက်တာကို ကြုံရတယ်။ သံဈေးပါတက်လာတယ်။ကျောက်စရစ်တစ်ကျင်းကို ငွေကျပ်တစ်သိန်းနှစ်သောင်းဖြစ်သွားတယ်။ တည်ဆောက်ရေးသဲကြမ်းက တစ်ကျင်း ငွေကျပ်တစ်သောင်းခွဲနဲ့ သဲနုကတစ်ကျင်းကို ငွေကျပ်ကိုးထောင်၊ နုန်းသဲကတစ်ကျင်း ငွေကျပ်ခြောက်ထောင်ရှိတယ်။ ဒိုင်ကို သွားသယ်ရတဲ့ဈေးတွေပါ။ မိုးရွာပေမယ့် တည်ဆောက်ရေးကတော့ လုပ်လို့ရတဲ့ အပိုင်းမှန်သမျှ လုပ်ဆောင်ရပါတယ်” ဟု ပြောသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ဖြစ်သော အင်းကလိုင်ကွင်းတွင် ဆေးရောင်ခြယ်သထားသည့် အိမ်ရာအဆောက်အအုံတို့မှာ စက်မှုမြို့၏အလှကို ပံ့ပိုးဖော်ဆောင်သည့်ပမာ မိုးဖွဲဖွဲနှင့်အတူ လှပလျက်ရှိသည်။အဆောက်အအုံများတစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည့်အတွက် သန့်ရှင်းလတ်ဆတ်သော လေကိုရှူရှိုက်ခွင့်နည်းပါးလာသော ဤစက်မှုမြို့တွင် ဤအိမ်ရာကွင်းအတွင်း ပေါ့ပါးလန်းဆန်းစွာတိုက်ခတ်နေသော လေပြည်လေညင်းတို့က အိမ်ရာနေထိုင်သူတို့၏ကျန်းမာရေးကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်သည်။

မြန်မာမိတ်ကာဟုမ်း ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျာ ဦးမြင့်ထွန်းဦးက “ဆောက်လုပ်ရေးကို မေ ၁၅ ရက်က စခဲ့တာပါ။ တိုက်သုံးလုံးတာဝန်ယူထားတာ အခုနှစ်လုံး ဆောက်နေပါပြီ။ နှစ်ခန်းတွဲ ငါးလွှာကို ဆောက်နေတာပါ။ မိုးတွင်းကာလဆိုတော့ ဖောင်ဒေးရှင်းကို နှစ်လကြာအောင် တူးရတယ်။ ရွှံ့နွံဆယ်လိုက် မိုးရွာလိုက်နဲ့ လူအား၊ စက်အားသုံးပြီး လုပ်ရတာ။ ဒီနေ့ထိ ကုမ္ပဏီကစိုက်သုံးတာ ငွေကျပ်သိန်းတစ်ထောင်နီးပါးရှိပြီ။ ကျွမ်းကျင်လုပ်သားရှားပါးလို့ လုပ်သားကို ထိန်းထားရတယ်။ ကျွမ်းကျင်လုပ်သားဟာ အဆောက်အအုံတိုင်းရဲ့ အသက်ပဲ။ လုပ်ခကို ၁၅ ရက်တစ်ခါရှင်းပြီး သံချည်သံကွေးခေါင်းဆောင်ကို တစ်ရက်လျှင် ငွေကျပ်တစ်သောင်းခွဲ၊ ပန်းရန်ဆရာကို ငွေကျပ်တစ်သောင်း၊ သံလက်ကိုင်ကို ငွေကျပ်တစ်သောင်း၊ အလုပ်ကြမ်းသမားကို ငွေကျပ်ရှစ်ထောင်နဲ့ ရှင်းပေးရတယ်။ ညပိုင်းမှာ အိမ်ရာဝင်းထဲကို ရဲတပ်ဖွဲ့လှည့်ကင်းရှိလို့ လုံခြုံရေးက အဆင်ပြေပါတယ်” ဟု ပြောသည်။

ကျန်စစ်မင်းအိမ်ရာတည်ဆောက်ရေးအပိုင်း(၁)ရှိ အဆောက်အအုံများ တည်ဆောက်ဆဲကာလဖြစ်၍ မည်သည့်အဖွဲ့အစည်းကိုမှ ခွဲတမ်းချပေးခြင်း၊ ရောင်းချပေးခြင်းမရှိကြောင်း အသိပေးအပ်ပါသည်ဟု ကြေညာထားသည်ကိုတွေ့ရပြီး ရပ်ကွက်ရုံးဈေး၊ ဓမ္မာရုံ၊ စီမံခန့်ခွဲရေးရုံး၊ နေ့ကလေးထိန်းကျောင်း၊ ရေစက်ရုံတို့ပါရှိကာ အပိုင်း(၂)တွင် တစ်ဧကခန့်အကျယ်ရှိသည့် ဓာတ်အားခွဲရုံနှင့် ပန်းခြံပါရှိသည်။

ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၁)၊ အပိုင်း(၂)တည်ဆောက်ရေးတွင် စီမံကိန်းတာဝန်ခံများထားရှိပြီး ကျန်စစ်မင်းအိမ်ရာ၏ ဝင်ပေါက် ထွက်ပေါက်ထိပ်တွင် ကျန်စစ်သားလမ်းမကြီးရှိ၍ လမ်းမကြီးတစ်ဖက်ခြမ်းတွင် ထီးလှိုင်ရှင်အိမ်ရာရှိရာ နေအိမ်တိုက်ခန်းအချို့တွင် အိမ်ပိုင်ရှင်အချို့နှင့် အိမ်ငှားများနေထိုင်သည်ကို တွေ့ရသည်။ ထီးလှိုင်ရှင်အိမ်ရာအနောက်ဘက်ချောင်းဘေးတွင် ကျူးကျော်အိမ်ရာများ စီစီရီရီ ဆောက်လုပ်နေထိုင်သည်ကိုလည်း တွေ့ရသည်။ အိမ်ရာနှစ်ခုကို ကျန်စစ်သားလမ်းမကြီးက ပိုင်းခြားထားပြီး ရန်ကုန်-ညောင်တုန်းကားလမ်းမကြီးအနီးတွင် တည်ရှိသည့်အတွက် အောင်ဇေယျကြိုးတံတားမှဖြတ်၍ အင်းစိန်မြို့နယ်သို့ သွားလာနိုင်သည့်အပြင် ရန်ကုန်-ပုသိမ်လမ်းမကြီးကိုလည်း ဘုရားလမ်းမှဖြတ်ကာ ဘုရင့်နောင် အမှတ်(၁)၊ အမှတ်(၂)တံတားမှ သမိုင်းလမ်းဆုံသို့သွားလာနိုင်သောကြောင့် ကျန်စစ်မင်းအိမ်ရာသည် သွားလာရေး အဆင်ပြေချောမွေ့သော အိမ်ရာဖြစ်သည်။ ထို့အပြင် ကျန်စစ်သားလမ်းမကြီးအတိုင်း ရွှေပြည်သာတံတားကိုဖြတ်၍ တညင်းကုန်းလမ်းစုံနှင့် မင်္ဂလာဒုံမြို့နယ်သို့လည်း လွယ်ကူစွာ သွားလာနိုင်သောနေရာလည်း ဖြစ်သည်။

လှိုင်သာယာသည် ရောဝတီတိုင်းဒေသကြီးအတွက် တံခါးပေါက်ဖြစ်သည့်အပြင် မြန်မာပြည်၏ အကြီးမားဆုံးစက်မှုဇုန်တည်ရှိရာ မြို့နယ်ဖြစ်၍ မြို့ခံလူထုနှင့် ရွှေ့ပြောင်းနေထိုင်သူတို့ဖြင့် စည်ကားသောမြို့နယ်ဖြစ်သည်။ မြေရာကျူးကျော်နေထိုင်မှုအများဆုံးရှိရာမြို့နယ်ဖြစ်၍ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက မြေရာပြဿနာဖြေလျှော့စေမည့်အပြင် မှုခင်းဖြစ်ပွားမှုကို သိသာစွာလျှော့ကျစေမည်ဖြစ်သည်။

ယခုတည်ဆောက်နေသော ကျန်စစ်မင်းအိမ်ရာတွင်လည်း အိမ်ရာလျှောက်ထားသူများကိုယ်တိုင် နေထိုင်ခြင်းမရှိဘဲ စက်ရုံအလုပ်သမားများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ရွှေ့ပြောင်းနေထိုင်သူတို့ကိုသာ ပြန်လည်ငှားရမ်းပါက အိမ်ရာအဆောက်အအုံနှင့်ပတ်ဝန်းကျင်ဧရိယာများ ပျက်စီးလာပြီး အိမ်ရာ၏အင်္ဂါကိုပါ ထိခိုက်လာမည်ဖြစ်ရာ အမှန်တကယ် အိမ်ရာလိုအပ်သော ပြည်သူများသာနေထိုင်ရန် လိုအပ်မည်ဖြစ်သည်။ ဝန်ထမ်းလစာဖြင့် အိမ်တစ်ခန်းပိုင်ဆိုင်နိုင်ရန် သင့်လျော်သောဈေးနှုန်း၊ အရစ်ကျဖြင့်လည်းကောင်း ၊ အခြေခံပြည်သူတို့ဝယ်ယူနိုင်သောဈေးနှုန်းဖြင့် အမှန်တကယ် နေထိုင်သူတို့အတွက် ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း မြို့ပြ၏မွန်းကျပ်မှုကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# လမ်းမတော်မြို့နယ်အတွင်း လမ်းဘေးဝဲယာများရှင်းလင်း ယာဉ်ရပ်နားရန်နှင့် သွားလာရန်အတွက် ယခင်ထက်လွယ်ကူလာ

ရန်ကုန် ဩဂုတ် ၁၉

လမ်းမတော်မြို့နယ်အတွင်း ဗိုလ်ချုပ်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဇော်ဂျီလမ်း ဝဲယာ တစ်လျှောက်တွင်ရှိနေသော ဈေးဆိုင်တန်းများ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းမှစ၍ ရှင်းလင်းသွားပြီဖြစ်ကြောင်း သိရသည်။

လမ်းမတော်မြို့နယ် ၁၆ လမ်းအတွင်း ဝဲယာနှင့် လမ်းထိပ်နှစ်ဖက်စလုံးတွင် အများပိုင်မြေပေါ် ကျူးကျော်နေခြင်းကို ဩဂုတ် ၉ ရက်က သက်ဆိုင်ရာက ရှင်းလင်းပေးခဲ့ပြီးနောက် အထက်ပါနေရာရှိ ဈေးရောင်းချနေသူများအား ဖယ်ရှားပေးရန် ဆိုင်ရှင်များကို ဩဂုတ် ၁၆ ရက်က လမ်းမတော်မြို့နယ် စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံပြောကြားခဲ့သည်ဟု ယင်းရုံးမှ မြို့နယ်လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

ဈေးဆိုင်တန်းများ ဖျက်သိမ်းရှင်းလင်းရာမှ ထွက်ပေါ်လာသော အမှိုက်များကို သန့်ရှင်းရေးဝန်ထမ်းအင်အား အများအပြားက အမှိုက်သယ်ယာဉ်များဖြင့် ရှင်းလင်းနေပြီး မြေသားများပါ ပြုပြင်ဆောင်ရွက်နေရာ ဩဂုတ် ၂၀ ရက်တွင် မြင်ကွင်းများရှင်းလင်းသွားမည်ဟု ဝန်ထမ်းတစ်ဦးက ဆိုသည်။

လမ်းမတော်မြို့နယ်အတွင်း ယမန်နှစ်ကုန်ပိုင်းက အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းဆုံမှ ကျုံးကြီးမြောင်းအထိ ဝါးတန်းလမ်းဘေးရှိ နံနက်ပိုင်းဈေးတန်းကို ရှင်းလင်းခဲ့ရာ ယာဉ်များရပ်နား၍ ရလာခဲ့သည်။

လမ်းမတော်မြို့နယ် လမ်းများအတွင်း အများပိုင်နေရာများတွင် ကျူးကျော်အသုံးချနေခြင်းများကို ဖယ်ရှားရှင်းလင်းခဲ့ခြင်းကြောင့် ယာဉ်ရပ်နားသွားလာမှုများ လွယ်ကူလာသည်။

ခင်ဆိုင်



* ကျောဖုံးမှ

အရှေ့တောင်အာရှဖြစ်ပြီး အပူပိုင်းဒေသနှင့် အာဖရိကဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်သည်။

ချင်းပြည်နယ်၌ ဝဥကို မေလနှင့် ဇွန်လများတွင် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် တူးဖော်လှီးဖြတ်ကြသည်။ တောထဲတွင် အလေ့ကျ ပေါက်ရောက်သည်ကို စနစ်တကျ ပျိုးထောင်စိုက်ပျိုးသူများ များပြားလာခဲ့သည်။ ဝဥတွင် အဖြူ၊ အနီ၊ အဝါ သုံးမျိုးရှိပါသည်။ ချင်းပြည်နယ်ထွက် ဝဥမှာ အရည်အသွေး ကောင်းမွန် သဖြင့် ဈေးကွက်တွင် အကြိုက်များကြောင်း သိရသည်။

ဝဥမှာ ကာလတိုတိုဖြင့် ငွေရလွယ်ကူသဖြင့် ချင်းပြည်နယ်၏ စံပြရွာသုံးရွာဖြစ်သည့် မင်းတပ်မြို့နယ်ရှိ ဟီးလောင်ရှား၊ ကန်ပက်လက်မြို့နယ်ရှိ အုတ်ဖိုနှင့် ရယ်လောင်ပန်းရွာများတွင် အကြီးအကျယ် အောင်မြင်လျက်ရှိကြောင်း သိရသည်။

ဂျပန်သို့တင်ပို့နေသော မြန်မာကုမ္ပဏီမှ ပညာရှင်တစ်ဦး၏ပြောကြားချက်အရ ဝဥ အခြောက်ပြုလုပ်ရန် အသေးစိတ်လိုက်နာရမည့် လုပ်ငန်းစဉ်များရှိပြီး ချင်းတောင်မှ တောင်သူများက လိုက်နာရန်ခက်ကြောင်း၊ ဥပမာ လှီးပြီး ၂၄ နာရီအတွင်း မီးသွေးဖိုတွင် ကန့်မှုတ်ကင်ပေးမှ အာလူး၊ ခရမ်းသီးကဲ့သို့ မည်းလာသည့် အခြေအနေကို ကာကွယ်နိုင်မည်ဖြစ်ကာ ဝဥခြောက် ဖြူဖြူဖွေးဖွေးကို ရမည်ဖြစ်ပြီး အမှုန့်အရောင်လှမည်။ ဂျပန်ကြိုက် အရည်အသွေးရမည်။ ဈေးနှုန်းချင်းအတူတူ တရုတ်ကတော့ မည်းချင်မည်း ထူချင်ထူ နေလှန်းခြောက်စစ်စစ်နှင့် သဘာဝစစ်စစ်ဖြစ်ရင်ပြီးရောဆိုတော့ တောင်သူများ အလုပ်ရှုပ်သက်သာသဖြင့် ပိုအကြိုက်တွေ့နိုင်ကြောင်း ပြောသည်။

ဝဥပန်းရောင်မျိုးကို တောထဲကရှာပြီး ဝဥပင် အသီးက မျိုးပွားနည်း၊ အဖူးက ထွက်ရှိသော အသီးမှ မျိုးပွားနည်းများနှင့် ဥမှ မျိုးပွားနည်းဟူ၍ နည်းသုံးနည်းဖြင့် စိုက်ပျိုးကြသည်။ ဝဥရှင်သန်ချိန်တွင် မတူးဖော်ရပါ။ အပင်ကျသွားချိန်ကျမှ တူးဖော်ရသည်။

ဝဥကို ဇွန်လတွင် စတင်စိုက်ပျိုးကာ နိုဝင်ဘာ၊ ဒီဇင်ဘာ အပင်ကျချိန်တွင် ဝဥကိုဖော်ပြီး အထူအပါး ညီစေရန် ရွှေပေါ်ခုံကဲ့သို့ ပြုလုပ်ထားသည့် ခြစ်ခုံပေါ်တွင် အပြားညီအောင် ခြစ်ယူပြီး နောက်နှစ်ရက်ခန့် အခြောက်လှန်းပြီး ရောင်းချရကြောင်း၊ အထူးသဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနိုင်ငံများမှ အစားအသောက် ပြုလုပ်ရန်နှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ ပြုလုပ်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

“ဝဥစိုက်ပျိုးတဲ့အခါ တစ်တန်းတည်း လေးပင်ခြား၊ တစ်ပင်နှင့်တစ်ပင် နှစ်ပေခြား စိုက်ပျိုးပြီး စိုက်ပျိုးတဲ့အခါမှာ နွားချေးမြေဩဇာကိုသာ အသုံးပြုပါတယ်။ လိမ္မော်နှင့် ကမ္ဗလာကြားတွင်လည်း သီးညှပ်အဖြစ် ရောနှောစိုက်ပျိုးနိုင်ပါတယ်။ မျိုးအနေနဲ့ကတော့ ဥ အရောင် အဖြူ ၊ အနီ၊ အဝါ သုံးမျိုးရှိပါတယ်။ အနီမျိုးက အကောင်းဆုံးပါ။ အစိုလေးပိဿာကို အခြောက်တစ်ပိဿာတင်ပါတယ်။ အဝါမျိုးကို ဝတုံ လုပ်စားကြပါတယ်၊ ခုနစ်ပိဿာမှ တစ်ပိဿာတင်ပါတယ်။ စိုက်မယ်ဆိုရင် ဥကြီးကို စိတ်ပြီး စိုက်တာ၊ ရွက်ကြား ဥလေးတွေစိုက်တာနှင့် အသီးကနေ စိုက်တာတို့များပါတယ်”ဟု ဝဥစိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

ယခုအခါ ဝဥခြောက် လုပ်ငန်းများတွင်ကျယ်လာသဖြင့် စိုက်ခင်းများဖြင့် စိုက်ပျိုးလာသလို ဝဥတူးဖော်ရောင်းချသူများ များပြားလာကြောင်း သိရသည်။ စိုက်ပျိုးသော ဝဥများတွင် မြေဆီမြေနှစ်ကောင်းလျှင် ကောင်းသလို တစ်ပိဿာမှ တစ်ဆယ့်သုံးပိဿာအထိ ထွက်ရှိသည်ဟုသိရသည်။ အလေ့ကျပင်ပေါက်မှာမူ ဥတစ်လုံးလျှင် ငါးကျပ်သားမှ ရှစ်ဆယ်သားအထိ ထွက်ရှိကြောင်း သိရသည်။

တစ်ဧက စိုက်ပျိုးစရိတ်မှာ ငွေကျပ်သုံးသိန်းမှ ငါးသိန်းအထိ ကုန်ကျပြီး တစ်ဧက တစ်နှစ်ပျမ်းမျှအထွက် ဝဥအစိုပိဿာ ၃၀၀၀ မှ ၅၀၀၀ထိ ထွက်ရှိပြီး တောင်သူတစ်ဦးအနေဖြင့် တစ်ဧကစိုက်ပျိုးပါက တစ်နှစ်ဝင်ငွေ ကျပ် ၁၅ သိန်းနှင့်အထက် ရရှိနိုင်ကြောင်း သိရသည်။

# ရာသီတုပ်ကွေးရောဂါလက္ခဏာဖြင့်ပြသသူ နိုင်ငံတစ်ဝန်း၌ ၇၇၃ ဦးရှိ ဓာတ်ခွဲအတည်ပြု H1N1 ဖြစ်ပွားသူ ၂၈၈ ဦးရှိပြီး သေဆုံးသူ ထပ်မံမတိုး

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့တွင် နိုင်ငံတစ်ဝန်း၌ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၇၃ ဦးရှိသဖြင့် ယမန်နေ့ကထက် ၂၆ ဦးပိုလာခဲ့ပြီး Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ခြောက်ဦး ထပ်မံတိုးလာသော်လည်း ဓာတ်ခွဲအတည်ပြု သေဆုံးသူတိုးလာခြင်းမရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရှိရသည်။

ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) သံသယလူနာ ၂၆ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ခြောက်ဦး တွေ့ရှိခဲ့ရပြီး ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လတ်တလောပြင်းထန် သက်ရှူလမ်းကြောင်းပိုးဝင် ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A(H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၁၈ | ၁၄ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂ | ၁၅ | ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂၂ | ၁၆ | ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၈ | ၃၈ | ၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၂ | ၁၄ | ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂၀ | ၁၆ | ၂ |
| ၁၀ | မွန်ပြည်နယ် | ၁၂ | ၆ | ၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၈ | ၃ | ၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၆၀ | ၈၃ | ၇ |
| ၁၃ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၂ | ၃ | ၀ |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆ | ၃ | ၁ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၈၀ | ၃၇ | ၁၁ |
| ၁၇ | နေပြည်တော် | ၂၂ | ၁၇ | ၀ |
| | **စုစုပေါင်း** | **၇၇၃** | **၂၈၈** | **၂၉** |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၂၀ ရှိကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့လူနာအဖြစ် အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် အတွင်းလူနာသုံးဦးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများတွင် အတွင်းလူနာ ၃၀၊ စုစုပေါင်း ၃၃ ဦး ဆက်လက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်သဖြင့် ဆေးရုံဆင်းလူနာ ၁၉၀ နှင့် ပြင်ပလူနာအဖြစ်ပြသသူ ၁၆ ဦးရှိခဲ့ကြောင်း ယနေ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၃၆၀၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၈၃ ဦးနှင့် သေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရှိရ

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာ ၃၆၀၊ H1N1 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၈၃ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ခုနစ်ဦးရှိကြောင်း ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီသတင်းအရ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် ဆေးရုံတက်ရောက်ကုသနေသော လူနာလေးဦးရှိပြီး ဩဂုတ် ၁၈ ရက်တွင် ဆေးရုံဆင်းလူနာမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံရွာပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသော H1N1 လူနာရှစ်ဦး ဩဂုတ် ၁၈ ရက်က ဆေးရုံဆင်းခွင့်ပြု၊ နောက်ထပ်သံသယလူနာ ငါးဦး ထပ်ရောက်လာ

**မုံရွာ ဩဂုတ် ၁၉**

မုံရွာမြို့ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသော H1N1 လူနာရှစ်ဦးကို သက်သာပျောက်ကင်းသည့်အတွက် ဩဂုတ် ၁၈ ရက်က ဆေးရုံဆင်းခွင့် ပြုလိုက်ပြီဖြစ်ကြောင်း မုံရွာဆေးရုံအုပ်ကြီး ဒေါက်တာ အေးငြိမ်း၏ အတည်ပြုပြောကြားချက်အရ သိရသည်။

"မုံရွာဆေးရုံမှာ တက်ရောက်ကုသနေတဲ့ H1N1 လူနာရှစ်ဦးကို ဩဂုတ် ၁၈ ရက်မှာ သက်သာပျောက်ကင်းတဲ့အတွက် ဆေးရုံက ဆင်းခွင့်ပြုလိုက်ပါပြီ။ ရောဂါပိုးလည်း ပျောက်ကင်းပြီဆိုတော့ ဆေးရုံကြီးက ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီး ဆေးရုံဆင်းခွင့်ပြုလိုက်တာပါ" ဟု ဒေါက်တာ အေးငြိမ်းက ပြောသည်။

မုံရွာဆေးရုံကြီးမှ ရောဂါသက်သာပျောက်ကင်း၍ ရှစ်ဦးဆင်းအပြီးတွင် ယင်းနေ့၌ပင် H1N1 သံသယ ငါးဦး ထပ်မံရောက်ရှိလာ၍ ၎င်းတို့၏ နှာခေါင်းတို့ဖတ်များကို ရန်ကုန်မြို့သို့ပေးပို့ထားရကြောင်း ဆေးရုံအုပ်ကြီးက ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရေးမြို့နယ် မင်းလှ အလက (ခွဲ)၌ ကျောင်းသားများ ဖျားနာမှုဖြစ် ကျန်းမာရေးစစ်ဆေးရာ ရိုးရိုးတုပ်ကွေးဖြစ်ကြောင်းသိရ

**ရေး ဩဂုတ် ၁၉**

မွန်ပြည်နယ် ရေးမြို့နယ် နှင်းစုံကျေးရွာအုပ်စု မင်းလှကျေးရွာရှိ အ.မ.က(ခွဲ) ကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၉ ဦးအနက် ၁၆ ဦး အဖျားရှိနေကြောင်း မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ဩဂုတ် ၁၉ ရက် ည ၇ နာရီက တင်ပြလာခဲ့ကြောင်း သိရသည်။

မင်းလှကျေးရွာ အ.မ.က(ခွဲ) ကျောင်းသို့ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ လက်ထောက်ပညာရေးမှူး၊ ကျောင်းရွာတိုက်နယ်ဆေးရုံမှ ကျန်းမာရေးမှူးနှင့် နှင်းစုံကျေးရွာ အုပ်ချုပ်ရေးမှူးတို့ သွားရောက် စစ်ဆေးရာ ရိုးရိုးရာသီတုပ်ကွေးရောဂါသာဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉**

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် သုံးပေခန့်နှင့် ဖောင်းပြင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် နှစ်ပေခန့်နှင့် ဖောင်းပြင်မြို့တွင် ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။ ထို့အပြင် မော်လိုက်မြို့တွင် လေးပေခွဲခန့်၊ ကလေးဝမြို့နှင့်မင်းကင်းမြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ပေဝက်ခန့်စီ ဆက်လက်မြင့်တက်နိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်မြင့်တက်နိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**(မိုး/ဇလ)**

# ယနေ့ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲကြီးတွင် ရွှေတံတောင်ဆုနှင့် ရွှေဒူးပျံဆုများရွေးချယ်ချီးမြှင့်ပေးမည်

**ရန်ကုန် ဩဂုတ် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကျင်းပသော နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ကိုယ်ခံပညာပေါင်းစုံ ချန်ပီယံများ လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲကြီး **ကို(ယနေ့)** ဩဂုတ် ၂၀ ရက် ည ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံ အားကစားရုံ(၁)၌ ကျင်းပမည်ဖြစ်ရာ ရိုးရာလက်ဝှေ့ နည်းစနစ်ပိုင်းဆိုင်ရာ တိုးတက်စေရန်အတွက် ရွှေတံတောင်ဆုနှင့် ရွှေဒူးပျံဆုများကို ရွေးချယ်ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီညကျင်းပမယ့် ဒုတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲကြီးမှာ ရွှေတံတောင်ဆုနှင့် ရွှေဒူးပျံဆုများ ရွေးချယ်ချီးမြှင့်ပေးတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ရိုးရာလက်ဝှေ့ နည်းစနစ်ပိုင်းဆိုင်ရာနဲ့ တိုက်ခိုက်မှုအပိုင်းတွေမှာ မြင့်မားစေဖို့ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေ ယှဉ်ပြိုင်ထိုးသတ်တဲ့ အခါမှာ အထူးသဖြင့် တံတောင်၊ ဒူးတို့နဲ့ တစ်ဖက်ပြိုင်ဘက်ကို အလဲထိုးယှဉ်ပြိုင်မှုအပေါ်မှာ အထူးဂရုပြုရွေးချယ်သွားမှာပါ" ဟု အဆိုပါ ဒုတိယအကြိမ် ကမ္ဘာ့ချန်ပီယံလုပွဲကြီး ဖြစ်မြောက်ရန် ဦးဆောင်စီစဉ်ခဲ့သော ဦးမာဂျေက ပြောသည်။

အဆိုပါ ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲ၌ ထိုင်း၊ နယူးဇီလန်၊ ဘရာဇီး၊ ပြင်သစ်၊ အီရန်၊ အမေရိကန်၊ ကော်စတာရီကာနှင့် အိမ်ရှင်မြန်မာ နိုင်ငံတို့မှ လက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စုစုပေါင်း ငါးချီတွဲဆိုင်း ရှစ်ဆိုင်း ပါဝင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ဒေါင်းဖြူလေး (Adventure) နှင့် စိုးဝင်းသန်း (ရန်စစ်ငြိမ်း)၊ ရဲသွေးနီ (မြန်မာ)နှင့် ဂွန်ထယ်(ထိုင်း)၊ ထွန်းလွင်မိုး(မြန်မာ) နှင့် အယ်လက်ဇီ ဆာရီပီစို့(စ်) (နယူးဇီလန်)၊ သားအသည်းတစ်ပွင့် (မြန်မာ)နှင့် ဗစ်တာဟူဂိုနူး(စ်) (ဘရာဇီး)၊ ဖျံသွေး(မြန်မာ)နှင့် ဆီဘတ်(စ်) တီယန်ဘီးလာ့(ဒ်)(ပြင်သစ်)၊ စောဂေါ် မူဒို (မြန်မာ)နှင့် ဟာဒီ (အီရန်)၊ ဒေ့(ဗ်)လက်ဒပ် (ကနေဒါ) နှင့် ဆိုင်းရပ်(စ်)အမေရိကန်တို့ ပါဝင်ကြမည်ဖြစ်ပြီး အမျိုးသမီး အထူးစိန်ခေါ်ပွဲအဖြစ် ဘရောနီကာ (မြန်မာ)နှင့် မော်နီကာဘာနီး(စ်)မီနာ (ကော်စတာရီကာ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။




ယနေ့ပွဲတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ရိုးရာလက်ဝှေ့ ဝါသနာရှင် ပြည်သူများ ကြည့်ရှုအားပေးနိုင်ရန် MWD (Documentary)နှင့် SKY Net (Sports) ရုပ်သံလိုင်းတို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**

**မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲ၌ ချီးမြှင့်ပေးမည့် ရွှေတံတောင်ဆု၊ ရွှေဒူးပျံဆုနှင့် ရွှေခါးပတ်များကို တွေ့ရစဉ်**

ဓာတ်ပုံ- မင်းထက်

# မျက်စိဝေဒနာရှင်များအား ၁၁ ကြိမ်မြောက် အခမဲ့ဆေးကုသပေးမည်

**ကလေး ဩဂုတ် ၁၉**

ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ၏ စီစဉ်မှုဖြင့် စစ်ကိုင်းတောင်ရိုး သီတဂူသာသနာပြုအဖွဲ့ကကြီးမှူးကာ ကလေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကလေးမြို့ သီတဂူအာရောဂျဒါနဆေးရုံတော်၌ ကောဒသမအကြိမ်မြောက် အခမဲ့စမ်းသပ်ကုသမှုများ ဩဂုတ် ၂၈ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ သီတဂူအာယုဒါနဆေးရုံတော်မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် အငြိမ်းစားပါမောက္ခ(ငြိမ်း) ဒေါက်တာမြအောင်နှင့် ဒေါက်တာမိမိခင်တို့ ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့က ကုသပေးမည်ဖြစ်ပြီး မျက်စိရောဂါ စစ်ဆေးလိုသူများအနေဖြင့် ဩဂုတ် ၂၂ ရက်နေ့မှစတင်၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ အထူးကုဆရာဝန်ကြီးများက မျက်စိစမ်းသပ်ကုသခြင်းကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွဲစိတ်ကုသခြင်းကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သီတဂူ အာရောဂျဒါန ဆေးရုံတော်တွင် ပထမအကြိမ်မှ ဒသမအကြိမ်အထိ မျက်စိအခမဲ့ကုသပေးမှုများ၌ ဝေဒနာရှင်ပေါင်း ၉၆၄၈ ဦးအား စစ်ဆေးစမ်းသပ်ပေးနိုင်ခဲ့ပြီး ၂၀၈၇ ဦးတို့အား ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ မျက်စိကုသခံယူသောလူနာများတွင် တစ်မိသားစုတည်းမှ မျက်စိဝေဒနာရှင်လေးဦး ပါရှိပြီး ဝေဒနာရှင်လေးဦးစလုံး စက္ခုအလင်းပြန်လည်ရရှိသွားသည့်အပြင် မျက်စိနှစ်ဖက်စလုံး အလင်းမရသော ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများလည်း မျက်စိအလင်းပြန်လည်ရရှိသွားကြကြောင်း သီတဂူစက္ခုဒါနဆေးရုံတော်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

"ကျွန်တော်တို့ ဒသမအကြိမ်အထိ မျက်စိဝေဒနာရှင်တွေကို အခမဲ့ ကုသပေးရာမှာ ကလေး၊ ချင်းတောင်၊ ဂန့်ဂေါနဲ့ ချင်းတွင်းအထက်ပိုင်းဒေသက ဝေဒနာရှင်တွေလည်း လာကြပါတယ်။ လူမျိုးစုံ၊ ဘာသာစုံ တွေ့ရပါတယ်။ အထူးသဖြင့် ကျောင်းသားကျောင်းသူတွေနဲ့ ဘာသာရေးဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်တွေကို ဦးစားပေး ဆောင်ရွက်ပေးပါတယ်"ဟု သီတဂူ အာရောဂျဒါနဆေးရုံတော်မှ တာဝန်ရှိတစ်ဦးက ပြောသည်။



သီတဂူအာရောဂျဒါနဆေးရုံတော်(ကလေး)ကို ရဟန်းရှင်လူ၊ ပြည်သူအများကောင်းမှုဖြင့် ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၊ စကားလှမ္ဗောရုံဆရာတော်၊ နေသာပညာဒါနဆရာတော်နှင့် မဟာသန္တာရုံဆရာတော်တို့၏ ဩဝါဒခံယူပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရုံတော်ကြီးကို ဆရာတော်များ၏ ညွှန်ကြားမှု၊ အမှုဆောင်အဖွဲ့၏ စီမံကွပ်ကဲမှု၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့များ၏ လစဉ်ကောက်ခံပေးနိုင်မှု၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများကြောင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အပေါ် ဒုတိယထပ်တိုးမြှင့်ဆောက်လုပ်နိုင်ခဲ့ပြီး ယခုအခါ ဒုတိယထပ်လည်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ မျက်စိဝေဒနာတစ်မျိုးတည်းကို ကုသခြင်းသာမက သွားနှင့် ခံတွင်းဆိုင်ရာ ရောဂါများကိုလည်း အခါအားလျော်စွာ ကုသပေးလျက်ရှိကြောင်း သီတဂူစက္ခုဒါနဆေးရုံတော် စောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။ **ချင်းတွင်းသား**

# မိတ္ထီလာ၌ လောင်းလှေပြိုင်ပွဲ ပွဲကြည့်စင် ပြုပြင်ဆောက်လုပ်

**မိတ္ထီလာ ဩဂုတ် ၁၉**

မိတ္ထီလာမြို့၌ (၁၃၄)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို မကြာမီကျင်းပတော့မည်ဖြစ်ရာ လှေပြိုင်ပွဲ၏ ပွဲကြည့်စင်ကို ကြံ့ခိုင်မှုရှိရန် ပြန်လည်ပြုပြင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ဖောင်တော်ဦးဘုရားပွဲအထိမ်းအမှတ် ကျင်းပတဲ့ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲအတွက် ဆောက်လုပ်ထားတဲ့ ယခင်ပွဲကြည့်စင်က သံကူကွန်ကရစ်တိုင်နဲ့ ပျဉ်ပြားခင်းပြီး ဆောက်လုပ်ထားတာမို့ တကယ်တမ်း ပြိုင်ပွဲကျင်းပတဲ့အခါ တက်ရောက်ကြည့်ရှုတဲ့ လူဦးရေနဲ့ဆို ကြံ့ခိုင်မှုနည်းတာကြောင့် ပိုမိုကြံ့ခိုင်မှုရှိစေဖို့ အခုလို ပြန်လည်ပြုပြင်ဆောက်လုပ်တာပါ။ သံကူကွန်ကရစ်တိုင်တွေပေါ်မှာပဲ သံဖရိန်တွေနဲ့ တန်းထိုး၊ ပေါင်ခွေပြီး ကွန်ကရစ်အခင်းပဲ ခင်းသွားမှာဖြစ်ပါတယ်။ ပွဲကြည့်စင်အကျယ်အဝန်းက ၂၅ ပေပတ်လည်ပါ"ဟု ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုကပြောသည်။

အဆိုပါ ပွဲကြည့်စင်ကို ပြိုင်ပွဲအပြီးတွင် ဆုပေးမဏ္ဍပ်အဖြစ်လည်း အသုံးပြုကြောင်း၊ ပြိုင်ပွဲအချိန်၌ ပွဲကြည့်စင်ပေါ်မှ ဖောင်တော်ဦးဘုရားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ လှေပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများသာ ကြည့်ရှုခြင်းဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့ ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၏ ယခုနှစ် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လှေပြိုင်ပွဲလမ်းကြောင်းတစ်လျှောက် မုံးတိုင်အမှတ်အသားများ စိုက်ထူခြင်းကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# တာချီလိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဝေါလ်ဗွီးရှင်းက ၁၅နှစ်အတွင်း ဒေါ်လာခြောက်သန်းခွဲကျော် သုံးစွဲခဲ့

**တာချီလိတ် ဩဂုတ် ၁၉**

တာချီလိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လူထုအခြေပြုလုပ်ငန်းများအတွက် ဝေါလ်ဗွီးရှင်း(မြန်မာ)အနေဖြင့် ၁၅ နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် သုံးစွဲခဲ့ကြောင်း မကာဟိုခမ်းရပ်ကွက်ရှိ ဟုတ်တက်ခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပသည့် ဝေါလ်ဗွီးရှင်း(မြန်မာ) ဒေသဖွံ့ဖြိုးရေးစီမံချက်ပိတ်သိမ်းခြင်းနှင့် စီမံချက်မှတ်တမ်းများ လွှဲပြောင်းပေးအပ်ပွဲမှ သိရသည်။

အဆိုပါအခမ်းအနားတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်ကိုကိုအောင်နှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်ကျော်တို့က အမှာစကားပြောကြားပြီး ဝေါလ်ဗွီးရှင်း(မြန်မာ) တောင်ပေါ်ဒေသဇုန်မန်နေဂျာ ဦးစရီးလိုက စီမံချက်ဧရိယာများတွင် ဆောင်ရွက်ပြီးစီးခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းကာ စီမံချက်မှတ်တမ်းများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဝေါလ်ဗွီးရှင်း(မြန်မာ)သည် တာချီလိတ်မြို့နယ်တွင် ၁၉၉၆ ခုနှစ်မှစ၍ ၂၀၀၀ ပြည့်နှစ်အထိ HIV ကာကွယ်ရေးစီမံချက်ကို ငါးနှစ်တာ အကောင်အထည်ဖော်ခဲ့သည်။ ထို့နောက် ၂၀၀၂ ခုနှစ်မှစ၍ မြို့နယ်အတွင်းမှ ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး တိုးတက်စေရန်ရည်ရွယ်လျက် စီမံချက်ကို ၂၀၀၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပထမပိုင်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အထိအတွင်း လူထုအခြေပြုအဖွဲ့များထံသို့ လုပ်ငန်းများကူးပြောင်းသည့် ကာလအဖြစ် သတ်မှတ်လုပ်ဆောင်ခဲ့သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဒေသတွင်းလိုအပ်ချက်အပေါ် မူတည်၍ HIV/AIDS တိုက်ဖျက်ရေးကဏ္ဍ၊ ကလေးသူငယ် လူငယ်နှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍဟု ကဏ္ဍအလိုက် အထူးစီမံကိန်း ၁၀ ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါ စီမံကိန်းများအနက် ၂၀၀၂ ခုနှစ်မှ ၂၀၁၇ အထိ စီမံကိန်းများအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် သုံးစွဲခဲ့ခြင်းဖြစ်ပြီး စီမံကိန်းများကြောင့် မြို့နယ်အတွင်းရှိ အိမ်ထောင်စုပေါင်း ၃၂၀၀ ကျော်မှ လူဦးရေ ၄၀၀၀၀ နီးပါး အကျိုးခံစားနိုင်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ရထားလမ်းတစ်လျှောက်မှချုံနွယ်များ စုပေါင်းရှင်းလင်း

**ရေတာရှည် ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာမှ ဆွာမြို့အထိ ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်မှ ချုံနွယ်ပိတ်ပေါင်းများကို တံတားကြီးရွာလုံးကျွတ်စုပေါင်း၍ ဩဂုတ် ၁၈ ရက်က ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

တံတားကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကညင်အိုင်၊ အေးသာယာစသည့် ရွာများမှ ဒေသခံပြည်သူများသည် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အစရှိသည့် ကိစ္စရပ်များအတွက် ဆွာမြို့သို့သွားလာကြရာတွင် အဆိုပါရထားလမ်းအတိုင်း ခြေလျင်လျှောက်ကာ သွားလာကြသည့်အတွက် ခရီးသွားလာကြသူများ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ချုံနွယ်များကို ရှင်းလင်းခြင်းဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ရွာက မြောက်ဘက်မှာ ဆွာချောင်း၊ အနောက်ဘက်မှာက ရထားလမ်း။ မနက်ခင်းပိုင်းဆို ကလေးတွေ မြို့ကျောင်းကိုသွားတဲ့အချိန် ရှစ်နာလောက်ဆို ရထားက လာပြီ။ ကလေးတွေမှာ တံတားကြီးပေါ်ဆိုလည်း ဟိုပြေးကပ် ဒီပြေးကပ်။ လမ်းမှာဆိုလည်း ချုံထဲခုန်ဆင်းပြီး ရှောင်ရတော့ မြွေပါးကင်းပါးကြောက်ရတာနဲ့ နေ့စဉ်နဲ့အမျှ အခက်အခဲတွေရှိနေလို့ တစ်ရွာလုံးထွက်ပြီး လုပ်ကြရတာ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်တွင် ဂျပန်နိုင်ငံ၏အကူအညီဖြင့် အဆင့်မြှင့်တင်မှုများအပြင် ကွန်တိန်နာတင်ရထားများ ဖြတ်သန်းနိုင်ရန်အတွက် နှစ်ကြာနေသော သက်တမ်းရင့်တံတားများကို ပြန်လည်ပြုပြင်ရန် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိနေရာ ယခု ဆွာချောင်းဖြတ်တံတားကြီးတွင်လည်း ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လူသွားလမ်းဖြည့်စွက်ဆောင်ရွက်ပေးရန် ပတ်ဝန်းကျင်ကျေးရွာများမှပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

# အော်တစ်ဇင်ကလေးများအတွက် မြန်မာနိုင်ငံအောက်ပိုင်းတွင် ပထမဆုံးကျောင်းကို မော်လမြိုင်မှာဖွင့်မည်

**မော်လမြိုင် ဩဂုတ် ၁၉**

အထူးပြုစုစောင့်ရှောက်မှုလိုအပ်လျက်ရှိသော ကလေးများဖြစ်ကြသည့် အော်တစ်ဇင်ကလေးများအား ပြုစုစောင့်ရှောက်ရေးစင်တာကို လာမည့် ၂၀၁၈ နှစ်ဆန်းပိုင်းတွင် မော်လမြိုင်မြို့၌ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်မှာ အော်တစ်ဇင်ကလေးငယ်ဦးရေ ၃၀ လောက်ရှိမယ်လို့ခန့်မှန်းရပါတယ်။ ရန်ကုန်မှာ အော်တစ်ဇင်ကျောင်းတွေရှိပေမယ့် ဒီကသွားထားရမယ့် ကလေးတွေအတွက် အဆင်မပြေဖြစ်နိုင်ပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်သားသမီးက အော်တစ်ဇင်ဖြစ်နေရင် ရှက်မနေဘဲနဲ့ စောစောသိ စောစောလေ့ကျင့်နိုင်အောင် ပို့ပေးဖို့ပြောချင်ပါတယ်။ သုံးနှစ်ကစ ၁၀ နှစ်အောက် ကလေးတွေကို လက်ခံသွားမယ်"ဟု အော်တစ်ဇင်သင်တန်းကျောင်း ဖြစ်မြောက်ရေးကော်မတီမှ ဦးကျော်စွာအောင်က ပြောသည်။

အော်တစ်ဇင်သည် စိတ်ရောဂါ၊ ကူးစက်ရောဂါမျိုးမဟုတ်ဘဲ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ၊ နေရာဒေသမရွေး၊ ကျားမ မရွေး ဖြစ်ပွားနိုင်သည်ဟု သိရသည်။ အော်တစ်ဇင်ဟု ကမ္ဘာကသိလာခဲ့သည်မှာ နှစ် ၅၀ ခန့် ရှိပြီဖြစ်ကြောင်း၊ ပါရဂူဖြစ်သွားသူ အော်တစ်ဇင်လည်းရှိပြီး သူတစ်ပါးကိုလုံးဝမှီခိုနေရသော အော်တစ်ဇင်များလည်းရှိကြောင်း၊ ဆေးဝါးဖြင့်ကုသပျောက်ကင်းနိုင်သည့် ရောဂါမဟုတ်ဘဲ ကျွမ်းကျင်ပညာရှင်များဖြင့် လေ့ကျင့်ပျိုးထောင်ရခြင်းဖြစ်ကြောင်းနှင့် စောစောသိလေ ပိုကောင်းလေဖြစ်ကြောင်းလည်း သိရသည်။

"မော်လမြိုင်မှာ ကျောင်းဖွင့်နိုင်တော့မယ်ဆိုတော့ ဒီဒေသကကလေးတွေအတွက် အများကြီးအဆင်ပြေလာမယ်။ ကျွန်တော့်ကလေးက အော်တစ်ဇင်ဆိုတာကို ကလေးအသက် တစ်နှစ်သုံးလအရွယ်မှာ စသိတယ်။ ဒါပေမယ့် ဆရာဝန်တွေက ဆုံးဖြတ်မပေးသေးဘူး။ လေးလတစ်ခါ၊ နှစ်လတစ်ခါ ရန်ကုန်မှာပြန်ပြန်ပြရတယ်။ သုံးနှစ်ပြည့်မှာ အော်တစ်ဇင်ပါလို့ သတ်မှတ်ပေးတယ်။ အော်တစ်ဇင်ဖြစ်နေတဲ့ ကျွန်တော့်သားလေးကိုဆို ရန်ကုန်ပုဂ္ဂလိကကျောင်းတစ်ခုမှာ သွားထားရတယ်။ အမေအမြဲလိုက်နေရတယ်။ ကျောင်းတွေမှာ ကလေးတွေအပြည့်ပဲတွေ့နေရတယ်။ မြဝတီ၊ ထားဝယ်၊ သံဖြူဇရပ်တို့က လာတဲ့ကလေးတွေလည်းတွေ့ရတယ်။ ခုဒီမှာ ဖွင့်မယ်ဆိုရင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးစတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်သုံးခုက ကလေးတွေအတွက် ပိုအဆင်ပြေလာပါမယ်"ဟု အော်တစ်ဇင်ကလေးမိဘတစ်ဦးဖြစ်သူ မော်လမြိုင်မြို့မှ ကိုသိုက်ထွန်းက ပြောသည်။



အော်တစ်ဇင်နေ့အထိမ်းအမှတ်အဖြစ် ပြီ ၉ရက်က မော်လမြိုင်ကမ်းနားလမ်းတွင် အော်တစ်ဇင်ကလေးငယ်များ စုပေါင်းလမ်းလျှောက်ကြစဉ်

လာမည့် စက်တင်ဘာ ၄ ရက်တွင် ကျောင်းသား ခုနစ်ဦးဖြင့် ယာယီကျောင်း စတင်ဖွင့်လှစ်မည်ဖြစ်ကာ ရန်ကုန်မြို့တွင် လေ့လာသင်ယူလာခဲ့သည့် ဆရာ ဆရာမ ၁၀ ဦးတို့ဖြင့် သင်ကြားသွားမည်ဟု သိရသည်။ ပြည်သူများလှူဒါန်းမှုဖြင့် တည်ဆောက်လျက်ရှိသော ခန့်မှန်း ငွေကျပ်သိန်း ၂၄၀၀ ခန့်ကုန်ကျမည့် သုံးထပ်အဆောက်အအုံကို ၂၀၁၈ နှစ်ဆန်းပိုင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးကျော်က "အော်တစ်ဇင်ကလေးတွေကို လေ့ကျင့်ပေးမယ့် ပြုစုရေးစင်တာဖြစ်တာကြောင့် အဆောက်အအုံတည်ဆောက်ရာမှာ အခြားကျောင်းတွေထက် ပိုအဆင့်မြှင့်ထားပါတယ်။ ဓာတ်လှေကားပါမယ်။ နံရံတွေမှာ ဖော့တွေတပ်ထားတာ၊ မှန်ကာထားတာတွေပါမယ်။ အပြည့်အဝ အကာအကွယ်ပေးနိုင်အောင် တည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု တည်ဆောက်မည့် အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းပြသည်။

အော်တစ်ဇင်အမျိုးအစားများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးမှအစ အခြားသူတစ်ဦးအပေါ် လုံးဝမှီခိုနေရခြင်းကို အပြင်းစားအော်တစ်ဇင်၊ အခြားသူတစ်ဦးအပေါ် တစ်စိတ်တစ်ပိုင်းအနေဖြင့် မှီခိုရခြင်းကို အလတ်စားအော်တစ်ဇင်နှင့် ကိစ္စအနည်းငယ်သာ မှီခိုဖို့လိုအပ်သည်ကို အပျော့စားအော်တစ်ဇင်ဟု သုံးမျိုးရှိပြီး အော်တစ်ဇင်မိဘများသည် စိတ်ဓာတ်ကျနေမည့်အစား မိမိကလေးအား စောစီးစွာ လေ့ကျင့်ရေးသင်တန်းကျောင်းများသို့ ပို့ပေးကာ အပြင်းစားမှ အလတ်စားအဆင့်၊ အလတ်စားမှ အပျော့စားအဆင့်၊ အပျော့စားအဆင့်မှ လုံးဝမရှိတော့သည်အထိ စနစ်တကျ လေ့ကျင့်မှုများဖြင့် ကုသနိုင်သည်ဟု သိရသည်။
**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# ဆီးဂိမ်းပြိုင်ပွဲဝင် ဘောလုံးအသင်းများအား တပ်မတော်မိသားစုများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၉**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပလျက်ရှိသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့အား ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုဆုငွေကို ယနေ့ညပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Federal ဟိုတယ်၌ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုးက ပေးအပ်ရာ မြန်မာယူ-၂၂ အမျိုးသားဘောလုံးအသင်းအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင် ဦးလှဌေးက လည်းကောင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် အမေရိကန် ဒေါ်လာ ၁၀၀၀၀ အား အသင်းအုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးက လည်းကောင်း လက်ခံရယူခဲ့သည်။ **(အောက်ပုံ)**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းသည် အုပ်စု (က)ပွဲစဉ်များတွင် စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ လာအိုအသင်းကို သုံးဂိုး -တစ်ဂိုးဖြင့် လည်းကောင်း၊ ဘရူနိုင်းအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ပွဲစဉ်တစ်လျှောက် ရှုံးပွဲမရှိရလဒ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။



အလားတူ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ထိုင်းအသင်းကို နှစ်ဂိုး- သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အိမ်ရှင် မလေးရှားအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး မြန်မာယူ-၂၂ အမျိုးသားဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းတို့သည် ရွှေတံဆိပ်ဆုရရှိရေးအတွက် ရည်မှန်းချက်ထား၍ ပွဲစဉ်အားလုံးတွင် အစွမ်းပြကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန်ယူတို့ ရာသီအဖွင့် နှစ်ပွဲဆက်တိုက် ဂိုးပြတ်နိုင်

ပရီမီယာလိဂ်ပွဲစဉ် (၂) ၏ အစောဆုံးပွဲစဉ်အဖြစ် ဆွမ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ ဩဂုတ် ၁၉ ရက်က ကစားခဲ့ရာ မန်ယူအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် မန်ယူအသင်း၏ ကစားကွက်သည် ဆွမ်ဆီးအသင်း၏ လူကပ်ကစားမှုများကြောင့် ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။ ပွဲချိန် ၃၅ မိနစ်တွင် ဆွမ်ဆီးခံစစ်အမှားမှတစ်ဆင့် ရရှိလာသောအခွင့်အရေးတစ်ရပ်ကို ရပ်ရှ်ဖို့ဒ် အသုံးမချနိုင်ခဲ့ပေ။ မန်ယူအသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း ပြီးခါနီး ၄၅ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ပေါ့ဘာ ခေါင်းတိုက်ကာ လျှံထွက်လာသည့် ဘောလုံးကို နောက်ခံလူ ဘိုင်လီက သွင်းယူပေးခဲ့သည်။ ယင်းဂိုးသည် ဘိုင်လီ၏ ပရီမီယာလိဂ် ပထမဆုံးဂိုးလည်းဖြစ်သည်။

မန်ယူအသင်းအတွက် ဒုတိယဂိုးကို အမ်ခီတာရန်၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် လူကာကူက မိနစ် ၈၀တွင် ကန်သွင်းယူခဲ့သည်။ မန်ယူအသင်းသည် တတိယဂိုးကို ၈၂ မိနစ်တွင် အမ်ခီတာရန်၏ ပေးပို့မှုမှပင် ပေါ့ဘာက ဂိုးသမားကို ကျော်ကာသွင်းယူပေးနိုင်ခဲ့သည်။ **(အောက်ပုံ)**၈၄ မိနစ်တွင်မာရှယ်လ်က ပေါ့ဘာ၏ ဖန်တီးပေးမှုမှတစ်ဆင့် စတုတ္ထဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်း၏ ယခုနိုင်ပွဲသည် နှစ်ပေါင်း ၁၁၀ အတွင်း ရာသီအစ နှစ်ပွဲဆက်တိုက် လေးဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

### အခြားပွဲစဉ်များ

အခြားပွဲစဉ်များတွင် ဝက်ဖို့ဒ်က ဘုန်းမောက်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဘရွန်းက ဘန်လေကို တစ်ဂိုး-ဂိုးမရှိ၊ လက်စတာက ဘရိုက်တန်ကို နှစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးက ခရစ္စတယ်ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဆောက်သမ်တန်က ဝက်စ်ဟမ်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **ဇော်ဇော်**



# သောင်ရင်းမြစ်ရေတိုက်စားမှုကြောင့် မြဝတီမြို့ မာမီဂိတ်အနီး မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**မြဝတီ ဩဂုတ် ၁၉**

မြဝတီမှ ဖလူး၊ အင်ကြင်းမြိုင်၊ မင်းလက်ပံမြို့နယ်များသို့ ဖောက်လုပ်ထားသော မော်တော်ကားလမ်းရှိ မာမီဂိတ်အနီးတွင် သောင်ရင်းမြစ်ရေတိုက်စားမှုကြောင့် ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက မြစ်ကမ်းပါးပြိုကျခဲ့ရာ အဆိုပါ မော်တော်ကားလမ်းနှင့် သုံးပေအကွာခန့်သာရှိတော့သည့်အတွက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က တာဝန်ရှိသူများဖြင့် ချက်ချင်းသွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီခရိုင်မှ တာဝန်ရှိသူတစ်ဦးက "တစ်လောကမိုးကြီးခဲ့ပြီး မြစ်ရေတိုက်စားလို့ အခုလို ကမ်းပါးပြိုကျသွားတာပါ။ ကားလမ်းနဲ့ဆို သုံးပေလောက်ပဲရှိတော့တာမို့ အင်ဂျင်နီယာတွေနဲ့ မျောတိုင်ငါးဆင့်စိုက်၊ ကျောက်တွေ အမာခံထည့်ပြီး ချက်ချင်းဆောင်ရွက်သွားမှာပါ။ အခိုင်အမာဖြစ်အောင် ဘိလပ်မြေနဲ့ ကွန်ကရစ်ကိုင်ချင်ပေမယ့် နှစ်နိုင်ငံနယ်ခြား ကော်မတီစည်းမျဉ်းစည်းကမ်းတွေအရ လုပ်လို့မရသေးဘူး။ ယာယီတောင့်ခံပြီး ဆက်လက်မြေပြိုမှု မဖြစ်အောင် လောလောဆယ်ဆောင်ရွက်မှာပါ။ နောက်တစ်နေ့ကျရင် မြဝတီခရိုင်က မြစ်ကြောင်းထိန်းသိမ်းရေးကော်မတီတွေပါဝင်ပြီး မင်းလက်ပံ၊ ဖလူးနဲ့အင်ကြင်းမြိုင်ကျေးရွာတွေအထိ ကမ်းထိန်းနံရံပြုလုပ်ဖို့ လိုက်လံကွင်းဆင်းစစ်ဆေးသွားရန်ရှိပါတယ်။ ကမ်းထိန်းနံရံတွေပြုလုပ်မယ့်နေရာတွေကို သေသေချာချာ စိစစ်တိုင်းထွာပြီး နှစ်နိုင်ငံ နယ်ခြားကော်မတီ အစည်းအဝေးကျရင် ဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ်"ဟုပြောကြားသည်။ ဖလူး၊ မင်းလက်ပံ၊ အင်ကြင်းမြိုင်ကျေးရွာများသို့ နေ့စဉ် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ၊ ဝေါလေမြိုင်သို့သွားသည့် တပ်မတော်ယာဉ်တန်းများ၊ DKBA တပ်ဖွဲ့မှ မော်တော်ယာဉ်များနေ့စဉ် အဆက်မပြတ် သွားလာနေသောလမ်းဖြစ်၍ ချက်ချင်းပြင်ဆင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်**

# ကော့သောင်းမြို့နယ်ရှိ ရှေးဟောင်းနေရာဟုယူဆရသည့် နေရာတစ်ခုအား မသမာသူလူတစ်စု တူးဖော်နေကြောင်းသိရ

**ကော့သောင်း ဩဂုတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ မလိဝမ်းကျေးရွာအလွန် ဆီအုန်းစိုက်ခင်းအတွင်းရှိ ဒေသအခေါ် ရဲဘက်စခန်းနေရာအနီး၌ ရှေးဟောင်းနေရာဟုယူဆရသည့်နေရာတစ်ခုပတ်ဝန်းကျင်အား မသမာသူလူတစ်စုမှ ဩဂုတ် ၁၅ ရက်က စက်ယန္တရားများအသုံးပြု၍ လာရောက်တူးဖော်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဒေသခံတချို့၏ ပြောဆိုချက်အရ တူးဖော်နေစဉ် ဓာတ်ပုံရိုက်ခွင့်မပြုကြောင်း၊ ဘုန်းတော်ကြီးတစ်ပါးနှင့် ဂမ္ဘီရဆရာတစ်ဦးက ဦးဆောင်ကာ ကန်တော့ပွဲများ ပူဇော်ပသပြီး မြေတူးစက်နှင့်မော်တော်ယာဉ်များ အသုံးပြုကာတူးဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများအား အကြောင်းကြားမှုမရှိကြောင်း၊ မည်သည့်အတွက် မည်သည့်ပစ္စည်းအားလာရောက် တူးဖော်ရှာဖွေကြသည်ကို မသိရကြောင်း၊ အဆိုပါတူးဖော်သည့်နေရာသည် ကျေးရွာနှင့် အလှမ်းကွာဝေးပြီး လူသူအရောက်အပေါက်နည်းသည့်နေရာဖြစ်ကြောင်း သိရသည်။

တူးဖော်မှုများပြုလုပ်ခဲ့သည့် မလိဝမ်းကျေးရွာနေရာသည် ကော့သောင်းမြို့မှ ၂၈မိုင်ခန့်အကွာတွင်ရှိကာ ကော့သောင်းမြို့စတင်တည်ထောင်ခဲ့သည့် ရှေးကျသည့်နယ်မြေတစ်ခုဖြစ်ပြီး ယင်းမလိဝမ်းကျေးရွာတစ်ဝိုက်တွင် ရှေးဟောင်းပစ္စည်းဟုယူဆရသည့် ရွှေတိုရွှေစများ၊ ကျောက်မျက်များ၊ ပုတီးစေ့များအား နေရာအချို့တွင် တွေ့ရလေ့ရှိကြောင်း ကျေးရွာသက်ကြီးရွယ်အိုများ ပြောစကားအရ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ခရိုင်နှင့်မြို့နယ်မှတာဝန်ရှိသူများ၊ အဖွဲ့အစည်းများက ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



# ရေဝတီမြစ်ရေကြီးခဲ့ခြင်းကြောင့် ယာယီပိတ်ထားရသောစာသင်ကျောင်း ၂၅၀ ခန့် ပြန်လည်ဖွင့်

**မကွေး ဩဂုတ် ၁၉**

ရေဝတီမြစ်ရေကြီးခဲ့ခြင်းကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ယာယီပိတ်ထားရသောစာသင်ကျောင်း ၂၅၀ ခန့် ပြန်လည်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ ဇူလိုင်လအတွင်းက ရေဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၁၂ မြို့နယ်ရှိ စာသင်ကျောင်း ၂၄၆ ကျောင်း ယာယီပိတ်ထားရသော်လည်း ယခုအခါ ယင်းစာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ဟု တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

မကွေးမြို့နယ်တွင် တစ်ကျောင်း၊ ရေနံချောင်းမြို့နယ်တွင် ၁၉ ကျောင်း၊ ချောက်မြို့နယ်တွင် ငါးကျောင်း၊ မင်းဘူးမြို့နယ်တွင် ရှစ်ကျောင်း၊ ပွင့်ဖြူမြို့နယ်တွင် ၂၃ ကျောင်း၊ စလင်းမြို့နယ်တွင် ၅၅ ကျောင်း၊ ပခုက္ကူမြို့နယ်တွင် ၄၃ ကျောင်းနှင့်ကံမမြို့နယ်တွင် ကိုးကျောင်း၊ သရက်မြို့နယ်တွင် တစ်ကျောင်း၊ ရေစကြိုမြို့နယ်တွင် ၇၉ ကျောင်းနှင့် ဆိပ်ဖြူမြို့နယ်တွင် နှစ်ကျောင်း၊ အောင်လံမြို့နယ်တွင် တစ်ကျောင်းတို့ ယာယီပိတ်ထားရသည်ဟု ၎င်းကဆိုသည်။

"ရေကြီးလို့ ပိတ်ထားရတဲ့ရက်တွေအစား ကျောင်းများတွင် အခုရက်ပိုင်း တနင်္ဂနွေနဲ့ ဥပုသ်ရက်တွေမှာ အစားထိုးသင်ကြားပေးနေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ယခုနှစ်တွင် ရေဝတီမြစ်ရေ မြင့်တက်လာသော်လည်း ၂၀၁၆ ခုနှစ်က ရေတက်စံချိန်အထိ မရောက်ရှိခဲ့ကြောင်း၊ ဇူလိုင်လဆန်းမှ ၂၀ ရက်အထိ ရေတက်ခဲ့သော်လည်း ယခင်နှစ်ကလောက် ရေမရောက်ရှိခဲ့သဖြင့် စိုးရိမ်ရသည့် အခြေအနေထိ မဖြစ်ခဲ့ရကြောင်း မင်းဘူးဒေသခံများက ပြောကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအတွင်း မြစ်ရေဝင်ရောက်ခဲ့သဖြင့် အထက်တန်းအဆင့် ၁၅ ကျောင်း၊အလယ်တန်းအဆင့် ၇၆ ကျောင်း နှင့်မူလတန်းအဆင့် ၁၅၆ ကျောင်း ပါဝင်ပြီး ဩဂုတ်လဆန်းမှ စတင်သင်ကြားပေးနေသည်ဟု သိရသည်။ **ဇွဲထက်ရှင်**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ကျောက်တန်း၌ ကျင်းပ

**ကျောက်တန်း ဩဂုတ် ၁၉**

နှစ်စဉ် ဩဂုတ်လတွင်ဆောင်ရွက်လျက်ရှိသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူးက အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့ခိုင်နှင့် မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်ခင်အေးမော်တို့က မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေးနှင့် အိုင်အိုဒင်းချို့တဲ့ရောဂါပပျောက်ရေးစသည်တို့နှင့် ပတ်သက်ပြီး အပတ်စဉ် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရပြည့်ဝမှုတသော အစားအစာ၊ ဆေးများနှင့် လက်ဆောင်ပစ္စည်းများပေးဝေခြင်းနှင့် ငါးနှစ်အောက် ကလေးငယ်များအား အိုဗာတင်းထုပ်များ ပေးဝေခြင်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝေငှပေးကြကြောင်း သိရသည်။

**စိုးဝင်း (ကျောက်တန်း)**

# စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် သွေးတိုးရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဩဂုတ် ၁၉**

စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် Mr. Awiad Hossain Consul (အသက် ၅၀) သည် စစ်တွေမြို့ရှိ ၎င်း၏ ကောင်စစ်ဝန်ရုံးနေအိမ်၌ ယနေ့နံနက် ၄ နာရီတွင် သွေးတိုးရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း၊ ၎င်း၏ ရုပ်အလောင်းအား ကောင်စစ်ဝန်ချုပ်နှင့် ရုံးဝန်ထမ်းများက စစ်တွေဆေးရုံသို့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပို့ဆောင်ခဲ့ကြောင်း၊ ၎င်း၏ ရုပ်အလောင်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ တကနာ့ဖ်နယ်ခြားစောင့်တပ်မှ စခန်းမှူး အီဗြာဟိန်း ဦးဆောင်သည့်အဖွဲ့က ယနေ့ည ၉ နာရီခွဲခန့်တွင် လာရောက်သယ်ဆောင်သွားကြောင်း သိရသည်။ **(သတင်းစဉ်)**

# လူမှောင်ခိုကုန်ကူးသည့် အမျိုးသမီးနှစ်ဦးအား ဖမ်းဆီးရမိ

**မိုးကောင်း ဩဂုတ် ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရှက်ကျေးရွာတွင် အသက် ၂၀ အရွယ် မိန်းကလေးတစ်ဦးအား လက်ဖက်ရည်ဆိုင်တွင် အလုပ်ရမည်ဟုဆိုကာ ဖြားယောင်းသွေးဆောင်ခေါ်ယူသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၇ ရက်က မန်ရှက်ကျေးရွာ၌ နေထိုင်သူ ဦးစိန်မောင်၏သမီး မဒွေးဒွေးဝင်း(၂၀နှစ်)အား တစ်ရွာတည်းနေထိုင်သူ ဒေါ်နှင်းမေ(၄၂နှစ်)၊ဒေါ်ကြည်ရွှေ(၅၇နှစ်)တို့နှစ်ဦးက မြစ်ကြီးနားမြို့ရှိ လက်ဖက်ရည်ဆိုင်တွင် တစ်လလျှင် ငွေကျပ်တစ်သိန်းခွဲဖြင့် အလုပ်ရမည်ဟုဆိုကာ မိခင်ဖြစ်သူအား သုံးလစာကြိုတင်လစာငွေ လေးသိန်းခွဲပေးပြီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

လေးလခန့်အကြာတွင် မိသားစုနှင့်အဆက်အသွယ်မရရှိ၍ စုံစမ်းကြည့်ရာ ဒေါ်နှင်းမေနှင့် ဒေါ်ကြည်ရွှေတို့က မဒွေးဒွေးဝင်းအား မြစ်ကြီးနားသို့ ခေါ်ဆောင်ခဲ့ကာ တရုတ်ပြည်နယ်စပ်တွင် အသင့်စောင့်နေသူ မန်ရှက်ကျေးရွာနေ ဒေါ်မိုးရီ(၅၅နှစ်)အား လွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်ပြည်သို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသဖြင့် မိုးကောင်း မြို့မရဲစခန်းတွင်အမှုဖွင့်လှစ်ပြီး ရှာဖွေဖမ်းဆီးရာ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၇ ရက်ညနေ ၃နာရီခွဲတွင် ထီးချိုင့်မြို့နယ် ဗန်းမော်-မန္တလေးကားလမ်းမတွင် ဒေါ်နှင်းမေနှင့် ဒေါ်ကြည်ရွှေတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့၍ မိုးကောင်း မြို့မရဲစခန်းက ၎င်းတို့နှစ်ဦးအား လူမှောင်ခိုကုန်ကူးမှုဖြင့် အရေးယူထားပြီး ဒေါ်မိုးရီအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# အချုပ်သားနှင့် လုယူသွားသူကိုဖမ်းဆီးရာ ပြန်လည်ခုခံသဖြင့် စခန်းမှူးဒဏ်ရာရ

**ပဲခူး ဩဂုတ် ၁၉**

ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်းတွင် တရားစွဲဆိုထားသော အမှုမှုပြစ်မှုကျူးလွန်သူအား တရားရုံးတွင် ချုပ်ရက်ရမန်တောင်းခံပြီးအပြန်တွင် ပြစ်မှုကျူးလွန်သူအား လုယူထွက်ပြေးသွားခဲ့သဖြင့် အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်ပြီး ၎င်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

ဩဂုတ် ၁၉ ရက်မွန်းလွဲ ၁ နာရီခွဲက ဝေါမြို့ မြို့မဈေးလမ်းကြားတွင် ဝက်ပုတ်(ခ)အောင်ဖြိုးဝေ (၂၁နှစ်)နှင့် ၎င်းအား လုယူထွက်ပြေးသွားသူ မိုးဒီ(ခ)ထက်လင်းအောင် (၁၈)နှစ်တို့ နှစ်ဦးအားတွေ့ရှိ၍ အမှတ်(၂)နယ်မြေရဲစခန်းမှူးရဲအုပ် ချစ်ကြည်နှင့် တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူ ဝက်ပုတ်(ခ)အောင်ဖြိုးဝေက အရိုးအသွားတစ်ပေခွဲခန့်ရှိ ဓားဖြင့်ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးခဲ့ရာ ရဲအုပ်ချစ်ကြည်တွင် ဒဏ်ရာများရရှိခဲ့ပြီး မိုးဒီ(ခ)ထက်လင်းအောင်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။ ရဲအုပ်ချစ်ကြည်မှာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရာတွင် ရရှိသော ဒဏ်ရာကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**

# အမြန်လမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေ

**နေပြည်တော် ဩဂုတ် ၁၉**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ တစ်ရက်တည်း ယာဉ်မတော်တဆမှု နှစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၃၉/၁)နှင့် (၁၃၉/၂ )ကြားတွင် ယနေ့နံနက် ၉နာရီခွဲတွင် အောင်ချမ်းမြေ့မောင်းနှင်ပြီး နောက်တွင် ကိုသူလိုက်ပါလာသော Dying 110 ဆိုင်ကယ်မှာ အမြန်လမ်းမကြီး လမ်းလယ်ကျွန်းဖြတ်မှ အနောက်ဘက်သို့ဖြတ်မောင်းစဉ် နေပြည်တော်ဘက်မှရန်ကုန် ဘက်သို့ ယာဉ်မောင်းနေမျိုးအောင် မောင်းနှင်လာသော Toyota belta ယာဉ်နှင့်တိုက်မိခဲ့သည်။ ဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူမှာ နေရာတွင်သေဆုံးသွားခဲ့ပြီး နောက်မှ လိုက်ပါလာသူမှာ ဒဏ်ရာရရှိခဲ့သည်။ Toyota ယာဉ်ပေါ်တွင်ပါရှိသူ သုံးဦးမှာ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ အနည်းငယ်ပျက်စီးသွားသည်။ ဖြစ်စဉ်တွင် သေဆုံးသွားသူနှင့် ဒဏ်ရာရရှိသွားသူများအား ဇော်ဂီကုန်း အမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် အုတ်တွင်းဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်။

အလားတူ မွန်းလွဲ ၁ နာရီက ပေပင်လေး အမြန်လမ်းရဲတပ်ဖွဲ့ပိုင် မိုင်တိုင်အမှတ် (၂၄၄/၂) နှင့် (၂၄၄/၃ )ကြား နေပြည်တော်မှမန္တလေးသို့ ယာဉ်မောင်းဇေယျာထွန်း မောင်းနှင်လာသော Prado ယာဉ်မှာ ယာဘက် ရှေ့တိုက်ရော့ပြုတ်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျပြီး သစ်ပင်အားဝင်တိုက်မိသည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခြောက်ဦးအနက် မောင်သုတအောင် သုံးနှစ်မှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့၍ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၃ စီး၊ သွင်းကုန် ၅၂၆ စီး၊ ရန်ကုန် -မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန်အစီး ၂၀၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၅၄၇ သန်းခန့်ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၈ ရက်က မန္တလေးသို့ သွားရောက်မည့် Dongfeug ၂၂ ဘီး ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် CCTV Camera ၁၅၅၇ လုံး နှင့် Dyed Acrylic Varm 2/32 (1× 30)kg (80)Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၅၅၅ သန်းခန့်ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားနှစ်သောင်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၉**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီက ကသာမြို့နယ် နဘားလမ်းဆုံ မိုင်တိုင်အမှတ်(၁၄၆/၀)တွင် မောင်ဝယ် မောင်းနှင်ပြီး အောင်ခိုင်ဇော် လိုက်ပါလာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၄၀၇ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းတွင် ပြည့်ဖြိုးဆွေ မောင်းနှင်လာသည့်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့မန်ဝိန်းရပ်ကွက် ပန်လုံ(၁)လမ်းတွင် ကျန်းကြားဝမ် မောင်းနှင်လာသည့် မော်တော်ယာဉ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်ကားလမ်း၊ ပန်ခေါက်ဝိုးကျေးရွာဘုန်းတော်ကြီးကျောင်းရှေ့တွင် ဝင်းအေးမောင်းနှင်ပြီး ကျော်နိုင်(ခ)ဇင်ကိုထက်လိုက်ပါလာသည့် ဆိုင်ကယ် အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၁၅ ပြား နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# မသင်္ကာ၍ စစ်ဆေးရာမှ စက်ဘီး ၂၃ စီးခိုးမှုပေါ်

**ရန်ကုန် ဩဂုတ် ၁၉**

ဩဂုတ် ၁၄ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က ကြည့်မြင်တိုင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ဖြိုးဝေမင်းနှင့် တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်း လှည့်ကင်းလှည့်စဉ် အိုးဘိုရပ်ကွက်နှင့် ဗားကရာလမ်းဆုံ၌ စက်ဘီးစီးလာသူ မသင်္ကာဖွယ် အမျိုးသားတစ်ဦးအား ရပ်တန့်စစ်ဆေးရာမှ ယင်းစက်ဘီးကို သော့ဖျက်၍ ခိုးယူစီးနင်းလာသူဖြစ်ကြောင်း သိရသည်။

၎င်းမှာ ကြည့်မြင်တိုင်မြို့နယ်အတွင်း နေသူ နေလင်းထက်(ခ) ဘဲဥ (၃၄ နှစ်) ဖြစ်ပြီး ရဲစခန်းအရောက်တွင် ထပ်မံ စစ်ဆေးမှုများပြုလုပ်ရာ ကြည့်မြင်တိုင် မြို့နယ်နှင့် ပတ်ဝန်းကျင်မြို့နယ်များမှ စက်ဘီး ၂၃ စီး ခိုးယူထားသည်ကို ဖော်ထုတ်နိုင်ခဲ့သည်။

စက်ဘီးများခိုးယူထားသူ နေလင်းထက် (ခ)ဘဲဥအား ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**


**စက်မှုဝန်ကြီးဌာန**
**လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအား ဖိတ်ခေါ်ခြင်း**

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ပြည်ထောင်စုဝန်ကြီးဌာနများ/အဖွဲ့အစည်းများမှ သံရည်ကျိုအပ်နှံမည့် မော်တော်ယာဉ်/ယန္တရား/မော်တော် ဆိုင်ကယ်များအား ဖြတ်တောက်/သယ်ယူပို့ဆောင်ပေးနိုင်သော လုပ်ငန်းအတွက် စိတ်ပါဝင်စားသည့် ကုမ္ပဏီများ/အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်လိုပါသည်-

၂။ **အဆိုပြုလွှာပုံစံ စတင်ထုတ်ယူနိုင်မည့်ရက်** -၂၃-၈-၂၀၁၇ရက်
**အဆိုပြုလွှာပိတ်မည့်ရက်နှင့်အချိန်** -၇-၉-၂၀၁၇ရက် ၁၆း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**အုပ်ချုပ်ရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၄၁၄၊ ၀၆၇-၄၀၅၄၅၁/၄၀၅၃**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၃၂၁၇၅၊ Honda Wave NF 110 R , M/C ယာဉ်လက်ဝယ်ရှိသူ ဦးနီဆန်း၁၂/တတန(နိုင်)၀၃၈၁၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3B/ 2844, Nissan Diesel CD 46V Container(6 × 2)R ယာဉ်လက်ဝယ်ရှိသူ U SAN HLAING ၈/ရနခ(နိုင်)၀၀၂၃၈၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6J/3890 Toyota Alphard ANH 10, Micro Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်ဝတ်ရည်အောင် ၁၀/ရမန(နိုင်)၀၈၅၂၂၁က (ကမ-၃) ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/9364 Suzuki Swift 2C 725 Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေဦး ၁၂/ပဘတ(နိုင်)၀၂၆၅၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါသည်**

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်(၁၀)၊ မြေကွက်အမှတ်(မ/၁)၊ (၁၀+၁၁)၊ပေ ၄၀×၆၀ နှစ်ကွက်တွဲအား ဂရန်စာချုပ်နံပါတ် ၄၀၀/၂၀၁၅-၂၀၁၆ဖြင့် ဦးနိုင်ဝင်းမှအနှစ်(၃၀) ဂရန် ရရှိထားပါသည်။ ၎င်းမြေကွက် မြေရာဇဝင်(၁-က)တွင် ဦးနိုင်ဝင်း(ဘ-ဦးသင်းလှိုင်) အမည်ရေးသွင်းနိုင်ရန် သက်ဆိုင်ရာရုံးများတွင် လျှောက်ထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နီနီဝင်း**
**၉/မရမ(နိုင်)၀၄၄၃၁၄**
**အထူးကိုယ်စားလှယ်ပါဝါရရှိသူ**
**ဖုန်း-၀၉-၄၃၀၆၁၆၁၇**

**မိဘအမည်မှန်**

မကွေးတိုင်းဒေသကြီး၊ သနပ်ကုန်း အထက (ခွဲ) အဋ္ဌမတန်းမှမောင်စိုးပြည့်မောင်၏ မိဘအမည်မှန်မှာ ဦးကျော်ဆန်းလင်း ၈/စလန(နိုင်)၀၉၅၆၉၁ နှင့် ဒေါ်လွမ်းပို ၈/စလန(နိုင်)၁၇၈၅၈၅ဖြစ်ပါသည်။ **ဦးကျော်ဆန်းလင်း-ဒေါ်လွမ်းပို**

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ အထက(၁)၊ ဆဋ္ဌမတန်း(A)မှ မထက်ထက်အောင်နှင့် အမက (မူလွန်၊ကျောင်းကုန်း)၊ ပထမတန်းမှ မလပြည့်ဝန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၁၀/သထန(နိုင်)၁၉၈၈၉၅ ဖြစ်ပါကြောင်း။ **ဦးအောင်မိုး**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ် (အထက)ဇီးကုန်း နဝမတန်း(F)မှ မခင်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင်ဦး ၅/ကဘလ(နိုင်)၁၁၇၉၂၀ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းနိုင်ဦး**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ အထက(ဝဲကရင်)၊ နဝမတန်း(A)မှ နန်းသိန်းကြည်၏ ဖခင် အမည်မှန်မှာ ဦးတင်ဌေး ၃/ဘအန(နိုင်) ၁၈၄၁၂၇ဖြစ်ပါသည်။ **ဦးတင်ဌေး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်စောစိုးပိုင် ၃/ဘအန(နိုင်)၃၇၁၆၇၇(ဘ)ဦးမြင့်သိန်း၏ ပတ်စ် ပို့နံပါတ် (TT033441)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၃၁၂၂၃၆၅**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/8875 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2C/4163 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/1232 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/2097 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7M/8901 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ ထုံးဘိုအကွက်၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၀ဒသမ၁၄၆ ဧက အတွင်းမှ ဧရိယာ ၀ဒသမ၀၆၅ ဧကရှိ မြေကို ဒေါ်မိမိအောင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**




# မြန်မာအမျိုးသမီးအသင်း ဗီယက်နမ်နှင့် ယနေ့ ကစားမည်



(၂၉) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုတတိယနေ့ကို ဩဂုတ် ၂၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းသည် နာမည်ကြီး ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့၏ပွဲကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ကွာလာလမ်ပူမြို့ရှိ UM ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပွဲမှာ မြန်မာအမျိုးသမီးအသင်းအတွက် အရေးပါလျက်ရှိပြီး ယခုပွဲ အနိုင်ရမှသာ ရွှေတံဆိပ်ဆုအတွက် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် နှစ်ပွဲကစားသုံးမှတ်ရထားပြီး ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်ရထားသည်။ မြန်မာအမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် ထိုင်းအသင်းကိုရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲတွင် အိမ်ရှင်မလေးရှားအသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ဗီယက်နမ်အသင်းက ပထမပွဲတွင် ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ် အနိုင်ရထားသည်။

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် နှစ်စဉ်နီးပါးတွေ့ဆုံခဲ့ပြီး ပြီးခဲ့သည့် ဧပြီက ကျင်းပသည့် အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်းသည် နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

တတိယနေ့ အခြားပွဲစဉ်အဖြစ် အိမ်ရှင် မလေးရှားနှင့် ထိုင်းအသင်းတို့ ညပိုင်းတွင် ဆက်လက်ကစားမည် ဖြစ်သည်။ ဒုတိယနေ့ပွဲစဉ်များ အပြီးတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ သုံးမှတ်စီရထားသော်လည်း မြန်မာနှင့် ဖိလစ်ပိုင်က နှစ်ပွဲစီကစားထားပြီး ဗီယက်နမ်နှင့် ထိုင်းက တစ်ပွဲစီသာ ကစားရသေးသည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မလေးရှား)**

## ❖ *ကျောဖုံးမှ*

မလေးရှားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ခြောက်ကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အိမ်ရှင်မလေးရှား အပါအဝင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တီမော၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် စင်ကာပူအသင်းတို့မှ အုပ်ချုပ်မှုအဖွဲ့၊ နည်းပြနှင့် ကစားသမားစုစုပေါင်း ၇၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် ၄၀၄ ခု ချီးမြှင့်မည်ဖြစ်သည်။ ဆီးဂိမ်းကောင်စီအဖွဲ့ချုပ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်၌ ကျင်းပမည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ယခုဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံက အားကစားနည်း ၂၉ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာအားကစားအဖွဲ့သည် အားကစားသမား ၃၈၄ ဦးအပါအဝင် အဖွဲ့ဝင်အင်အား ၅၆၅ ဦးဖြင့် ယှဉ်ပြိုင်လျက်ရှိပြီး ဘောလုံး(ကျား/မ)၊ ဖူဆယ်၊ ရေကူး/ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့်စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ ခရစ်ကက်၊ စက်ဘီး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေး၊ ပီတန်း၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း/ခြင်းလုံး၊ သေနတ်ပစ်၊ Squash၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ ဓားရေး၊ အလေးမနှင့် ဝူရှူးအားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

## ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဟော်ကီအသင်းများ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၉**

မလေးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသားနှင့် အမျိုးသမီးဟော်ကီအသင်းသည် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

မြန်မာအမျိုးသားဟော်ကီအသင်းသည် နံနက်ပိုင်းက ထွက်ခွာသွားပြီး အုပ်ချုပ်သူ ဦးဇော်ဝင်း၊ လက်ထောက်အုပ်ချုပ်သူ ဦးသိန်းထွေး၊ နည်းစနစ်အကြံပေးအဖြစ် ပါကစ္စတန်နိုင်ငံသား Mr. Zahid Ali၊ နည်းပြများအဖြစ် ဦးထွန်းထွန်းဦး၊ ဦးမိုးဇော်၊ ဦးကျော်စိုးလှိုင်နှင့် အားကစားသမား ၁၈ ဦးတို့ လိုက်ပါသွားသည်။

ထို့အတူ မြန်မာအမျိုးသမီးအသင်းသည် ညနေပိုင်းတွင် ထွက်ခွာသွားပြီး အုပ်ချုပ်သူ ဦးနေထွန်း၊ လက်ထောက် အုပ်ချုပ်သူ ဒေါ်ခင်လေးမွန်၊ နည်းစနစ်အကြံပေးအဖြစ် ပါကစ္စတန်နိုင်ငံသား Mr. Asif Maqsood၊ နည်းပြများအဖြစ် ဦးအောင်မှူး၊ ဦးသူရကျော်တို့ လိုက်ပါသွားခဲ့သည်။ ဆီးဂိမ်းအမျိုးသားဟော်ကီပြိုင်ပွဲတွင် မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ(၁၉-၈-၂၀၁၇)အထိ

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၇ | ၄ | ၅ | ၁၆ |
| ၂ | စင်ကာပူ | ၃ | ၃ | ၃ | ၉ |
| ၃ | ထိုင်း | ၃ | ၃ | ၁ | ၇ |
| ၄ | အင်ဒိုနီးရှား | ၂ | ၂ | ၄ | ၈ |
| ၅ | မြန်မာ | ၂ | ၁ | ၀ | ၃ |
| ၆ | ဖိလစ်ပိုင် | ၁ | ၁ | ၂ | ၄ |
| ၇ | ဗီယက်နမ် | ၀ | ၃ | ၁ | ၄ |
| ၈ | လာအို | ၀ | ၁ | ၁ | ၂ |
| ၉ | ဘရူနိုင်း | ၀ | ၀ | ၃ | ၃ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ Fencing (ဓားခုတ်)အားကစားအသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ Fencing အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးဝင်း၊ အုပ်ချုပ်သူ ကျော်ဝင်းနိုင်၊ တရုတ်နည်းပြနှင့် အားကစားသမား လေးဦးတို့အား ဩဂုတ် ၁၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်
တင်စိုး(မြန်မာ့အလင်း)





### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ အကွက်အမှတ် ၁၆A၊ ခေတ္တရာအနောက်ကွက်၊ ဦးပိုင်အမှတ် ၄၉၂မှမြေဧရိယာ ၀ဒသမ၀၅၅ဧကနှင့် ဦးပိုင်အမှတ် ၄၉၃မှ မြေဧရိယာ ၀ဒသမ၀၁၄ဧက စုစုပေါင်း ၀ဒသမ၀၆၉ဧကကို ဦးနိုင်လင်းရွှေ ၇/ပမန(နိုင်)၁၂၇၃၇၅(ဂရန်အမည်ပေါက်)လျှောက် ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဦးနိုင်လင်းရွှေ**
**ဖုန်း-၀၉-၉၇၁၀၄၂၁၄၉**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၅)လမ်း၊ တိုက်ခန်းအမှတ် ၁၅Bတွင် နေထိုင်သူ ဦးကြည်ဦးနှင့် ဒေါ်မာလာဦး ၁၂/ကခက(နိုင်)၀၅၁၄၀၆ တို့သည် ဒေါ်လှလှတင် ၁၁/မတန(နိုင်)၀၀၅၁၇၉ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၆)လမ်း၊ တိုက်-၁၂၊ ခြောက်လွှာ Aတိုက်ခန်းတစ်ခန်းအား အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီဖြစ်၍ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက စာချုပ်စာတမ်းအစုံအလင်ဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုဆင့်**
**LL.B,DBL,DML,DIL,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၁၉၃၉**
**ဖုန်း-၀၉-၄၂၁၁၅၂၄၃၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-၁၂-A) (ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်-အေးရိပ်မွန်(၂)၊ မြေကွက်အမှတ်-၂၄၆၊ ဧရိယာ ၀ဒသမ၁၆၃ဧကရှိ ဒေါ်ခင်ခင်မာ အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ရတနာမွန်(၁)လမ်း၊ အမှတ် ၁၂ဟုခေါ်တွင်သော နှစ်ထပ်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်မာ ၁၂/ကမတ(နိုင်)၀၁၉၂၁၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်၊ မြေ အရောင်းအဝယ်ပြုလုပ်ခြင်းအား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်သီတာအောင် LL.B** **ဦးရွှေသိန်းမြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၅၁)** **အထက်တန်းရှေ့နေ(စဉ်-၁၈၄၉၆)**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၈၇၀၃၊ ၀၉-၂၅၀၀၂၁၇၇၂**

### ကုန်အမှတ်တံဆိပ် သတိပေးကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ်-၃၁တွင် ဖွဲ့စည်းတည်ထောင်ထားသော စိန်စံပွင့်ယ်ဖူး နှင့်ထုးဖြန့်ချီရေး ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏လွှဲအပ်ညွှန်ကြားချက်အရ အသိ ပေးကြေငြာအပ်ပါသည်။

အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်ကို ရန်ကုန်မြို့ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် - ၈၄၄၅/၁၇ဖြင့်**"စိန်စံပွင့်ယ်ဖူးနှင့်ထုး"** ဖြန့်ချီရေးကုမ္ပဏီလီမိတက်၏မူပိုင်အဖြစ် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

Diamond Baby

အထက်ဖော်ပြပါ **Diamond Baby** ဟူသောအမှတ်တံဆိပ်အမည်ကို မိမိတို့ကုမ္ပဏီမှတင်သွင်းသော လူသုံးကုန်ပစ္စည်းအမျိုးမျိုးတွင် ကပ်နှိပ်လျက် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်ကို မည်သူတစ်စုံတစ်ဦးကမျှ ဆင်တူယိုးမား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ဖြစ်အောင်၊ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ် စေ၊ သံတူကြောင်းကွဲ ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲခြင်းမပြုရန် သတိပေးထားမြစ်အပ်ပါသည်။

မိမိတို့ကုမ္ပဏီပိုင် အမှတ်တံဆိပ်အမည်အမှတ်အသားကို မည်သူမဆို တုပသုံးစွဲနေကြောင်းတွေ့မြင်ကြားသိရပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်တရားရုံးတွင်မဆို ရာဇဝတ်ကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးကြေငြာအပ်ပါသည်။
**ဒေါ်နီလာအေး (တရားလွှတ်တော်ရှေ့နေ)ဖုန်း-၀၆၅၀၇၀၁၂၈**
အမှတ်-၁၀၄၊ ပထမထပ်၊ ၃၉ လမ်း (အောက်)ကျောက်တံတားမြို့နယ်

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၉၂၆၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးကံမြင့် ၁၂/စခန(နိုင်)၀၃၀၁၈၉မှ ၎င်း၏သား မောင်ရန်နောင်စိုး ၁၂/စခန(နိုင်)၀၀၃၁၈၅သည် ဖခင်အား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို နောက်နောင်တွင် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။
**ဦးကံမြင့် ၁၂/စခန(နိုင်)၀၃၀၁၈၉**

### THREE STAR

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New

1HP

၃ နှစ် အာမခံ

တပ်ဆင်ပြီးဈေးနှုန်း 290000-Ks

(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)

"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"

တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

### ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁)ဒသမတန်း ငှ၀ါအခန်းမှ မချောစုဝင်းနှင့် အဋ္ဌမတန်း ငှ၀ါခန်းအခန်းမှ မယဉ်မင်းသန့်တို့၏ ဖခင်အမည်အမှန်မှာ ဦးဝင်းဝင်းဇော် ၉/မခန(နိုင်)၁၄၂၇၂၉ ဖြစ်ပါကြောင်း။
ဦးဝင်းဝင်းဇော် ၉/မခန(နိုင်)၁၄၂၇၂၉

### တစ်ဦးတည်းဖြစ်ပါကြောင်း

သဲကုန်းမြို့နယ်၊ ပျဉ်ထောင်ကျေးရွာနေ မမေသူစိုး၏ ဖခင် ဦးအုံးသိန်း(ခ)ဦးအုန်းသိန်း ၁၃/ကမန(နိုင်)၀၁၀၃၃၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအုံးသိန်း(ခ)ဦးအုန်းသိန်း**

### မွေးသက္ကရာဇ်အမှန်

သဲကုန်းမြို့နယ်၊ ပျဉ်ထောင်ကျေးရွာနေ မမေသူစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၆-၁၉၉၃ ဖြစ်ပါကြောင်း။
၂၇-၆-၁၉၉၃

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ် (အထက) ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(ဃ)မှ ကျောင်းဝင်အမှတ်(၁၂၃/၂၀၁၂)မစန္ဒာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်ချောကလျာ ၁၀/ခဆန(နိုင်)၁၁၀၁၂၅ ဖြစ်ပါသည်။ **ဒေါ်ချောကလျာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နက်မောက်မြို့နယ်၊ ဘုန်းတော်ပြည့်ကျေးရွာနေ အထက(၃)တက္ကသိုလ်ဝင်တန်းမှ မလဲ့လဲ့ထွန်း၏ဖခင် ဦးမျိုးနိုင် ၈/နမန(နိုင်)၁၇၀၄၂၃ နှင့် ဦးစိုးပိုင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံ အထက တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ် (၆၃/၂၀၀၆) မအိမာ စိုး၏ မိခင်အမည်မှန်မှာ ဒေါ်သွယ်သွယ်ခိုင် CZN- ၁၅၉၀၃၅ ဖြစ်ပါသည်။

### မိဘအမည်မှန်

ချောင်းဆုံမြို့နယ် (အထက)ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(ဃ)မှ ကျောင်းဝင်အမှတ် (၂၅၃/၂၀၁၅)မအေးသင်းကြည်၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၁၀/ခဆန(နိုင်) ၀၀၅၁၀၀ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်သက်မူ ၁၀/ခဆန(နိုင်)၀၀၄၉၂၂ ဖြစ်ပါသည်။ **ဦးသန်းဝင်း-ဒေါ်သက်မူ**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့ (အထက)ရွာတန်း ဆဋ္ဌမတန်း မဝတ်မှုံဇင်၏ဖခင် ဦးသိန်းတန်ဦး၏ အမည်မှန်မှာ ဦးသိန်းတန် ၉/ရမသ(နိုင်)၀၆၇၈၀၅ ဖြစ်ပါကြောင်း။ **ဦးသိန်းတန်**

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ် (၁၀၁/၂၀၁၂) မောင်ရန်ပိုင်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းလဲ့ခိုင် ၁၀/ခဆန(နိုင်)၀၆၉၆၁၇ ဖြစ်ပါသည်။
**ဒေါ်ဝင်းလဲ့ခိုင်**

### မိခင်အမည်မှန်

ချောင်းဆုံမြို့နယ် (အထက) ချောင်းဆုံ တက္ကသိုလ်ဝင်တန်း(ဃ)မှ ကျောင်းဝင်အမှတ် (၇၅/၂၀၁၁) မအိသီဂီကိုကို၏ မိခင်အမည်မှန်မှာ ဒေါ်အုံးလှ ၁၀/ခဆန(နိုင်)၀၃၄၉၆၅ ဖြစ်ပါသည်။ **ဒေါ်အုံးလှ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နက်မောက်မြို့၊ ဘုန်းတော်ပြည့်ကျေးရွာနေ အထက(၃)တက္ကသိုလ်ဝင်တန်းမှ မသင်းယုဝေ၏ဖခင် ဦးသိန်းလှိုင် ၈/နမန(နိုင်)၂၀၃၃၁၈နှင့် ဦးဘိုသိန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံ အထက ကျောင်းဝင်အမှတ် (၁၃၂/၂၀၁၂)တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်မျိုးစန်းပိုင်၏အမည်မှန်မှာ မောင်မျိုးဆန်းပိုင်၁၀/ခဆန(နိုင်)၁၅၁၉၅၇ ဖြစ်ပါကြောင်း။ **မောင်မျိုးဆန်းပိုင်**

## ဒေါ်နယ်ထရန့် အိမ်ဖြူတော်မူဝါဒရေးရာအကြီးအကဲကို ရာထူးမှအနားပေး



**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ၎င်း၏ အိမ်ဖြူတော်မူဝါဒရေးရာအကြီးအကဲ စတိဗ်ဘန်နွန်ကို ရာထူးမှအနားပေးလိုက်ကြောင်း အိမ်ဖြူတော်က ယမန်နေ့တွင် ကြေညာခဲ့သည်။

ဘန်နွန်သည် အုပ်ချုပ်ရေးပိုင်းတွင် ဩဇာလွှမ်းမိုးသူတစ်ယောက်ဖြစ်သည်။ ဘန်နွန်ကို သမ္မတထရန့်၏အနီးကပ်လက်ထောက် သို့မဟုတ် နောက်ကွယ်မှ စီစဉ်ပေးသူအဖြစ် သတ်မှတ်ကြသည်။

ဘန်နွန်သည် ကုန်သွယ်ရေးဆိုင်ရာမူဝါဒကာကွယ်ရေးနှင့် တင်းကျပ်သော လူဝင်မှုကြီးကြပ်ရေးဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့သည်။ ၎င်း၏တင်းကျပ်ပြင်းထန်သော ခံယူချက်သဘောထားများက သမ္မတဒေါ်နယ်ထရန့်၏ သမက်နှင့်အဆင့်မြင့် အကြံပေး ဂျာရက်ကူ့ရှ်နာနှင့် အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာမက်မာစတာတို့ကြား ပဋိပက္ခများဖြစ်ပွားစေခဲ့သည်။

အိမ်ဖြူတော်အရာရှိအတော်များများ ရာထူးမှအနားပေးခံရခြင်း သို့မဟုတ် နုတ်ထွက်မှုများဖြစ်ပွားပြီးနောက် ၎င်း၏ ရာထူးမှ အနားပေးခံရမှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဘန်နွန်ကို ရာထူးမှအနားပေးလိုက်ခြင်းသည် လက်ရှိအခြေအနေများကို ပြန်လည်ထိန်းညှိနိုင်ရန်အတွက် သမ္မတထရန့်၏ ကြိုးစားမှုဖြစ်နိုင်ကြောင်း လေ့လာစောင့်ကြည့်သူများက ပြောကြားခဲ့သည်။

၎င်းကိုဖြုတ်ချလိုက်ခြင်းကြောင့် "အမေရိကန်ပထမ" မူဝါဒအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိနှင့် ကွန်ဆာဗေးတစ်ထောက်ခံသူများက ထရန့်အစိုးရကို စွန့်ခွာသွားခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

## သဘာဝဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီကူညီရန် ဂျပန်ဂြိုဟ်တုတစ်စင်းလွှတ်တင်

**တိုကျို ဩဂုတ် ၁၉**

ဂျပန်နိုင်ငံသည် တတိယမြောက်ဂြိုဟ်တု သယ်ဆောင်ရေး ဒုံးပျံတစ်စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အိတ်ချ်-တူးအေဒုံးပျံကို ဂျပန်နိုင်ငံ အနောက်တောင်ဘက်ရှိ တာနီဂါရှိမာအာကာသစခန်းမှ ဒေသစံတော်ချိန် စနေနေ့ ညနေ ၂ နာရီ ၂၉ မိနစ်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။



အဆိုပါဒုံးပျံသည် မီချီဘီကီ အမှတ် (၃) ဂြိုဟ်တုကို တင်ဆောင်သွားကြောင်း သိရသည်။

ဂျီပီအက်စ်စနစ်သုံး ဂြိုဟ်တုကို ဒုံးပျံလွှတ်တင်ပြီး ၂၈ မိနစ်အကြာ၊ အမြင့် ၄၂၀ ကီလိုမီတာအရောက်တွင် ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ချထားပေးနိုင်ခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ် ကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီမှု လုပ်ဆောင်နိုင်ရန်အတွက် အဆိုပါ ဂြိုဟ်တုကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုမှတစ်ဆင့် ကယ်ဆယ်ရေးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဖလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## ဂျပန်နိုင်ငံအလယ်ပိုင်းမြေပြိုမှု လူခြောက်ဦးဒဏ်ရာရရှိ

**တိုကျို ဩဂုတ် ၁၉**

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် အဝေးပြေးကားလမ်းတစ်ခုပေါ်သို့ မြေပြိုကျမှုဖြစ်ပွားခဲ့ရာ ကားလေးစီး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါမြေပြိုမှုတွင် ကလေးနှစ်ဦးအပါအဝင် လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မြေပြိုမှုသည် ဂျီဖူစီရင်စုချူဟွာအဝေးပြေးလမ်းပိုင်းတစ်နေရာတွင် ယမန်နေ့ညကဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မြေပြိုမှုကြောင့် လမ်းပေါ်တွင် မီတာ ၆၀ ခန့်အထိ မြေဖုံးလွှမ်းမှုများဖြစ်ပွားခဲ့သည်။ တချို့နေရာများတွင် ဖုံးလွှမ်းမြေကြီးထုသည် တစ်မီတာအထက်ရှိကြောင်း သိရသည်။ ရာသီဥတုဆိုးရွားပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယခုကဲ့သို့ မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## တူနီးရှားကြားဖြတ်အစိုးရ စီးပွားရေးဝန်ကြီး နုတ်ထွက်

**တူးနစ် ဩဂုတ် ၁၉**

တူနီးရှားကြားဖြတ်အစိုးရ စီးပွားရေးဝန်ကြီး ဖက်ဒယ်အက်ဒယ်ကဗီက ၎င်းသည် နောက်လတွင်ပြုလုပ်မည့် တရားမဝင်ဘဏ္ဍာရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်ပြီး တရားရုံးဆိုင်ရာအမှုတစ်ခုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ရာထူးမှနုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

လက်ရှိအစိုးရ၏ ရှက်စရာကောင်းသည့် ကိစ္စရပ်များမှာ မပါဝင်ကြောင်း၊ ဝန်ကြီးတစ်ဦးအနေဖြင့်မဟုတ်ဘဲ နိုင်ငံသားတစ်ဦးအနေဖြင့် မိမိကိုယ်မိမိကာကွယ်သင့်ကြောင်း အက်ဒယ်ကဗီက ပြောသည်။ အက်ဒယ်ကဗီသည် ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏ နုတ်ထွက်စာကို ဝန်ကြီးချုပ် ယူဆက်ဖ်ချာဟက်က လက်ခံခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အိန္ဒိယအရှေ့ပိုင်း ရေကြီးမှု လူ ၁၀၀ ထက်မနည်းသေဆုံးပြီး ၁၀ သန်းကျော် ရေဘေးခံစားနေရ

**နယူးဒေလီ ဩဂုတ် ၁၉**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သော ဗီဟာတွင် ရေကြီးမှုအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့ပြီး လူပေါင်း ၁၀၀ ထက်မနည်းသေဆုံးခဲ့ကာ ဆယ်သန်းခန့် ရေဘေးဒုက္ခခံစားနေရကြောင်း အာဏာပိုင်များက မကြာသေးမီတွင် ပြောကြားခဲ့သည်။



အဆိုပါပြည်နယ်ရှိ ပါနီးရား ခါသီဟာ၊ မိုသီဟာရီနှင့် မဒီပူရဒေသများတွင် ရေများကျဆင်းသွားခြင်းမရှိသေးကြောင်း အရာရှိတစ်ဦးက ပြောသည်။ ဂူပယ်ဂန့်ချ် ဒေသရှိ ဆာရန်ရေကာတာလည်း ကျိုးသွားခဲ့သဖြင့် ကျေးရွာပေါင်း ၁၀ ရွာထက်မနည်း ရေဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။ ရေဘေးဒုက္ခခံစားနေရသောဒေသများတွင် နောက်ထပ်သေဆုံးသူအရေ အတွက်မှာ ၁၂၇ ဦးအထိ မြင့်တက်လာကြောင်း နိုင်ငံပိုင်ရုပ်သံလွှင့်ဌာန အောလ်အိန္ဒိယရေဒီယိုက ကြေညာခဲ့သည်။

ရေဘေးဒုက္ခခံစားနေရသောဒေသများတွင် ကယ်ဆယ်ရေးအဖွဲ့စုစုပေါင်း ၄၃ ဖွဲ့က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဘေးဒုက္ခခံစားနေရသောဒေသများရှိ ရေဘေးဒုက္ခသည်များအတွက် ရဟတ်ယာဉ်နှစ်စင်းဖြင့် အစားအစာနှင့် ရိက္ခာခြောက်များ ပေးပို့ကူညီဖြန့်ဝေလျက်ရှိကြောင်း သက်ဆိုင်ရာအရာရှိတစ်ဦးက ပြောခဲ့သည်။ ထို့အပြင် ရေယာဉ်အစင်းပေါင်း ၂၃၃၀ ခန့်ကိုလည်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သောရက်များက မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဗီဟာပြည်နယ်မြို့တော် ပတ်တနာမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ရေများရုတ်တရက်ကြီးလာပြီး ရေဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။ ထို့အပြင် အိမ်နီးချင်း နီပေါနိုင်ငံတွင်လည်း အလားတူ ဒုက္ခများခံစားခဲ့ရကြောင်း သိရသည်။ ရေကြီးမှုကြောင့် သေဆုံးသွားခဲ့သော မိသားစုဝင်များအတွက် နစ်နာကြေးအဖြစ် မိသားစုတစ်စုလျှင် အမေရိကန် ဒေါ်လာ ၆၂၁၆ ဒေါ်လာ ပေးအပ်မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရက ကြေညာခဲ့သည်။

**(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘာစီလိုနာ၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဘာရာဇီးရှုတ်ချ

**ရီယိုဒီဂျနေးယို ဩဂုတ် ၁၉**

စပိန်နိုင်ငံ ဘာစီလိုနာ၌ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတွင် လူ ၁၃ ဦးသေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ရာ ယင်းဖြစ်ရပ်ကို ရှုတ်ချကြောင်း ဘာရာဇီးနိုင်ငံခြားရေးဝန်ကြီးက ကြာသပတေးနေ့တွင် ပြောခဲ့သည်။ ထိခိုက်ခံစားခဲ့ရသည့် မိသားစုဝင်များကို စာနာကြောင်း ၊ဒဏ်ရာရရှိသူများကို အမြန်ဆုံး သက်သာစေလိုကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချကြောင်း ပြောကြားခဲ့သည်။ ဘာစီလိုနာ၏ လူစည်ကားရာနေရာတွင် လူအုပ်အတွင်းသို့ အကြမ်းဖက်တိုက်ခိုက်သူများက ဗင်ကားတစ်စီး မောင်းနှင်ခဲ့ခြင်းဖြစ်သည်။

သောကြာနေ့ နံနက်ခင်းတွင် ဘာစီလိုနာမြို့တောင်ဘက် ကီလိုမီတာ ၁၂၀ ခန့်အကွာ ကမ်ဘရေလ်မြို့၌ သံသယရှိသူ လူလေးဦး ထက်မနည်းကို သုတ်သင်ရှင်းလင်းခဲ့ပြီး အခြားသော အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ထားမှုကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း ရဲများက ပြောသည်။ **ဆင်ဟွာ**

### ကာတာနိုင်ငံမှ ဘုရားဖူးများအတွက် ဆော်ဒီနယ်စပ်ကိုဖွင့်ပေးမည်

**ရီယာ့ဒ် ဩဂုတ် ၁၉**

ယခုလအစပိုင်းတွင် မက္ကာသို့ ဘုရားဖူးလာမည့် ကာတာနိုင်ငံမှ ဘုရားဖူးများအတွက် ဆော်ဒီနယ်စပ်ကို ဖွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဇွန်လအတွင်း ဆော်ဒီအာရေဗျနိုင်ငံ အပါအဝင် အာရပ်ကမ္ဘာမှ နိုင်ငံအချို့က ကာတာနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ပြီးနောက် ပထမဦးဆုံးအကြိမ် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ယခုကဲ့သို့ အဖြေထွက်ပေါ်လာခြင်းဖြစ်သည်။ ကာတာနိုင်ငံက အကြမ်းဖက်သမားများကို ကူညီသည်ဟူသော အကြောင်းပြချက်ဖြင့် သံတမန်ဆက်သွယ်ရေး ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ကာတာနိုင်ငံမှ ဘုရားဖူးများသည် မက္ကာသို့ ဘုရားဖူးလာသည့်အခါ ဆော်လ်ဝါနယ်စပ်ကို အခက်အခဲမရှိ ဖြတ်ကျော်နိုင်ကြောင်း ဆော်ဒီသတင်းဌာနမှ အရာရှိကြီးများက ထုတ်ဖော်ပြောကြားသည်။ ဆော်ဒီလေဆိပ်မှ တစ်ဆင့်လည်း ဝင်ရောက်နိုင်ကြောင်း ပြောကြားသည်။ **ဘီဘီစီ**

### ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ အောက်တိုဘာတွင် ပြန်စနိုင်ရန်စီစဉ်

**ဂျီနီဗာ ဩဂုတ် ၁၉**

ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က အောက်တိုဘာလအတွင်း၌ ဂျီနီဗာတွင် ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ကြာသပတေးနေ့က ပြောသည်။ ၎င်းက သုံးဖွဲ့ကွဲနေသော ဆီးရီးယား အတိုက်အခံအုပ်စုကို ဂျီနီဗာ၌ ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်နိုင်ရန်အတွက် စုစည်းညီညွတ်မှုရရန်လည်း မျှော်လင့်ထားကြောင်း ပြောသည်။ **ဆင်ဟွာ**

# ဆွေးနွေးညှိနှိုင်းရန် ခက်ခဲနေသည့် ဗြိတိန်နှင့် အီးယူကြားမှ လိုလားချက်များ

ချူးစန္ဒီနွေး



**၂၀၁၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့မှာ ဗြိတိန်ဟာ ဥရောပသမဂ္ဂကနေခွဲထွက်ဖို့ ဆန္ဒမဲကောက်ခံခဲ့ပါတယ်။ ခွဲထွက်ဖို့ဘက်က ၅၁ ဒသမ ၉ ရာခိုင်နှုန်း၊ အုပ်စုအတွင်းမှာ ဆက်လက်တည်ရှိလိုတဲ့ဘက်က ၄၈ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ခွဲထွက်ဖို့ဘက်က အလေးသာခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ကနေ ခွဲထွက်ဖို့ ပြင်ဆင်ရပါတော့တယ်။**

**ဗြိတိန်နိုင်ငံအတွင်းမှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေက ပြည်သူတွေ ၃ ဒသမ ၂ သန်းရှိပြီးတော့ ဗြိတိန်နိုင်ငံသား ၁ ဒသမ ၂ သန်းကတော့ အခြားသော အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံမှာ ပျံ့နှံ့နေထိုင်ပါတယ်။ အဲဒီနိုင်ငံသားတွေရဲ့ အခွင့်အရေးဆိုရာမှာ သက်ကြီးပင်စင်ကြေးစတာတွေလည်း ပါဝင်ပါတယ်။ ဗြိတိန်အစိုးရဟာ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ဆွေးနွေးဖြေရှင်းဖို့ လိုအပ်တယ်ဆိုတာကို ကနဦးဆွေးနွေးပွဲတွေမှာ သဘောတူပြီးသားပါ**

ဒီလို ကြီးမားတဲ့အပြောင်းအလဲကြီးကြောင့် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ရာထူးကနုတ်ထွက်သွားပြီး ထရီဆာမေက ဝန်ကြီးချုပ်အသစ်ဖြစ်လာခဲ့ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်ပဲ ဆက်လက်တည်ရှိလိုတဲ့ ပြည်သူအချို့ဟာ လမ်းပေါ်မှာ ဆန္ဒပြတောင်းဆိုမှုတွေ ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီပွဲဟာ ပြင်ဆင်လို့မရတဲ့ပွဲတစ်ခုပါပဲ။ ဥရောပသမဂ္ဂကနေ ထွက်ဖို့ကိစ္စတွေကို ဆောင်ရွက်ရတော့မယ့်အချိန် ရောက်နေပါပြီ။ နှစ်ပေါင်းများစွာပါဝင်ခဲ့တဲ့ အဖွဲ့ကြီးကနေ နုတ်ထွက်သွားဖို့ကတော့ လွယ်လွယ်နဲ့ ပြီးမသွားပါဘူး။ စီးပွားရေးအရ ပြင်ဆင်စရာတွေ၊ ညှိနှိုင်းစရာတွေ အများကြီးရှိနေပါတယ်။

အခုလတ်တလော ဖြစ်နေတာကတော့ ဗီဇာကင်းလွတ်ခွင့်ပါ။ ဗြိတိန်အစိုးရဘက်က သူတို့ အဖွဲ့ကြီးကနေ နုတ်ထွက်သွားပြီးနောက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ပြည်သူတွေ ဗြိတိန်ကိုလာတဲ့အခါ ဗီဇာကင်းလွတ်ခွင့်ကို ဆက်ပေးထားဖို့ အစီအစဉ်တွေ ရှိပုံရပါတယ်။ ဒါပေမယ့်လည်း အီးယူအဖွဲ့ဝင်နိုင်ငံကပြည်သူတွေ အလုပ်လုပ်ဖို့၊ ပညာသင်ကြားဖို့နဲ့ ဗြိတိန်မှာ အခြေချနေထိုင်ဖို့ဆိုရင်တော့ ခွင့်ပြုချက်လျှောက်ထားဖို့တော့ လိုအပ်မှာပါ။ လတ်တလောမှာတော့ အီးယူက နိုင်ငံသားတွေဟာ ဗြိတိန်မှာ ခွင့်ပြုချက်တောင်းစရာမလိုဘဲ နေထိုင်ခွင့်နဲ့ အလုပ်လုပ်ကိုင်ခွင့်ရှိပါတယ်။ အလည်အပတ်လာရောက်သူတွေကို ဗီဇာကင်းလွတ်ပေးဖို့ ဗြိတိန်အစိုးရဘက်က စဉ်းစားနေပေမယ့် အဲဒီခရီးသွားတွေဟာ ခွင့်ပြုချက်မရှိဘဲ၊ ဗီဇာမရှိဘဲ နိုင်ငံအတွင်းမှာ အလုပ်တွေလုပ်ကိုင်နေတာမျိုး၊ အကြာကြီးနေထိုင်တာမျိုး ဖြစ်လာခဲ့ရင် အစိုးရအနေနဲ့ ဘယ်လိုကိုင်တွယ်ဖြေရှင်းမှာလဲ။

အနာဂတ်မှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေက ပြည်သူတွေအတွက် လူဝင်မှုကြီးကြပ်ရေးစနစ်နဲ့ ပတ်သက်ပြီးတော့ အဆိုပြုချက်တွေကို သင့်တော်တဲ့အချိန်ကာလမှာ ချပြသွားမယ်လို့ ဗြိတိန်ဘက်က ဆိုပါတယ်။

၂၀၁၉ ခုနှစ် မတ်လမှာ အီးယူကနေ ဗြိတိန် တရားဝင်ထွက်ခွာတော့မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ လူဝင်မှုကြီးကြပ်ရေးစနစ်ဟာ ဘယ်လိုဖြစ်လာမှာလဲ။ ဗြိတိန် အီးယူမှ နုတ်ထွက်ရေးစေ့စပ်ညှိနှိုင်းမှုအဖွဲ့ရဲ့ အကြံပေးမှုအတိုင်း ဗီဇာကင်းလွတ်ခွင့်ပေးမလား ဆိုတာကတော့ အီးယူအဖွဲ့ကြီးရဲ့ ဆုံးဖြတ်ချက်ကလည်း ပဓာနကျပါတယ်။ ဗြိတိန်ပါလီမန်အမတ်တစ်ဦးဖြစ်တဲ့ အန်ဒယူဘာ့ဒ်ဂန်ကတော့ ဗီဇာကင်းလွတ်ခွင့်တွေကိုပိတ်လိုက်ရင် အင်္ဂလန်ဟာ သေးသေးလေးပဲဖြစ်သွားမယ်လို့ ဆိုပါတယ်။ ကိုယ့်ဘက်ကနေ ကန့်သတ်မှုတွေ လုပ်လိုက်ရင် သူ့ဘက်ကနေလည်း ကန့်သတ်မှုတွေလုပ်မှာပဲ။ အခုအချိန်မှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေဆီကိုသွားဖို့ ဗီဇာမလိုသေးပေမယ့် နောင်တစ်ချိန်မှာ လိုအပ်လာတဲ့အခါ ဗြိတိန်ပြည်သူတွေအတွက် အဆင်ပြေပါ့မလား။

ဩစတြေးလျနဲ့ အမေရိကန်က ခရီးသွားတွေ ဗြိတိန်ကိုလာတဲ့အခါ ဗီဇာမလိုဘဲ ဗြိတိန်မှာ ခြောက်လနေထိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် အဲဒီခရီးသွားတွေဟာ ဗြိတိန်မှာ တရားမဝင်အလုပ်လုပ်ကိုင်တာမျိုးတော့ လုပ်ကိုင်ခွင့်မရပါဘူး။ အီးယူကနေ နုတ်ထွက်ဖို့ဆောင်ရွက်တဲ့အခါ ဗီဇာကိစ္စတွေအပြင် အခြားသော ဆွေးနွေးတိုင်ပင်ရမယ့် ကိစ္စတွေ အများကြီးရှိနေပါသေးတယ်။ အောက်တိုဘာလအတွင်းမှာ ဆွေးနွေးတိုင်ပင်မှုတွေ နောက်တစ်ကျော့ပြန်စနိုင်ဖို့ ဗြိတိန်ဘက်က မျှော်လင့်ထားပါတယ်။ အနာဂတ်မှာ အီးယူအဖွဲ့ကြီးနဲ့ ဘယ်လိုမျိုးဆက်သွယ်မှုတွေပြုလုပ်မလဲဆိုတာကို ဆက်လက်ဆွေးနွေးဖို့တွေ ကျန်ရှိနေပါသေးတယ်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကတော့ အီးယူကနေ နုတ်ထွက်ပြီးတဲ့နောက် အသစ်တစ်ဖန်ဆက်ဆံရေးတွေ ပြန်လည်တည်ဆောက်ဖို့ ဆွေးနွေးလိုပါတယ်။ ဒါပေမယ့်လည်း အီးယူဘက်ကတော့ သူတို့လိုလားတဲ့အချက်သုံးချက်မှာ တိုးတက်တဲ့ အလားအလာ မရှိသေးဘဲနဲ့တော့ အနာဂတ်မှာ စီးပွားရေးကိစ္စတွေ အတူလက်တွဲ ဆောင်ရွက်နိုင်ဖို့ဆိုတာ မစဉ်းစားနိုင်သေးပါဘူး။ အဲဒီအချက်တွေကတော့ နိုင်ငံသားတွေအတွက် အခွင့်အရေး၊ မြောက်အိုင်ယာလန်နယ်စပ်ကိစ္စနဲ့ အီးယူကနေ နုတ်ထွက်တဲ့အတွက် ရှင်းလင်းရမယ့် ငွေကြေးကိစ္စတွေပဲ ဖြစ်ပါတယ်။ ဒီကိစ္စတွေကို ဆွေးနွေးတဲ့အခါမှာ တိုးတက်မှုအလားအလာတွေရှိမှ အခြားသော ကိစ္စရပ်တွေကို ရှေ့ဆက်ညှိနှိုင်းလို့ ရမှာပါ။

ဥရောပကော်မရှင်ကတော့ ဗြိတိန်နိုင်ငံအတွင်းမှာရှိတဲ့ အီးယူနိုင်ငံသားတွေရဲ့အခွင့်အရေးနဲ့ အီးယူနိုင်ငံအတွင်းမှာရှိတဲ့ ဗြိတိန်နိုင်ငံသားတွေရဲ့ အခွင့်အရေးကို အာမခံချက်ရအောင် နည်းလမ်းတွေရှာဖွေသွားမယ်လို့ ဆိုပါတယ်။

ဗြိတိန်နိုင်ငံအတွင်းမှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေကပြည်သူတွေ ၃ ဒသမ ၂ သန်းရှိပြီးတော့ ဗြိတိန်နိုင်ငံသား ၁ ဒသမ ၂ သန်းကတော့ အခြားသော အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံမှာ ပျံ့နှံ့နေထိုင်ပါတယ်။ အဲဒီနိုင်ငံသားတွေရဲ့ အခွင့်အရေးဆိုရာမှာ သက်ကြီးပင်စင်ကြေးစတာတွေလည်း ပါဝင်ပါတယ်။ ဗြိတိန်အစိုးရဟာ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ဆွေးနွေးဖြေရှင်းဖို့ လိုအပ်တယ်ဆိုတာကို ကနဦးဆွေးနွေးပွဲတွေမှာ သဘောတူပြီးသားပါ။ အီးယူဘက်ကနေ နိုင်ငံသားတွေရဲ့အခွင့်အရေးနဲ့ပတ်သက်ပြီး ဗြိတိန်အစိုးရကို အသေးစိတ်အချက်အလက်တွေ ပေးပို့ပြီးသားပါ။ ဗြိတိန်ဘက်က တုံ့ပြန်တာကတော့ အီးယူကနေ ထွက်ခွဲပြီးတဲ့နောက် အီးယူနိုင်ငံသားတွေရဲ့ အခွင့်အရေးနှင့်ပတ်သက်ပြီး ဥရောပတရားရုံးကနေ ဆုံးဖြတ်ပေးစရာမလိုဘူး။ ဗြိတိန်ဘက်ကလည်း နိုင်ငံသားအခွင့်အရေးနဲ့ပတ်သက်ပြီး အခွင့်အရေးသစ်တွေ ဖန်တီးသွားမယ်လို့ ဆိုပါတယ်။ နိုင်ငံသားအခွင့်အရေးနဲ့ ပတ်သက်ပြီး အီးယူက သတ်မှတ်ထားတဲ့အချက်တွေကတော့ အလုပ်အကိုင်အခြေအနေ၊ ကျန်းမာရေးဝန်ဆောင်မှု၊ နိုင်ငံခြားမှာ တရားဝင်အကာအကွယ်ပေးမှုတွေနဲ့ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်စတာတွေ ပါဝင်ပါတယ်။




နောက်ထပ်ပြဿနာတစ်ခုကတော့ မြောက်အိုင်ယာလန်ကိစ္စပါပဲ။ မြောက်အိုင်ယာလန်နဲ့ အိုင်ယာလန်နိုင်ငံတို့ဟာ နယ်စပ်တွေမှာ လွတ်လပ်စွာသွားလာခွင့်တွေရှိပါတယ်။ နယ်စပ်ကို ဖြတ်ကျော်တဲ့အခါမှာ နိုင်ငံကူးလက်မှတ် မလိုပါဘူး။ အီးယူကနေ ဗြိတိန်ထွက်ခွာပြီးတဲ့နောက်မှာကော အခြေအနေက ဘယ်လိုဆက်ရှိမှာလဲ။ ဗြိတိန်ဘက်က အဖွဲ့ကြီးကနေ နုတ်ထွက်ပြီးတဲ့နောက်မှာလည်း မြောက်အိုင်ယာလန်နဲ့ အိုင်ယာလန်နိုင်ငံကြားမှာ နယ်စပ်အရေးနဲ့ပတ်သက်ပြီး စိုးရိမ်စရာရှိမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။

နောက်ထပ် အခက်အခဲတစ်ခုကတော့ ထွက်ခွာကြေးနဲ့ ပတ်သက်တဲ့ကိစ္စပါပဲ။ ဒီကိစ္စကိုတော့ လွယ်လွယ်ကူကူ ဖြေရှင်းလို့ရမှာမဟုတ်ပါဘူး။ အီးယူနဲ့အတူ ပူးပေါင်းဆောင်ရွက်ထားတဲ့ လုပ်ငန်းတွေကအမြတ်တွေ ခွဲဝေယူမှုကိုလည်း ဗြိတိန်နုတ်ထွက်မှုမပြုခင် အပြီးရှင်းလင်းရမှာပဲ ဖြစ်ပါတယ်။ ဒါတွေအပြင် အီးယူကဝန်ထမ်းတွေအတွက် ပင်စင်ကြေး ဒါတွေကိုလည်း ပေးရဦးမှာပါ။ ၂၀၁၉ ခုနှစ် မတ်လမှာ အီးယူအဖွဲ့ကြီးကနေ ဗြိတိန်တရားဝင် ထွက်ခွာသွားတဲ့အခါ ဗြိတိန်ဘက်ကနေ ငွေကြေးဘယ်လောက် ပေးရမှာပါလဲ။ ဒါကတော့ ခက်ခဲတဲ့ဆွေးနွေးညှိနှိုင်းမှု ဖြစ်လာမှာပါ။ ယူရိုငွေ ဘီလီယံ ၆၀ ဝန်းကျင်ခန့်ပေးရမယ်ဆိုတဲ့ သတင်းလည်း ထွက်ပေါ်လာပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်းတွက်ချက်ကြည့်တဲ့အခါမှာတော့ ဘီလီယံ ၆၀ မကဘဲ ဘီလီယံ ၁၀၀ ဖြစ်နေပါတယ်။ ဗြိတိန်ဘက်ကတော့ အဲဒီငွေပမာဏကို မပေးနိုင်ဘူးလို့ ဆိုပါတယ်။

ဒီလိုမျိုးဆွေးနွေးညှိနှိုင်းဖို့ ခက်ခဲတဲ့ကိစ္စတွေ ရှိနေသေးတာကြောင့်လည်း ရှေ့ဆက်လက်လုပ်ဆောင်ရမယ့် ကိစ္စတွေမှာ နှောင့်နှေးရတာပါ။ ဩဂုတ်လ ၂၈ ရက်နေ့မှာလည်း နောက်ထပ်ဆွေးနွေးပွဲတစ်ခု ရှိပါသေးတယ်။ အဲဒီမှာတော့ အနာဂတ်မှာ ဗြိတိန်နဲ့ အီးယူတို့ စီးပွားရေးဆိုင်ရာ အတူပူးပေါင်းဆောင်ရွက်မှုတွေ ဘယ်လိုဆက်လက် လုပ်ဆောင်သွားမယ်ဆိုတာ ဆွေးနွေးနိုင်ဖို့ မသေချာသေးပါဘူး။ ဗြိတိန်ဘက်ကတော့ အောက်တိုဘာလမှာ လုပ်ငန်းစဉ်တွေ ဆက်လက်ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ထားပေမယ့် အီးယူက တောင်းဆိုထားတဲ့အချက်တွေနဲ့ ပတ်သက်ပြီး တိုးတက်မှုအလားအလာတွေ အများကြီးမရှိသေးတော့ ဆွေးနွေးပွဲတွေဟာ ဒီဇင်ဘာလအထိလည်း ရောက်သွားနိုင်တယ်လို့ ကောလာဟလတွေ ထွက်ပေါ်နေပါတယ်။

**ကိုးကား- ဘီဘီစီ**


H1N1






HTOO
H1N1





ခရီးသွားဆောင်းပါး

# ဦးခိုက်ပူဇော် လျှောင်းတော်မူသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - မောင်ချစ်ကြည်

ဤနေရာကို အကြိမ်ကြိမ်ဖြတ်သွားဖြတ်လာသွားလာခဲ့ဖူးသည်။ ဖြတ်သွားခဲ့သည့် အခါတိုင်းလည်း ကားပေါ်မှ ဤနေရာကို ငေးကြည့်ခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။ တစ်ခေါက်လောက်တော့ ဝင်ဖြစ်အောင်ဝင်ပြီး ရောက်အောင်ဖူးမည်ဟု စိတ်ကူးခဲ့သော်လည်းမဖြစ်မြောက်ခဲ့။ ယခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ပြီ။ မုဒုံမြို့ ဝင်းစိန်တောရအတွင်း တည်ထားကိုးကွယ်ထားလျက်ရှိသည့် ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးတွေ့ခွင့်ရရှိတော့မည်ဟု အတွေးဖြင့်ပင် ကြည်နူးနေမိသည်က အမှန်ပင်။ အဝေးမှပင် လှမ်းမြင်ဖူးမြော်နိုင်သည့် ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကား နောက်ခံတောင်တန်းတောင်စွယ်ခံလျက် သပ္ပာယ် ကြည်ညိုဖွယ်ရာ တည်ရှိနေသည်။ မော်လမြိုင်-မုဒုံကားလမ်းပေါ်မှ မြိုင်ကုန်းရွာတောင်ထိပ်ပေါ်တွင် တည်ထားခြင်းဖြစ်ရာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်သဖြင့် ဘုရားဖူးလာသူများ၊ ဘုရာဖူးယာဉ်များ နွေ၊ မိုး၊ ဆောင်းပြတ်သည်ဟူ၍မရှိ။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးလျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးအဖြစ် မှတ်တမ်းဝင်လျက်ရှိရာဗုဒ္ဓဘာသာဝင်များအတွက် ဂုဏ်ယူဖွယ်၊ ကြည်ညိုဖွယ်၊ ကုသိုလ် သဒ္ဓါပွားများဖွယ်ပင်ဖြစ်လေသည်။

တကယ်တော့ ကျွန်တော့်အနေဖြင့် ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကို မမျှော်လင့်ဘဲ ယခုလိုဖူးမြော်ခွင့်ကြုံခဲ့ရခြင်းဖြစ်သည်။ ကျွန်တော့်မိတ်ဆွေကိုသိန်းကျော်က သူ့မိသားစုသုံးဦးနှင့်အတူ လျောင်းတော်မူရုပ်ပွားတော်ကြီးကို ဖူးမြော်ရန် သွားမည်ဖြစ်ရာ ကျွန်တော့်ကိုလိုက်ပါရန် မရမကခေါ်သဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီးမှာ မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း တည်ရှိရာ မော်လမြိုင်မြို့နှင့် ၁၄ မိုင်ခန့်သာဝေးပြီး ရန်ကုန်မြို့မှလာလျှင်လည်း နေ့ချင်းပြန် လာရောက်ဖူးမြော်နိုင်လေသည်။ ကျွန်တော်တို့ မော်တော်ယာဉ်က အဝင်ကားလမ်းအတိုင်း ဖြည်းဖြည်းချင်းမောင်းဝင်လာခဲ့ရာ လမ်းတစ်လျှောက် ဆိုင်ကယ်အချို့၊ ဘုရားဖူးယာဉ်အချို့ကို မြင်တွေ့ရသည်။ မိုးရာသီမို့လားမသိ၊ ပွင့်လင်းရာသီကဲ့သို့ ဘုရားဖူးယာဉ်မများသော်လည်း ကိုယ်ပိုင်ကားများဖြင့် လာရောက်ဖူးမြော်ကြသူများကို တွေ့ရသည်။

ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတည်ရှိရာ လမ်းတစ်လျှောက်တွင် သပိတ်ပိုက်ကာ ဆွမ်းခံကြွနေဟန် မတ်ရပ် ရဟန္တာရုပ်ပွားတော်များကို တွေ့မြင်ရသည်။ စုစုပေါင်းရုပ်ပွားတော် ၅၀၀ ရှိကြောင်း သိရသဖြင့် ကြည်ညိုစိတ်ဖြစ်မိသည်။ အတန်းလိုက် စီတန်းကာ သပိတ်ပိုက်ကြွမြန်းနေသော ရဟန္တာအရှင်သူမြတ်ရုပ်တုများက အသက်ဝင်နေသည့်အလား ထင်မှတ်



မှား စရာပင်။

တောရိပ်၊ တောင်ရိပ်များဖြင့် အေးချမ်း တိတ်ဆိတ်နေသော ဝင်းစိန်တောရနယ်မြေက ငြိမ်းချမ်းမှု၊ အေးချမ်းမှုများဖြင့် စိတ်နှလုံးကြည်မွေ့ဖွယ်ရာ ဖြစ်နေသည်။ သာသနာ့မြေအကျယ်အဝန်း ၄၉၉ ဒသမ ၆၂ ဧကတွင် စေတီပုထိုးပေါင်း ၆၀၀ ခန့်တည်ထားသည်ဖြစ်ရာ ရှုလေတိုင်းစေတီပုထိုးများကို မြင်တွေ့ဖူးမြော်ရသည်။

ကားရပ်နေရာမှ ကျွန်တော်တို့ လမ်းလျှောက်လာခဲ့ရာ ရေလွှာလျှောစီးနေသူအချို့ကို တွေ့ရသည်။ ရုပ်ပွားတော်ကြီးတည်ရှိရာ တောင်ကြောမှ စီးဆင်းလာသောရေများကို ဘုရားဖူးများရေကစားနိုင်ရန် ရေလျှောစီးပြုလုပ်ထားသည်မှာလည်း သဘာဝကျပြီး စိတ်အပန်းဖြေရာတစ်ခုဖြစ်သည်။ မိုးရာသီကာလတွင် ရေစီးဆင်းမှု ပိုမိုများပြားကြောင်းသိရသည်။ ရေလျှောစီးသူများ၊ ရေဆော့ကစားကြသူများအတွက် တစ်ဖက်တွင် ကွန်ကရစ်အကာအရံများအား လှေကားထစ်သဖွယ် ပြုလုပ်ပေးထားသည်ကို တွေ့ရသည်။

လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရှိရာသို့ ဝင်ရောက်ရာလမ်းမှာ နှစ်လမ်းရှိပြီး အပေါ်လမ်းမှာ စတီးလက်ရန်းများဖြင့် သပ်ရပ်စွာပြုလုပ်ထားသည်ကို တွေ့ရသည်။ ကျွန်တော်တို့ အပေါ်လမ်းအတိုင်း ဝင်ရောက်ခဲ့ရာ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီး၏ ရင်ဘတ်ပိုင်းအောက်မှ ဝင်ရသလိုခံစားရသည်ဖြစ်၍ လက်အုပ်ချီရှိခိုးကာ ဝင်ရောက်ခဲ့ကြသည်။

လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီး ကိုယ်ထည်အတွင်းပိုင်းမှာ အထပ်ခြောက်ထပ်ရှိပြီး အထပ်တိုင်းတွင် ဗုဒ္ဓဖြစ်စဉ်တော်များ၊ ဇာတ်နိပါတ်တော်များကို သရုပ်ဖော်ရုပ်ကြွပုံများဖြင့် ပြုလုပ်ထားသည်မှာ စိတ်ဝင်စားဖွယ်တွေ့မြင်ရသည်။ မြင်တွေ့ဖူးမြော်ရသည်မှာ ဘုရားဖူးများအတွက် သတိသံဝေဂရဖွယ်၊ ကြည်ညိုဖွယ်ရာ စိတ်ခံစားမှုအဖုံဖုံကို ဖြစ်ပေါ်စေသည်က အမှန်ပင်။ အရှည်ပေ ၄၀၀ ခန့်၊ အမြင့်ပေ ၁၁၀ ခန့်ရှိသည့် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ အတွင်းဘက်၌ ပြုလုပ်ထားသော သရုပ်ဖော်ရုပ်တုများက အဓိပ္ပာယ်လေးနက်မှုရှိလေသည်။ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး၏အတွင်း၌ လာရောက်လေ့လာ ဘုရားဖူးမြော်သူအချို့ကို တွေ့ရသည်။ ကျွန်တော်တို့ ဗုဒ္ဓရုပ်ပွားတော်ကြီးအတွင်း လိုက်လံဖူးမြော်ပြီးနောက် ဝင်းစိန်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ၏ ရုပ်ကလာပ်ကို ဖူးမြော်ခဲ့ကြသည်။ ဝင်းစိန်တောရ သာသနာ့နယ်မြေကို ထူထောင်ခဲ့သူ ဆရာတော်ကြီး၏ကျေးဇူးကား ကြီးမားလှသည်။

လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်တည်ရှိရာ ဘုရားပရိဝုဏ်အတွင်း စားသောက်ဆိုင်များလည်းရှိရာ အဆင်ပြေလေသည်။ မွန်းလွဲ ၂ နာရီခန့်ရှိပြီဖြစ်ရာ ကျွန်တော်တို့ ဆိုင်များရှိရာသို့ ထွက်လာခဲ့ကြပြီး ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်ရောက်စားသောက်ခဲ့ကြသည်။ ဘဲငန်းသားကို မွှန်ချက်ချက်ထားသည်ဖြစ်ရာ မွှေးပျံ့ကာ အရသာထူးခြားပြီး စားကောင်းလှသည်။ ပဲဟင်းချိုပူပူနှင့် ထမင်းမြိန်လေသည်။ ထမင်းစားပြီး ငွေရှင်းရာတွင်လည်း ဈေးသက်သာပြီး တစ်ဦးလျှင်ငွေကျပ် ၁၅၀၀ သာပေးရသဖြင့် ဈေးတန်သည်။ ထမင်းစားပြီးနောက် ရေနွေးကြမ်းသောက်ရင်း လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ရှိရာ မုဒုံမြို့နယ်အကြောင်း အတွေးရောက်သွားသည်။

မုဒုံသည် မွန်ဘာသာအမည်(မုဟ်ဍုင်)၊ အသံထွက်(မုဍုံ)မှ ဆင်းသက်လာခြင်း ဖြစ်ပြီး ‘မု’မှာ အစွန်အဖျား၊ ‘ဍုံ’မှာ မြို့ဟုဆိုလိုသည်ဖြစ်ရာ အစွန်အဖျားမြို့ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ကာလကြာရာမှ မုဒုံဟူ၍ ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။ မုဒုံသည် မုတ္တမ ၃၂ မြို့ဝင်မြို့တစ်မြို့ဖြစ်ပြီး မြို့အတွင်းပိုင်း ကွမ်လုံရပ်၌ ယခင်က အလျားအနံ နှစ်ဖာလုံခန့်ကို အုတ်မြို့ရိုးလေးဖက်လေးတန်စီလျက် ကျုံးနှင့်တကွ တည်ခဲ့ကြောင်း လေ့လာတွေ့ရှိသည်ကို မှတ်တမ်းတစ်ခု၌ ဖတ်ရှုခဲ့ရဖူးသည်ကို ပြန်အမှတ်ရနေမိသည်။ မုဒုံတွင် ကန်ကြီးစေတီ၊ ကန်ကြီးရေကန်၊ ကျောက်တစ်လုံးတောင်၊ ရတနာတောင်တို့မှာ ထင်ရှားပြီး သွားရောက်လေ့လာဖူးမြော်သင့်သည့်နေရာများလည်း ဖြစ်သည်။

တစ်ခေတ် တစ်ခါက နာမည်ကျော်မုဒုံချည်ရက်လုပ်ရာ နေရာများလည်းရှိသည်။ ကျွန်တော်တို့ ငယ်ငယ်က မိဘများပြောစကားတွင် အဝတ်အထည်နှင့် ပတ်သက်ပြီး “မုဒုံထည်၊ မုဒုံလုံချည်” ဆိုသော အသံများကို ယခုတိုင် ကြားယောင်နေမိသည်။ တကယ်တော့ မုဒုံမြို့အနီးဝန်းကျင်သည် လေ့လာစရာ စိတ်ဝင်စားစရာ နေရာများရှိနေသည်။ သမိုင်းဖြစ်ရပ်များလည်း ဤဝန်းကျင်တွင် ဖြစ်ပေါ်ခဲ့သည်။ မုတ္တမ ၃၂ မြို့ဝင်ဇရား မြို့ဟောင်းမှာ ယခုမုဒုံမြို့နယ် ကမာဝက်ရွာအနီးဝန်းကျင်တွင် တည်ရှိခဲ့ကြောင်း သိရသည်။

နောက်ထပ် အတောင် ၆၀၀ ရှိသော လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို ထပ်မံတည်ထားလျက်ရှိရာ ပြီးစီးပါက ဝင်းစိန်တောရ သာသနာ့နယ်မြေသည် ယခုထက်ပိုမိုစည်ဝေကာသာသနာ့ အရောင်ထွန်းလင်းနေဦးမည်။ ဘုရားဖူးများနှင့် စည်ကားနေဦးမည်၊ ဘုရားရှိခိုးသံ၊ သာဓုခေါ်သံ၊ အမျှဝေသံများ ပျံ့လွင့်နေဦးတော့မည်ဟု တွေးရင်း...။ ။

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(၆) အခွန်ပေးဆောင်ရန် သတ်မှတ်ပေးထားသော သို့မဟုတ် တိုးမြှင့်ပေးထားသော ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏တစ်ဆယ်ရာခိုင်နှုန်း၊

(၇) ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းအရ သတ်မှတ်ထားသောပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားထားရှိရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(၈) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအားထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက်ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ်ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်းပေးဆောင်စေရမည့်အပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်းပျက်ကွက်မှုအကြိမ်အလိုက်အောက်ပါငွေပမာဏကိုပါ ပေးဆောင်စေရမည်-

(ကက) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(ခခ) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက်ကျပ် ၁၅ သိန်း၊

(ဂဂ) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက်ကျပ် ၂၀ သိန်း။”

(ခ) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ ပုဒ်မ ၂၁၊ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၈) ပါ ပြဋ္ဌာန်းချက်များအား တတိယအကြိမ်အထက် ပျက်ကွက်လျှင် ထိုသူအား မြို့နယ်အခွန်ဦးစီးဌာနမှူးသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆိုနိုင်သည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူအားသုံးနှစ်မှ ခုနစ်နှစ်အထိ ထောင်ဒဏ်ကျခံစေရမည်။”

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

“၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကိုထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။”

၁၅။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော “ကောက်ခံရရှိငွေမှအပ”ဆိုသည့် စကားရပ်ကို “ကောက်ခံရငွေ၊ နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့မှ ကောက်ခံရရှိငွေမှအပ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။”

၁၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၂ တွင် ပါရှိသော “သို့ရာတွင် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်း ဖြစ်ပါက ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

“၃၃။ (က) ကုန်သွယ်လုပ်ငန်းခွန် တိုးတက်ကောက်ခံရရှိရေးအတွက် အခွန်ဆိုင်ရာဆွဲဆောင်နိုင်ရေးချီးမြှင့်မှုအစီအစဉ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ဆောင်ရွက်နိုင်သည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍-

(၁) အခွန်ကျသင့်သော ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအနက် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်းကျင့်သုံးစေရမည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို သတ်မှတ်နိုင်သည်။

(၂) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်း၊ အခြားနည်းလမ်း ကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။”

၁၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၄ တွင်ပါရှိသော “ ပုဒ်မ ၂၁၊ပုဒ်မခွဲ (စ)”ဆိုသည့် စကားရပ်ကို “ပုဒ်မ ၂၁၊ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၈)” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “တစ်ဆယ်ရာခိုင်နှုန်း”ဆိုသည့် စကားရပ်ကို “နှစ်ဆယ်ရာခိုင်နှုန်း” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

# မြန်မာသဒ္ဒါသင်ကြားရေး

## (၁၆)



**မောင်ခင်မင်(ဓနုဖြူ)**

"ကဲ…အရင်အပတ်က ကြားဖောက်ပြီးပြောစရာကလေးပေါ်လာလို့ သဒ္ဒါသင်ကြားရေးအကြောင်း မပြောဖြစ်ကြဘူး။ အခုဆက်ကြရအောင်"

"ဟုတ်ကဲ့ပါ"

"သဒ္ဒါစာအုပ်တွေထဲမှာပါတဲ့ ပါဠိပါဠိဆင့်အကြောင်းတို့၊ ဃောသ အဃောသ၊ သိထိလ ဓနိတ ခွဲပုံမှာ မြန်မာနဲ့၊ ပါဠိနဲ့ ကွဲပြားမှုရှိတဲ့ အကြောင်းတို့က မြန်မာစာလေ့လာရာမှာ သိဖို့ လိုအပ်တာတွေပါပဲ။ ဒါပေမယ့် ငါးတန်းကဆယ်တန်းအထိ အခြေခံပညာကျောင်းသားကလေးတွေအတွက်တော့ ဒါတွေ အသိပေးတာ စောများနေမလားလို့ တွေးမိတယ်"

"ဟုတ်ပါတယ်ဆရာ။ သူတို့အသက်အရွယ်နဲ့ ဒါတွေကို ရှင်းရှင်းလင်းလင်းသဘောပေါက်ဖို့၊ အထူးသဖြင့် ခုခေတ်ကျောင်းသားတွေ အထိအတွေ့နည်းတဲ့ အကြောင်းအရာမျိုးတွေ ဖြစ်နေမလားလို့ ကျွန်တော်တို့လည်း တွေးမိပါတယ်"

"ပြီးတော့ ဒီအပိုင်းတွေဟာ မြန်မာသဒ္ဒါနဲ့ တိုက်ရိုက်မဆိုင်သေးဘူးလို့ ဆိုရမယ်ထင်တယ်။ သဒ္ဒါနည်းတွေမသင်ခင် မြန်မာဘာသာစကားရဲ့စကားသံတွေ၊ စာရေးပုံတွေအကြောင်း လမ်းခင်းပေးတဲ့ သဘောမို့ထည့်သင်ရင်တောင်မှ အခုလို အယူအဆကွဲပြားတဲ့ ပြဿနာတွေကို မထည့်သင့်သေးဘူးလို့ ထင်တယ်လေ။ ကဲ…စကားသံပိုင်းပြောပြီးတဲ့ ပုဒ်တွေကို ဝါစင်္ဂခွဲတဲ့အပိုင်းဆက်ကြရအောင်"

"ဟုတ်ကဲ့ပါ"

"ကဲ…ဝါစင်္ဂပိုင်းမှာ ဝါစင်္ဂဘယ်နှပါးခွဲထားတယ်ဆိုတာ မင်းတို့သိပြီးသားနော်"

"ဝါစင်္ဂကိုးပါးခွဲပါတယ်ဆရာ"

"ဟုတ်ပါတယ်။ နာမ်၊ နာမ်စား၊ ကြိယာ၊ နာမဝိသေသန၊ ကြိယာဝိသေသန၊ ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း၊ အာမေဍိတ်ဆိုပြီး ဝါစင်္ဂကိုးပါး ခွဲပါတယ်"

"ဟုတ်တယ်။ အဲဒီအစီအစဉ်အတိုင်း ပဥ္စမတန်းသဒ္ဒါကနေပြီး ဒသမတန်းသဒ္ဒါအထိ ဝါစင်္ဂတွေကို ချဲ့ချဲ့သင်တဲ့ ပုံစံနဲ့ပြုစု ထားတာပဲ"

"ကျွန်မတို့စပြောစတုန်းက ဆရာပြောခဲ့တာ ဝါစင်္ဂကိုးပါးဟာ ဂရိခေတ်၊ ရောမခေတ်မှာ ပြုစုတဲ့သဒ္ဒါတွေကတည်းက စတယ်လို့ သိရပါတယ်"

"ဟုတ်ပါတယ်။ ပြန်ကောက်ရရင် ဂရိခေတ်မှာ သဒ္ဒါဆရာဒိုင်အိုနီးဆီးယပ်ထရက် (Dionysius Thrax) က ဂရိဘာသာစကားကို ဝါစင်္ဂရှစ်ပါးခွဲတယ်။ အဲဒီတုန်းက ပစ္စည်းဆိုတဲ့ ဝါစင်္ဂမပါဘူး။ အလယ်ခေတ်ကျမှ သဒ္ဒါဆရာတွေက ပစ္စည်းကို ဝါစင်္ဂတစ်ခုအဖြစ် သတ်မှတ်ပြီး ဝါစင်္ဂကိုးပါး သဒ္ဒါတွေ ပေါ်လာတယ်"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် အဲဒီအချိန်ကတည်းက ပစ္စည်းကို ဝါစင်္ဂတစ်ပါးအဖြစ် သတ်မှတ်တဲ့ အယူအဆလည်းရှိတယ်။ မသတ်မှတ်တဲ့ အယူအဆလည်းရှိတယ်။ ပစ္စည်းဟာ စကားလုံးတစ်လုံး အပြည့်မဟုတ်တဲ့ အစိတ်အပိုင်းမျှသာ ဖြစ်တဲ့အတွက် တချို့က ဝါစင်္ဂအဖြစ် မသတ်မှတ်ချင်ကြဘူး။ ဒီတော့ ဝါစင်္ဂရှစ်ပါးဆိုတဲ့ အယူအဆပဲ တောက်လျှောက် လွှမ်းမိုးခဲ့တာလေ"

"ဒါဆိုရင် မြန်မာစာအဖွဲ့က မြန်မာသဒ္ဒါပြုစုတဲ့ ပညာရှင်တွေက ဝါစင်္ဂကိုးပါးအယူအဆကို လက်ခံလိုက်တဲ့သဘောပေါ့နော်ဆရာ"

"ဟုတ်တယ်လေ။ ဘာသာစကားတိုင်းမှာ ဝါစင်္ဂရှစ်ပါး ရှိတယ်၊ ကိုးပါးရှိတယ်ဆိုတဲ့ အယူအဆကို လက်ခံတဲ့ သဘောပေါ့"

"ဆရာ၊ တစ်ခုမေးပါရစေ"

"မေးလေ"

"ကျွန်မ မရှင်းလို့ပါ။ ဒီမြန်မာသဒ္ဒါတွေကို ဝါစင်္ဂခွဲတော့ ဝါစင်္ဂကိုးပါးစလုံးရှိနေတာပဲ မဟုတ်လား ဆရာ။ မြန်မာစကားမှာ နာမ်လည်းရှိတယ်၊ ကြိယာလည်း ရှိတယ်၊ ကျန်တဲ့ဝါစင်္ဂတွေလည်းရှိတယ်။ ဝါစင်္ဂကိုးပါးစလုံးခွဲလို့ရနေတာပဲ။ အဲဒီတော့ ဝါစင်္ဂရှစ်ပါး၊ ကိုးပါးဆိုတဲ့အယူအဆတွေကို လက်ခံလို့ မရဘူးလားဆရာ"

> **ဒီမြန်မာသဒ္ဒါတွေကို ဝါစင်္ဂခွဲတော့ ဝါစင်္ဂကိုးပါးစလုံး ရှိနေတာပဲ မဟုတ်လားဆရာ။ မြန်မာစကားမှာ နာမ်လည်းရှိတယ်၊ ကြိယာလည်း ရှိတယ်၊ ကျန်တဲ့ဝါစင်္ဂတွေလည်းရှိတယ်။ ဝါစင်္ဂကိုးပါးစလုံးခွဲလို့ရနေတာပဲ။ အဲဒီတော့ ဝါစင်္ဂရှစ်ပါး၊ ကိုးပါးဆိုတဲ့အယူအဆတွေကို လက်ခံလို့ မရဘူးလားဆရာ**

"ဟုတ်ပြီ။ ဟုတ်ပြီ။ ဒါမေးသင့်တဲ့မေးခွန်းပဲ။ ကဲ-မြန်မာစကားကိုကြည့်ရင် ဝါစင်္ဂကိုးပါးနဲ့ နာမည်ပေးနိုင်တဲ့ သက်ရှိသက်မဲ့တွေ၊ အပြုအမူတွေ၊ အထူးပြုတာတွေ၊ ရှေ့စကားနဲ့ နောက်စကားချိတ်ဆက်ပေးတာတွေ အားလုံးရှိနေတာ ဟုတ်ပါတယ်။ ဆိုလိုတာက ဝါစင်္ဂကိုးပါးနဲ့ခေါ်နိုင်တဲ့ အရာဝတ္ထုတွေ၊ သဘောတရားတွေရှိတာပေါ့။ ဒါပေမယ့် ဝါစင်္ဂဆိုတာက အဲဒါတွေကို ရည်ညွှန်းတဲ့ စကားလုံးကို ဆိုလိုတာလေ။ အဲဒီစကားလုံးသတ်မှတ်ပုံကတော့ ဘာသာစကားတစ်ခုနဲ့တစ်ခု မတူတာတွေရှိတာပေါ့။ ခုဝါစင်္ဂဘယ်နှပါးရှိတယ်ဆိုတာက အဲဒီလို သတ်မှတ်တဲ့ စကားလုံးအမျိုးအစား၊ ဘယ်နှမျိုးရှိတယ်ဆိုတာကို ဆိုလိုတာလေ"

"သြော်… ဟုတ်ကဲ့"

"သိသာတဲ့သာဓကတစ်ခုပြောရရင် မြန်မာစကားမှာ နာမဝိသေသန ဆိုတာရှိသလား၊ မရှိဘူးလားဆိုတဲ့ ပြဿနာကို ပညာရှင်တွေဆွေးနွေးကြတယ်။ တချို့ကရှိတယ်လို့ ယူဆတယ်။ တချို့ကမရှိဘူး လို့ယူဆတယ်"

"ကြားတော့ ကြားဖူးပါတယ်ဆရာ"

"ဆိုလိုတာက နာမဝိသေသနဆိုတဲ့ စကားလုံးအမျိုးအစား ရှိသလား၊ မရှိဘူးလား ဆိုတဲ့ပြဿနာပါ။ ဒါဟာ-နာမဝိသေသန ဆိုတဲ့ အထူးပြုတဲ့သဘောရှိသလား၊ မရှိသလားလို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ အထူးပြုတဲ့သဘောကတော့ ဘယ်လူမျိုး၊ ဘယ်လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ်ရှိတာပဲလေ။ ဆိုပါတော့။ မိန်းကလေးတစ်ယောက်ကို အထူးပြုမယ်ဆိုရင် 'လှတဲ့မိန်းကလေး၊ သဘောကောင်းတဲ့ မိန်းကလေး၊ ဆင်းရဲတဲ့မိန်းကလေး၊ မာနကြီးတဲ့မိန်းကလေး၊ ပိန်တဲ့မိန်းကလေး' စသည်ဖြင့် အထူးပြုလို့ရတာချည်းပဲမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဒါပေမယ့် အဲဒီလိုအထူးပြုတဲ့စကားလုံး အမျိုးအစား၊ နာမဝိသေသနလို့ ခေါ်တာပေါ့။ အဲဒီနာမဝိသေသနလို့ခေါ်တဲ့ စကားလုံးမျိုး မြန်မာစကားမှာ သတ်သတ်မှတ်မှတ်ရှိရဲ့လား။ ခုနပြောတဲ့အထူးပြုတဲ့ 'လှ၊ သဘောကောင်း၊ ဆင်းရဲ၊ မာနကြီး၊ ပိန်' ဆိုတဲ့ စကားလုံးတွေဟာ ကြိယာတွေမဟုတ်ဘူးလား၊ နာမဝိသေသနသီးခြားမရှိဘဲ အဲဒီကြိယာတွေလိုပဲ နာမဝိသေသနသဘောနဲ့ သုံးနေတာမဟုတ်ဘူးလားဆိုတဲ့ ပြဿနာပဲ။ အဲဒါကိုဆွေးနွေးတာလေ"

"သြော်…ဟုတ်ကဲ့ပါဆရာ"

"ဆိုလိုတာက မြန်မာစကားမှာ နာမဝိသေသနစစ်စစ် မရှိဘူး။ ကြိယာကို နာမဝိသေသန အဖြစ်သုံးနေကြတာပါလို့ ဆိုတဲ့ အယူအဆရှိတယ်။ အခုပြောခဲ့တဲ့စကားလုံးတွေအားလုံး ကြိယာလို့သုံးနိုင်တယ်လေ။ သုံးကြည့်ပါလား။ 'ဒီမိန်းကလေးက လှတယ်၊ သဘောကောင်းတယ်၊ ဆင်းရဲတယ်၊ မာနကြီးတယ်၊ ပိန်တယ်' လို့သုံးရင် အားလုံးကြိယာတွေ နာမဝိသေသန ချည်းပဲမဟုတ်လား။ ဒါဆိုရင် အဲဒီကြိယာတွေကို နာမဝိသေသန လို သုံးလို့ရတဲ့အတွက် နာမဝိသေသနဆိုတဲ့ ဝါစင်္ဂသီးခြား မရှိဘူးလို့ ဆိုလိုတာမျိုးပါ"

"ဟုတ်ကဲ့ပါ"

"အနောက်နိုင်ငံက သဒ္ဒါပညာရှင်တွေက မြန်မာစကားမှာ နာမဝိသေသနဟာကြိယာရဲ့ မျိုးခွဲဖြစ်တယ်။ ကြိယာကို နာမဝိသေသနအဖြစ် သုံးတာဖြစ်တယ်။ တိဗက်မြန်မာမျိုးစုဝင် ဘာသာစကားတွေမှာ အဲဒီလက္ခဏာရှိတယ်လို့ ယူဆကြတယ်လေ"

"ဟုတ်ကဲ့ပါ"

"တချို့ပညာရှင်တွေကျတော့ မြန်မာစကားမှာ အထူးပြုတဲ့စကားလုံးက ဝါစင်္ဂပေါ့။ အဲဒီဝါစင်္ဂရှိတယ်။ ဒါပေမယ့် နာမ်ကို အထူးပြုတဲ့ နာမဝိသေသနနဲ့ ကြိယာကို အထူးပြုတဲ့ကြိယာဝိသေသနဆိုပြီး နှစ်မျိုးခွဲစရာမလိုဘူး။ ဆိုပါတော့။ 'အမြန်' ဆိုတဲ့စကားလုံးကို 'အမြန်လာပါ' လို့ သုံးရင် ကြိယာကို အထူးပြုတာပဲ၊ 'အမြန်ရထား' လို့ သုံးရင် နာမ်ကို အထူးပြုတာပဲ၊ 'ရိုးရိုးသားသား' ဆိုတဲ့ စကားလုံးကို 'ရိုးရိုးသားသားလုပ်တာပါ'၊ 'ရိုးရိုးသားသားမိတ်ဆွေပါ' ဆိုတာမျိုးသုံးတာပဲ။ ဒါကြောင့် အဲဒီစကားလုံးမျိုးကို 'အထူးပြု' လို့ပဲ ခြုံပြီးသတ်မှတ်တယ်။ နာမဝိသေသနရယ်၊ ကြိယာဝိသေသနရယ်လို့ ခွဲစရာမလိုဘူး ဆိုတဲ့ အယူအဆပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက်တစ်ခုက 'နာမ်စား' ဆိုပါတော့။ နာမ်စားကို သီးခြားဝါစင်္ဂခွဲဖို့လိုသလား။ နာမ်စားဆိုတာ နာမ်ရဲ့အစားသုံးတာမို့ နာမ်ရဲ့ မျိုးခွဲတစ်ခုပဲမဟုတ်လားဆိုပြီး နာမ်စားကို သီးခြားဝါစင်္ဂအဖြစ် မသတ်မှတ်ဘဲ နာမ်အမျိုးအစားထဲထည့်တာလည်း ရှိပါတယ်။ ဝါစင်္ဂသတ်မှတ်တဲ့ကိစ္စမှာ အဲဒီပြဿနာတွေရှိတယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ခုနပြောတဲ့ 'ပစ္စည်း' လည်း အဲဒီလိုပဲ။ ပစ္စည်းဆိုတာ 'လူ၊ ခွေး၊ သွား၊ လာ' ဆိုတာတွေလို ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ စကားလုံးမျိုးမဟုတ်ဘူး။ စကားလုံးနဲ့တွဲရတဲ့ အစိတ်အပိုင်းတွေပဲ ဖြစ်တယ်။ 'ခွေးတွေ၊ ငါတို့၊ သွားကြ' ဆိုတာမျိုးတွေမှာ 'တွေ'၊ 'တို့'၊ 'ကြ' ဆိုတဲ့အစိတ်အပိုင်းတွေပေါ့။ စကားလုံးပြည့်ပြည့်ဝဝ မဟုတ်တဲ့အတွက် ဝါစင်္ဂအဖြစ် မသတ်မှတ်ကြဘူး။ အဲဒါကြောင့် ပစ္စည်းဟာ ဝါစင်္ဂတစ်ခုဟုတ် မဟုတ်ဆိုတဲ့ အယူအဆကွဲပြားတဲ့ ပြဿနာလည်းရှိတယ်။ ကဲ…ကဲ… ဆက်ကြသေးတာပေါ့"

---

## အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဝန်ကြီးဌာနက ဆေးဝါးသုံးအရက်ပြန်ထုတ်လုပ်မှုသင်တန်းပို့ချမည်

**နေပြည်တော် ဩဂုတ် ၁၉**

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းက ဆေးဝါးသုံးအရက်ပြန်များကို ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့်အညီ ထုတ်လုပ်နိုင်ရေး ရန်ကုန်နှင့် မန္တလေးတွင် သင်တန်းများဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရက်ပြန်ထုတ်လုပ်မှုသင်တန်းကို ဩဂုတ် ၂၈ ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)မိုင် သလ္လာဝတီလမ်းရှိရုံးတွင်လည်းကောင်း၊ စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ မန္တလေးမြို့ ရန်ကုန်-မန္တလေးလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတွင်လည်းကောင်း နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ပညာရှင်များက ပို့ချပေးကြမည်ဖြစ်ပြီး ယင်းသင်တန်းများသို့ တက်ရောက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းများမှ တက္ကသိုလ်တစ်ခုခုတွင် ဘွဲ့ရရှိပြီးသူများသည် ဆေးဝါးစက်ရုံ(အင်းစိန်)BPI၊ ဖုန်း(၀၁-၆၄၆၂၇၀)၊ info.bpimm@gmail.com၊ နေပြည်တော်မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)ဖုန်း(၀၆၇-၄၀၈၀၆၈၊ ၄၀၈၃၅၉) နှင့် krusoe788@gmail.com သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ဆေးယဉ်ပါးတဲ့မှိုရောဂါ ဗြိတိန်ကိုကူးစက်ပျံ့နှံ့လာ

**ကလျာမိုးမြင့်**

အင်္ဂလန်နိုင်ငံကဆေးရုံတွေမှာရှိတဲ့ လူနာအယောက်နှစ်ရာခန့်ဟာ ဆေးယဉ်ပါးတဲ့ (ဆေးဒဏ်ကိုခံနိုင်တဲ့) မှိုရောဂါတစ်မျိုးကူးစက်ခံနေကြရတယ်လို့ ကျန်းမာရေးအာဏာပိုင်တွေက အတည်ပြုခဲ့ကြပါတယ်။ ဒီမှိုရောဂါကိုဂျပန်နိုင်ငံမှာစတင်တွေ့ရှိခဲ့တာပါ။

ဆေးရုံတွေဟာ နောက်ထပ်ဖြစ်လာနိုင်မယ့်အခြေအနေတွေကို သတိထားစောင့်ကြည့်နေကြပြီး Candida auris လို့ခေါ်တဲ့ မှိုရောဂါနောက်ထပ်ကူးစက်ပျံ့နှံ့မလာစေရေး ထိန်းချုပ်နိုင်ဖို့ အထောက်အကူဖြစ်စေမယ့် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေကြပါတယ်။ အဲဒီ မှိုရောဂါကူးစက်ခံရတဲ့လူနာအချို့မှာ ကူးစက်ခံရတဲ့ လက္ခဏာမပြတာမျိုးရှိနိုင်ပေမယ့် ခန္ဓာကိုယ်အတွင်း သွေးစီးဆင်းမှုလွန်ကဲခြင်းနဲ့ အရေပြားထိခိုက်အနာတရဖြစ်ခြင်းကို ဖြစ်စေနိုင်တယ်လို့ အင်္ဂလန်ပြည်သူ့ကျန်းမာရေးအဖွဲ့ကပြောကြားခဲ့ပါတယ်။ အခုချိန်အထိကတော့ ဗြိတိန်မှာရှိတဲ့ဘယ်လူနာမှ အဲဒီမှိုရောဂါကြောင့် သေဆုံးရတာမျိုးမရှိသေးပါဘူး။

ဗြိတိန်မှာ Candida auris မှိုရောဂါ ပထမဆုံးကူးစက်ခံရတာဟာ ၂၀၁၃ခုနှစ်ကပါ။နောက်ပိုင်းမှာတော့ ရောဂါကူးစက်မှုနှုန်းက တဖြည်းဖြည်းနဲ့ တိုးပွားလာခဲ့ပါတယ်။ ဒီရောဂါကူးစက်ပျံ့နှံ့မှုကို ရပ်တန့်အောင်လုပ်ဖို့ မလွယ်ကူပါဘူး။ဘာကြောင့်လဲဆိုတော့ ဒီမှိုရောဂါဟာ ဆရာဝန်တွေပုံမှန်သုံးနေကျ ဆေးဒဏ်ကို ခုခံနိုင်စွမ်းရှိနေပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ဗြိတိန်မှာရှိတဲ့ဆေးရုံပေါင်း ၂၀လောက်မှာ Candida auris မှိုရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့ပါတယ်။ နောက်ထပ် ဆေးရုံ ၃၅ ခုလောက်မှာတော့ တစ်ဆင့်ပြန်လည်ကူးစက်ခံရတဲ့ လူနာတွေရှိနေပါတယ်။ဆေးရုံသုံးခုလောက်မှာဆိုရင် ဒီရောဂါအကြီးအကျယ်ကူးစက်ဖြစ်ပွားနေတာဖြစ်ပြီး ကူးစက်ရောဂါ ကာကွယ်မှုတွေနဲ့ ထိန်းချုပ်ဆောင်ရွက်မှုတွေ အပြင်းအထန်ပြုလုပ်ခဲ့ပေမယ့် ရောဂါပိုးရဲ့ဆေးယဉ်ပါးမှုကြောင့် ထိန်းချုပ်ဖို့ခက်ခဲခဲ့ပါတယ်။

မှိုရောဂါကူးစက်ဖြစ်ပွားနေတယ်ဆိုတာကို တစ်နိုင်ငံလုံးကိုကြေညာထားပြီးဖြစ်တယ်လို့ အင်္ဂလန်ပြည်သူ့ကျန်းမာရေးအဖွဲ့ကပြောကြားခဲ့ပါတယ်။

Candida auris ဟာ မှိုအုပ်စုဝင်ထဲကအမျိုးအစားတစ်ခုဖြစ်ပြီး လူ့အရေပြားနဲ့ခန္ဓာကိုယ်ထဲမှာနေထိုင်ပါတယ်။ ယင်းနဲ့နီးစပ်တဲ့နောက်ထပ်မှိုတစ်မျိုးကတော့ Candida Albicans လို့ခေါ်ပြီး မှိုစွဲခြင်းကနေ ကူးစက်တဲ့ မက်ခရုနာကို ဖြစ်ပွားစေနိုင်ပါတယ်။ Candida auris ကို ၂၀၀၉ခုနှစ်က ဂျပန်နိုင်ငံတွင် လူနာတစ်ဦးဆီမှာ ပထမဆုံးစစ်ဆေးတွေ့ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အမေရိကန်၊ အိန္ဒိယ၊ ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ အစ္စရေး၊ အိုမန်၊ တောင်အာဖရိက၊ စပိန်နဲ့ ယခုအခါဗြိတိန်နိုင်ငံကဆေးရုံတွေအထိ ကူးစက်ပြန့်ပွားမှုရှိလာပါပြီ။



ကူးစက်ပုံကတော့ လူတစ်ဦးကနေ တစ်ဦးကို လက်တွေနဲ့ထိတွေ့ကိုင်တွယ်ခြင်း၊ အဝတ်အစားအတူတကွဝတ်ဆင်ခြင်းနဲ့ဆေးပစ္စည်းကိရိယာတွေကနေကူးစက်တာဖြစ်တယ်လို့ သိရပါတယ်။

လက်ကိုခဏခဏဆေးကြောခြင်း၊ကျန်းမာသန့်ရှင်းအောင်ဂရုစိုက်နေထိုင်ခြင်းနဲ့ လက်ဆေးဂျယ်အသုံးပြုခြင်းဖြင့်ရောဂါကူးစက်ပျံ့နှံ့မှုကို ကန့်သတ်ပေးနိုင်တယ်လို့ ဆိုထားပါတယ်။ **(ဘီဘီစီ)**

## ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့
## ငြမ်းဝါးနှင့်ဝါးဖျာဝယ်ယူရန်ဈေးပြိုင်(တင်ဒါ)ကြော်ငြာ

ရွှေတိဂုံစေတီတော် နောင်တော်ကြီးစေတီနှင့် အထက်ပစ္စယာစေတီရံများအား ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်းတွင် ငြမ်းစေတီ တည်ဆောက်ရန် သိုက်ဝါး (သို့မဟုတ်)ဝါးယား (၉၀၀၀)လုံးနှင့်ဝါးဖျာ (၅၀၀၀)ချပ် ဝယ်ယူရန်ရှိပါသည်။ ရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် (၁၀၀၀၀/-)နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးအုပ်ချုပ်ရေးဌာနတွင်ဝယ်ယူပြီး ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃:၀၀ နာရီ နောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၊ အုပ်ချုပ်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**
**မန္တလေးမြို့**

ရက်စွဲ-၂၀၁၇ခုနှစ် ဩဂုတ် ၁၆ရက်

## ဆေးဝါးသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈-ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ မန္တလေး၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်းနှင့်ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) | (၂)နှစ် |
| (ခ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) | (၂)နှစ် |
| (ဂ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ပရဆေးဗေဒ) | (၂)နှစ် |
| (ဃ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) | (၃)နှစ် |

**ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့ (Ph.D) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) | (၃)နှစ် |
| (ခ) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) | (၃)နှစ် |

**၂။ လိုအပ်သောအရည်အချင်းများ**

(က) ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်း
- (၁) ဆေးဝါးသိပ္ပံဘွဲ့ (B.Pharm) ရရှိပြီးသူဖြစ်ရမည်။
- (၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက် (၁) နှစ်ပြည့်ပြီးသူအမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
- (၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများ
- (၁) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm) ရရှိပြီးသူဖြစ်ရမည်။
- (၂) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက် (၂)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
- (၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၉-၂၀၁၇ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးဝါးတက္ကသိုလ်-မန္တလေးသို့ပေးပို့လျှောက်ထားရမည်။

၅။ **ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်-**
- (က)ပါရဂူဘွဲ့သင်တန်း -၂၆-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)
- (ခ)မဟာသိပ္ပံသင်တန်း -၂၇-၁၀-၂၀၁၇ရက်(သောကြာနေ့)

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် (၁၀၀၀ိ/-)(ကျပ်တစ်ထောင်တိတိ)ကိုဆေးဝါးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ် (၂)မန္တလေးတွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် (MD-013006) သို့ ပေးသွင်းရမည်။

(**မှတ်ချက်** ။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂)မန္တလေးမြို့တွင် ဆေးဝါးတက္ကသိုလ်-မန္တလေးငွေစာရင်းအမှတ် (MD-013006)သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်-မန္တလေး ဖုန်း-၀၈၅-၄၀၁၃၄၊ ၀၈၅-၄၀၁၃၅၊ ၀၈၅-၄၀၁၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတက္ကသိုလ်-မန္တလေး**

---

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟကျော်မင်း ၁၂/မဂတ(နိုင်)၁၀၀၅၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာလိုက်သည်။

R K M ROYAL KYAW MYAING
Construction & Decoration

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၀-၇-၂၀၁၇ရက်၌ မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေက ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကိုအသုံးပြု၍ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများနှင့်ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ဖိနှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း အသုံးပြုပါမည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်ပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချသုံးစွဲခြင်းမပြုရန် သတိပေးကြေညာအပ်ပါသည်။ ယင်းသို့ အထက်ပါကုန်အမှတ်တံဆိပ်အား တုပပြုလုပ်ဆောင်ရွက်သည်များကို တွေ့ရှိက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

---

## ထားဝယ်အသင်း
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ထားဝယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ရက် (စနေနေ့) မွန်းလွဲ ၁း၀၀နာရီတွင် လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၈၂၈)ရှိ ထားဝယ်အသင်းတိုက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ ထားဝယ်သူ၊ ထားဝယ်သားများ၊ မိတ်ဆွေသင်္ဂဟများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **(သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့်အလှူငွေများကို အသင်းတိုက်တွင် လာရောက်လှူဒါန်းနိုင်ပါသည်)**

**အမှုဆောင်ကော်မတီ၊ ထားဝယ်အသင်း**

---

## ဗဟိုအင်ဂျင်နီယာတပ်

**အမှတ်စဉ်(၉၆)သင်တန်းဆင်းကျောင်းသားများ(အခြားအဆင့်)**
**ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် တွေ့ဆုံပွဲအခမ်းအနား**
**၈၆၂---သူငယ်ချင်းများအားလုံး**
**မိသားစုများပါ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။**
**၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ရက် စနေနေ့**
**နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ**
**ရန်ကုန်-ပြည်လမ်းမကြီးဘေး 'Max' ဆီဆိုင်အနီး**
**'ကျိုက္ကလှဲ့ရွှေကျင်ကျောင်းတိုက်သာသနာ့ဗိမာန်တော်ကြီး'**

**ဆက်သွယ်ရန်**

| | |
|---|---|
| ဦးအောင်ဖေမြင့် | ဖုန်း-၀၉-၈၆၂၂၇၅၂ |
| ဦးတင်နန္ဒ | ဖုန်း-၀၉-၄၂၀၇၀၇၂၆၅ |
| ဦးအောင်ဝင်း | ဖုန်း-၀၉-၈၆၂၅၁၄၆ |
| ဦးစိုးတင့် | ဖုန်း-၀၉-၅၀၇၀၂၉၅ |
| ဦးစိုးပိုင် | ဖုန်း-၀၉-၂၅၃၂၁၈၈၇၇ |
| ဦးယဉ်ထွေးမင်း | ဖုန်း-၀၉-၉၆၅၅၉၅၉၁၀ |
| ဦးအောင်လှထွေး | ဖုန်း-၀၉-၅၁၀၀၃၃၁ |

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အအုံဦးစီးဌာန**
**အဆောက်အအုံအထူးအဖွဲ့(၈)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့ (၈) မှ တာဝန်ယူဆောင်ရွက်မည့် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၂၅-၈-၂၀၁၇ ရက် |
| ၂။ | **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |
| ၃။ | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၂၅-၉-၂၀၁၇ ရက် ညနေ ၄း၃၀နာရီ |
| ၄။ | **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | - ဆက်သွယ်အကြောင်းကြားပါမည် |
| ၅။ | **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |

၆။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၈-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၄၅၀၀၀၄၄ နှင့် ၀၉-၅၁၆၅၅၃၅ တို့တွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ထားဝယ်မြို့၊ ကည့်ရုပ်ကွက်၊ ပုထိုးကျောင်းလမ်း၊ အမှတ် (၅၅၉) နေ (ဘ)ဦးထွန်းရီ၏သမီး မအေးအေးမူနှင့် မအေးမူ ၆/ထဝန(နိုင်)၀၁၂၆၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအေးအေးမူ(ခ)မအေးမူ**

### မိဘအမည်မှန်

ထားဝယ်မြို့နယ်၊ ကျောက်ရပ်ရွာနေ အထက (၃) ထားဝယ် တက္ကသိုလ်ဝင်တန်း (A)မှ မနီလာအေး၏ မိဘများဖြစ်သော ဦးဖိုးအေးနှင့်ဒေါ်မြင့်မြင့်စန်းတို့၏ အမည်မှန်မှာ ဦးတင်လှိုင် ၆/ကသန(နိုင်)၀၈၀၀၈၂ နှင့် ဒေါ်မြင့်မြင့်မိုး ၆/ထဝန(နိုင်)၀၃၆၂၅၉ ဖြစ်ပါသည်။

**ဦးတင်လှိုင်၊ ဒေါ်မြင့်မြင့်မိုး**

### မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အထက (ခွဲ) အောင်ဘာ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးသန့်ဦးနှင့် ဆဋ္ဌမတန်းမှ မဥမ္မာခင်တို့၏ မိဘအမည်မှန်မှာ ဦးသန်းလွင်နှင့်ဒေါ်နီတို့ ဖြစ်ပါသည်။

**ဦးသန်းလွင်၊ ဒေါ်နီ**

### မိဘအမည်မှန်

မင်းပြား အထက(၁) တက္ကသိုလ်ဝင်တန်း (H)မှ မဦးသန်းစိုး၏ မိဘအမည်မှန်မှာ ဦးထွန်းတင် ၁၁/မဥန(နိုင်)၀၆၆၇၃၂ နှင့် ဒေါ်အေးယဉ်စော ၁၁/မဥန(နိုင်)၀၇၈၇၃၈ ဖြစ်ပါကြောင်း။

### အမည်မှန်

ကယားပြည်နယ် လွိုင်ကော်မြို့နေ ဦးထူးစော၏သမီး အထက (၅) တက္ကသိုလ်ဝင်တန်း(B)မှ နော်တာဘိုးဒါ၏ အမည်မှန်မှာ နော်တာဘိုးရာ ဖြစ်ပါကြောင်း။

**နော်တာဘိုးရာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဖြူမြို့နယ်၊ အထက ကံပေါက် တက္ကသိုလ်ဝင်တန်း(A) မှ မယဉ်ယဉ်စိုး၏ ဖခင် ဦးနိုင်စိုးနှင့် ဦးအောင်နိုင်စိုး ၆/ရဖန(နိုင်)၀၃၈၀၈၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနိုင်စိုး(ခ)ဦးအောင်နိုင်စိုး**

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၈)၊ စာစစ်ဌာနတွင် ခုံအမှတ် (ကမ-၅၉၀၇) ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မောင်ထုံလာ၏ဖခင်အမည်မှန်မှာ ဦးအင်ဗွေထွန်း ၁/မကန(နိုင်)၁၆၅၆၉၇ ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ မူလွန်(မခေါဒီ)၊ ဆဋ္ဌမတန်း(A)မှ မငွါးချယ်နာ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၃-၂၀၀၄ ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဟာဆီးဟူ ၁/ဝမန(နိုင်)၀၄၄၁၈၇ ဖြစ်ပါသည်။

---




**ဂျပန်သာသနာပြုဆရာတော်**
**အရှင်ဉာဏုတ္တရ**



**မေတ္တာစွမ်းအား**
**မေတ္တာသုတ်-ပိဋကိ စာအုပ်**
**ထွက်ပါပြီ**
**တစ်အုပ်-၂၅၀၀ ကျပ်**

- မေတ္တာသုတ်သမိုင်းကြောင်း၊
- အသံထွက်ရွတ်ဖတ်နည်း၊
- ဂါထာတစ်ပုဒ်ချင်းစီ၏ အဓိပ္ပါယ်များ၊
- အာရုံအမျိုးမျိုးထားမေတ္တာပွားပုံများ၊
- မေတ္တာသုတ်တော်လာကျင့်ဝတ်တရားများ၊
- ကိုယ်တိုင်ရေးစပ်ထားသော မေတ္တာလင်္ကာများ၊
- ရွတ်ဖတ်ပွားများရခြင်း အကျိုးတရားများ၊

ပါဝင်ပါသည်။

**ဖတ်ရှုလိုသူများနှင့် တဆင့်လှူဒါန်းလိုသူများဆက်သွယ်ရန်**

| | |
|---|---|
| - ဆရာတော်ဦးဝိလာသ | ၀၉ - ၅၅၀၀၀ - ၃၀၀၉ |
| - ဦးစိန်သန်း | ၀၉ - ၅၆၂၆၀ - ၀၄၆၆ |

---

## (၅၇)ကြိမ်မြောက် မင်းကွန်းမိုးမိတ်စေတီတော်ကြီးများ၏ ဗုဒ္ဓ-ဓမ္မ-သံဃပူဇော်ပွဲတော်ရက် ပြောင်းရွှေ့ခြင်း

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ မိုးမိတ်စေတီတော်ကြီးများ၏ (၅၇)ကြိမ်မြောက် ဗုဒ္ဓ-ဓမ္မ-သံဃပူဇော်ပွဲရက်ကို ယခင်ကြေညာထားခဲ့သည့် ၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၂ ရက်မှ ၈ ရက်အစား၊ ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်မှ ၈ ရက်အထိ ပြောင်းလဲကျင်းပမည်ဖြစ်ပါကြောင်း အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

**ပူဇော်ပွဲကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်မှ ၈ ရက်ထိ (၂၁-၁၀-၂၀၁၇ ရက်မှ ၂၇-၁၀-၂၀၁၇ရက်ထိ)၊
၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့ တိပိဋကဆရာတော် အထူးပူဇော်ပွဲ၊ ၈ ရက်နေ့ စုပေါင်းရေစက်ချအခမ်းအနား

**မင်းကွန်းတိပိဋက နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့**
ဖုန်း-၀၁-၂၂၂၂၇၈/၇၈/၇၉၊ ၀၉-၇၃၁၉၇၉၉၅၊ ၀၉-၄၂၀၀၄၀၄၉၂

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ အောက်ဖော်ပြပါ လုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **ခေါ်ယူမည့်လုပ်ငန်းများ** | - | (၁) Arctic သောက်ရေသန့်လုပ်ငန်း ငှားရမ်းလုပ်ကိုင်ခြင်း |
| | | - | (၂) ကမ်းနားလမ်းရှိ နှင်းဆီဆောင်အငှားအိမ်ရာတွင် စွန့်ပစ်ရေသန့်စင်မှုလုပ်ငန်းဆောင်ရွက်ခြင်း |
| (ခ) | **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၀၁၇ ခုနှစ် ဩဂုတ် ၂၁ရက် |
| (ဂ) | **တင်ဒါပိတ်မည့်ရက်** | - | ၂၀၁၇ခုနှစ် စက်တင်ဘာ ၂၀ရက် |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (င) | **တင်ဒါတစ်စုံရောင်းနှုန်း** | - | ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၂-၃၅၉၂၈၊ ၀၉-၉၇၇၁၀၀၇၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ |

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ (ဆုံကွယ်)ရပ်ကွက်၊ အကွက်အမှတ် (၁၀၁/ဝန်တင်တပ်အနောက်)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀ဒသမ ၇၀၅၈ဧက၊ အမှုတွဲအမှတ် ၇၁၈-၅/၂၀၀၃-၂၀၀၄(အေ) အရ မူလပိုင်ရှင် ဗိုလ်ကြီးနိုင်ဝင်း၏ Special Power လွှဲအပ်ခြင်းခံရသူ ဒေါ်ခမ်းလိန်ထံမှ ကျွန်မ ဒေါ်ခမ်းယုံသည် တရားဝင်စာချုပ်စာတမ်းအမှတ် ၁၈၆ I ၂၀၁၇ အရဖြင့် ဝယ်ယူပိုင်ဆိုင်ထားရှိသောမြေအား အမည်ပြောင်းထပ်မံအသစ်လျှောက်မည်ဖြစ်၍ ကန့်ကွက်လိုပါက ရက် ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။

**နန်းခမ်းယုံ ၁၃/လရန(နိုင်)၁၂၉၆၂၅**
**လားရှိုးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ င/၉၀၉၃ shan Thiha Lit THM-02 P/U (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ညွှန့် ၁၃/သနန(နိုင်)၀၃၀၂၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(ဂ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့် အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

| အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|
| (က) ဂီတပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| (ခ) သဘင်ပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| (ဂ) ပန်းချီပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) ပန်းပုပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| (င) ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်) |

၃။ ဂုဏ်ထူးတန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်းပြည့်မီပါက စုစုပေါင်းသင်တန်းကာလ(၅)နှစ်တက်ရောက်ရမည်ဖြစ်ပြီး ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့များအပ်နှင်းသွားမည်ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/၈၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်း ဝယ်ယူ၍လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံငါးပုံတို့နှင့်ပူးတွဲလျက် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သို့ တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး အလားတူလျှောက်လွှာပုံစံများကို ယဉ်ကျေးမှုဝန်ကြီးဌာန www.facebook.com. NUAC Yangon သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄ သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ ဖုန်း-၀၈၅-၄၀၁၈၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဇော်ဦး)
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

### မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)အထက အေလာ၊ တက္ကသိုလ်ဝင်တန်း (C) မှ မမေဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ဇင်မာအေး ၉/လဝန(နိုင်)၂၁၇၆၇၅ ဖြစ်ပါကြောင်း။

**ဒေါ်ဇင်မာအေး**

### ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ တူမောင်ကျေးရွာအုပ်စု တူမောင်အထက(ခွဲ) မောင်ပြည့်စုံဖြိုး နဝမတန်း၊ မဇာဇာငြိမ်း ပဥ္စမတန်း၊ မောင်ဝေယံမိုးနှင့် မောင်ဝေယံစိုး ဒုတိယတန်း၊ မောင်အောင်စိုးမိုး ပထမတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးငွေဇော်ဦး ၇/ကတခ(နိုင်)၀၉၆၄၀၇ ဖြစ်ပါသည်။

**ဦးငွေဇော်ဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော် စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ မရွှေနီ၏ မိခင် ဒေါ်သီတာရွှေ(ခ)ဘာရီမသီးယား ၇/ကတခ(နိုင်) ၀၈၁၂၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သီတာရွှေ(ခ)ဘာရီမသီးယား**

### ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ဆည်၏ အနောက်တောင်ဘက်၊ မြေဧရိယာ (၆.၈၀၁)ဧကရှိ ဒီးမော့ဆိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ငွေတောင်ဆည်ဧည့်ရိပ်သာ အဆောက်အအုံနှင့် မြေနေရာအား ခေတ်မီတည်းခိုရိပ်သာနှင့် ပတ်ဝန်းကျင်မြေနေရာ၌ ခေတ်မီ ကလေးအားကစားကွင်း၊ အပန်းဖြေပန်းခြံ၊ ရိုးရာအစားအစာ၊ ရိုးရာအဝတ်အထည်ဆိုင်များဖွင့်လှစ်ရေးအတွက် နှစ်ရှည်ငှားရမ်းလိုပါသဖြင့် ငှားရမ်းဆောင်ရွက်လိုသူများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၀-၈-၂၀၁၇ရက်မှ ၄-၉-၂၀၁၇ရက်ထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** - ၁၄-၉-၂၀၁၇ရက် ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော တင်ဒါပုံစံစည်းကမ်းချက်အသေးစိတ်အချက်အလက်များအားသိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်-

**ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါကော်မတီ**
**ဖုန်း-၀၈၃-၂၂၂၀၃၄၊ ၀၈၃-၂၂၂၀၀၄၊ ၀၈၃-၂၂၂၃၀၈၃**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
### ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
### ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာအသံလွှန်လှိုင်းဖြင့်ရောဂါရှာဖွေခြင်း နည်းပညာဒီပလိုမာ | (၁)နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ) | (၂)နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) | (၂)နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ခန္ဓာသန်စွမ်းမှုနည်းပညာ) | (၂)နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်။
(င) ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာရရှိပြီးပါက အနည်းဆုံး (၂)နှစ်နှင့် မဟာသိပ္ပံဘွဲ့လွန်ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၉-၂၀၁၇ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကိုသက်ဆိုင်ရာဦးစီးဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။
ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၂၇-၁၀-၂၀၁၇ ရက် (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာ ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၆၇၀ သို့ ပေးသွင်းရမည်။
(မှတ်ချက် ။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်တွင်ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD-၀၁၁၆၇၀ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဖုန်း-၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ Web site (www.umty.gov.mm) သို့လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

### ပြည်ထဲရေးဝန်ကြီးဌာန
### တနင်္သာရီတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများ ဝယ်ယူခြင်းအတွက် ပြည်တွင်းကုမ္ပဏီများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တူညီဝတ်စုံ (ဘူးလော့ပိတ်ထူ) (အင်္ကျီ+ဘောင်းဘီ+Logo) | ၃၂၀၀ | စုံ |
| (ခ) | လက်မောင်းတံဆိပ်အစုံ | ၃၂၀၀ | စုံ |
| (ဂ) | ဦးထုပ်+တံဆိပ် (Logo) | ၃၂၀၀ | လုံး |
| (ဃ) | ခါးပတ် (Logo) ပါ | ၃၂၀၀ | ချောင်း |
| (င) | စစ်ဖိနပ် (ပုံစံ-၁) | ၃၂၀၀ | ရန် |
| (စ) | ခြေအိတ်ထူ | ၃၂၀၀ | စုံ |

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ဝယ်ယူရန်** - ၂၁-၈-၂၀၁၇ရက်မှ ၁၅-၉-၂၀၁၇ရက်ထိ
(ခ) **တင်ဒါတင်သွင်းရက်** - ၂၂-၉-၂၀၁၇ရက်
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၉-၉-၂၀၁၇ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဖုန်း-၀၅၉-၂၃၈၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)
### မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေတင်လုပ်ငန်းများတွင် လိုအပ်သော Pump,Pipe နှင့် ထရန်စဖော်မာဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၈-၂၀၁၇ရက်မှ ၈-၉-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီး။ တောင်တွင်းလမ်းနှင့် အဝေရာလမ်းထောင့်၊ မကွေးမြို့။

၃။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၈-၉-၂၀၁၇ ရက် မွန်းလွဲ ၁၄း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၆၃-၂၀၂၃၈၇၊ ၀၉-၅၃၄၂၀၁၇ နှင့် ၀၉-၉၇၁၄၀၄၅၁၄ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
### ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မဟာဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ | (၁) နှစ် |
| (ခ) | ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) | ။ |

**ပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့ (ပြည်သူ့ကျန်းမာရေး) | (၃) နှစ် |

၂။ လိုအပ်သောအရည်အချင်း
(က) **မဟာဘွဲ့သင်တန်းများ**
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်းအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) ဘီဒီအက်စ်ဘွဲ့ (သို့မဟုတ်) ဘီအင်(န်)အက်စ်ဘွဲ့ (ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဘီကွမ်းအိပ်ချ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၃) ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) သင်တန်းအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်)အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်ရက်တွင် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်းအတွက် ခွင့်ရက်မပါလုပ်သက် (၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။ ပြည်တွင်း/ ပြည်ပဘွဲ့လွန်ဒီပလိုမာရရှိပြီးသူဖြစ်ပါက ဘွဲ့ရရှိပြီးနောက် သက်ဆိုင်သည့်ဌာနတွင် အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၅) ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) သင်တန်းအတွက် ခွင့်ရက်မပါလုပ်သက် (၇)နှစ်ပြည့်ပြီးသူ၊ ၄င်း(၇)နှစ်တွင် အနည်းဆုံးဆေးရုံလုပ်သက် အတွေ့အကြုံ (၂)နှစ်ရှိသူ အမြဲတမ်းဝန်ထမ်း ဖြစ်ရမည်။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာဘွဲ့ရရှိပြီးသူဖြစ်ပါက ဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက် (၂)နှစ်ရှိသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၆) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၅၀)ထက်မကြီးသူဖြစ်ရမည်။
(၇) ဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) **ပါရဂူဘွဲ့သင်တန်း**
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။
(၅) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၉-၂၀၁၇ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူတစ်စောင်ကို ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ-
**ပါရဂူဘွဲ့သင်တန်း** - ၂၆-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)
**မဟာဘွဲ့သင်တန်း** - ၂၇-၁၀-၂၀၁၇ (သောကြာနေ့) ဖြစ်ပါသည်။

၆။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ ပေးသွင်းရမည်။
(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် အထက်ပါ ငွေစာရင်းအမှတ်သို့လိပ်မူ၍ အထက်ပါငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် လျှောက်လွှာတွင် ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် ဖုန်း-၀၁-၃၉၅၂၀၉၊ ၀၁-၃၉၅၃၆၇၊ ၀၁-၃၉၅၂၁၃(လိုင်းခွဲ-၁၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ Website-http://uph-myanmar.gov.mm သို့လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

### ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမက(၄၆) စတုတ္ထတန်း(က) မှ မငြိမ်းစုဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၉/ငဇန(နိုင်)၀၇၇၈၉၃ ဖြစ်ပါကြောင်း။

**ဦးကျော်ဦး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/5225 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

(1) ဦးစိုင်းအောင်ကျော် (MD - Aung Brothers Co.,Ltd.)
(2) ဦးသက်နိုင် (MD - ရတနာတောင်တန်းကုမ္ပဏီလီမိတက်)
(3) ဦးမောင်စိုင်း (Director - ချန်လုံကုမ္ပဏီ)
(4) ဦးဝင်းမြင့် (MD - Yong Xin Co.,Ltd.)
(5) ဦးဝင်းစိန် (MD - Depar Nagar Co.,Ltd.)
(6) ဦးစိုင်းစောမြင့် (MD - Asia Centre Construction Co.,Ltd.)
(7) ဦးခင်လှ (Chairman - Aung Yadanar Phyo Co.,Ltd.)
(8) ဦးစိုင်းနိုင် (MD - Wider Raise Co.,Ltd.)
(9) ဦးကျော်ဝင်း (MD - Golden Media Co.,Ltd.)
(10) ဦးအောင်နိုင် (MD - King လားရှိုးခုနစ်လွှာပေါက်စီနှင့် ဘန်ကောက်ကြက်ဆီထမင်း)
(11) ဦးလင်းယု (MD - Myanmar Green Light Co.,Ltd.)
(12) ဦးကျော်တင် (MD - Star Co.,Ltd.)
(13) ဦးကျော်စိန်လင်း (Chairman - Golden Circle Co.,Ltd.)
(14) ဦးစိန်ဝင်း (Chairman - Grand Diamond Castle)
(15) ဦးအိုက်ပန်း (MD - Food Mun Lau Restaurant & Kai Li Hot Pot)
(16) ဦးအောင်မြင့် (Director - ရွှေအိမ်ချမ်းသာကုမ္ပဏီ)
(17) ဦးအောင်သန့် (MD - Myanmar Typical Production Co.,Ltd.)
(18) ဦးအောင်သိန်း (Director - AAA International Co.,Ltd.)
(19) ဦးလှခင် (MD - Myanmar Unity Co.,Ltd.)
(20) ဦးကျော်ကံဦး (Director - Lin Aung Industry & Production Co.,Ltd.)
(21) ဦးမျိုးမင်းဦး (MD - 999 Tiger Motor Co.,Ltd.)
(22) ဦးလှအောင် (MD - Myanmar Life Express Co.,Ltd.)

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

- ဆုထူးပန်သတ္တုတူးဖော်ရေးကုမ္ပဏီ
- ကောင်းမွန်ရတနာသတ္တုတူးဖော်ရေးကုမ္ပဏီ
- ရွှေငွေမိုးလျှံသတ္တုတူးဖော်ရေးကုမ္ပဏီ
- ရွှေတုံတုံသတ္တုတူးဖော်ရေးကုမ္ပဏီ
- စွမ်းရတနာငွေသတ္တုတူးဖော်ရေးကုမ္ပဏီ
- ပြည်ကျော်အောင်ငွေသတ္တုတူးဖော်ရေးကုမ္ပဏီ
- အောင်ဆုမြတ်သတ္တုတူးဖော်ရေးကုမ္ပဏီ
- ပြည်ကောင်းကျော်သတ္တုတူးဖော်ရေးကုမ္ပဏီ
- စွမ်းမင်းထက်သတ္တုတူးဖော်ရေးကုမ္ပဏီ
- ခိုင်ရွှေလျှံသတ္တုတူးဖော်ရေးကုမ္ပဏီ



C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

- NEW PYAE SONE GROUP Co.,Ltd
- SMART BUILDER CONSTRUCTION Co.,Ltd
- NGWE EAIN MIN Co.,Ltd
- Aung Moe Naing & Associates Co.,Ltd


၅၀%
ဖုန်းငွေလက်ဆောင်နဲ့
ပေါင်းကူး 2GB နှင့် 3.5GB
အစီအစဉ်
အခုပဲရယူဖို့ *140# ခေါ်ဆိုပါ
LINE
YouTube
skype
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား

## “အထူးကျေးဇူးတင်ရှိခြင်း”

(၁၃-၈-၂၀၁၇)ရက်တွင် ကွယ်လွန်ပြီး (၁၇-၈-၂၀၁၇) ရက်တွင် ရေဝေးသုသာန်၌ ဈာပနအခမ်းအနား ကျင်းပခဲ့သော ဦးအောင်ရွှေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း)အား မကျန်းမာစဉ်က စောင့်ရှောက်ခဲ့ကြသူများ၊ ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ခဲ့ကြသူများ၊ ဈာပနအခမ်းအနားအတွက် အစမှအဆုံး တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ခဲ့ကြသော သံရုံးအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊သတင်းစာမှဝမ်းနည်းကြောင်းနှစ်သိမ့်ပေးခဲ့သူများ၊အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် မိတ်သင်္ဂဟများ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ အားလုံးကို ကျန်ရစ်သူမိသားစုနှင့် မိတ်ဆွေများက အထူးကျေးဇူး ဥပကာရတင်ရှိကြောင်း ပြန်ကြားလိုပါသည်။

အထူးအားဖြင့် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်နှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းအပါအဝင် နိုင်ငံရေးနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း

ထို့မှတစ်ပါးလည်း ဝိတိုရိယဆေးရုံကြီး၏ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ CEO ဒေါက်တာဒေါ်အေးအေးစန်း၊ Hospital Director ဒေါက်တာဦးတင်ဝင်း၊ Medical Director ဒေါက်တာဦးကျော်ဇင်ဝင်း၊ သမားတော်ကြီး ဒေါက်တာဦးစောအောင်၊ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသန်းထိုက်အောင်၊ Supply Chain Director ဒေါက်တာဦးဇေယျာလင်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝိတိုရိယဆေးရုံ CCU မှ M.O များနှင့် Staff များအားလည်းကောင်း အထူးတလည်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစုနှင့်မိတ်ဆွေများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ရွှေ (သဲကုန်း)**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ(ဟောင်း)**
**သံအမတ်ကြီး(အငြိမ်းစား)**
**ဗိုလ်မှူးချုပ်(ဟောင်း) (BC-၃၅၀၅)**
**စည်သူ၊ သရေစည်သူ၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**၁၉၉၀ပြည့်နှစ်၊ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**
**လွှတ်တော်ကိုယ်စားလှယ်**
**အသက်(၁၀၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နေ (ဦးဖိုးကွန်း-ဒေါ်သိန်းတင်)တို့၏သား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ရွှေသည် ၁၃-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၉း၃၆နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**သဲကုန်းမြို့နယ်အသင်း၊ ရန်ကုန်**

## ကျေးဇူးတင်လွှာ

၁၈-၈-၂၀၁၇ရက်(သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပြီဖြစ်သော ဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး (ပြန်ကြားရေးဝန်ကြီးဌာန)၊ OTS အမှတ်စဉ်(၂၈)၊ အသက်(၈၅)နှစ်အား နာမကျန်းဖြစ်နေစဉ် အနီးကပ် ဆေးကုသပြုစုစောင့်ရှောက်ပေးခဲ့ပါသော ပြင်ဦးလွင်မြို့၊ တပ်မတော်ဆေးရုံမှ တပ်မှူး ဗိုလ်မှူးချုပ်မျိုးသန့်နှင့် ပါရဂူ၊ ဆေးမှူး၊ သူနာပြုများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်မြို့ တပ်မတော်ဆေးရုံမှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်း၊ ပါမောက္ခ ဒေါက်တာဦးသန်းအေး၊ ဗိုလ်မှူးကြီးဒေါ်နွယ်နွယ်ဝင်းနှင့် ပါရဂူ၊ ဆေးမှူး၊ သူနာပြုများနှင့်ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးအောင်နိုင် (ငြိမ်း)

**အသက်(၈၅)နှစ်**

ဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)သည် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၆နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**
**တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၊ ရန်ကုန်မြို့**

## ဦးအောင်မျိုး

**[တပ်မတော်ရေ(ငြိမ်း)]**
**ကျောက်ဖြူ/မြေပုံမြို့**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ ၁၀လမ်း၊ အမှတ်(၂/၂၀၇)နေ (ဦးထွန်းဇံအောင်-ဒေါ်ဝင်းမဦး)တို့၏သား၊ (ဦးစံရွှေအောင်-ဒေါ်စိန်လှ)တို့၏ သားသမက်၊ (ဦးမွေးစောဦး)၏ညီ၊ ကိုထင်လင်းအောင်၏ချစ်လှစွာသောဖခင်၊ ဒေါ်အောင်ဝင်းကြည်(ခ)ဒေါ်မချေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၈-၂၀၁၇ ရက် ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၇ရက် ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီ၊ တာမွေအဝိုင်းထိပ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**မြေပုံမြို့နယ်အသင်း(ရန်ကုန်)**

## ဦးအောင်မျိုး

**[တပ်မတော်ရေ(ငြိမ်း)]**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ ၁၀လမ်း၊ အမှတ်(၂/၂၀၇)နေ (ဦးထွန်းဇံအောင်-ဒေါ်ဝင်းမဦး)တို့၏သား၊ (ဦးစံရွှေအောင်-ဒေါ်စိန်လှ)တို့၏ သားသမက်၊ ကိုထင်လင်းအောင်၏ ချစ်လှစွာသောဖခင်၊ဒေါ်အောင်ဝင်းကြည်(ခ)ဒေါ်မချေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၈-၂၀၁၇ရက် ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၇ရက် ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီ၊ တာမွေအဝိုင်းထိပ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဦးခင်စိုး(ခ)ဦးဒီလုံး

**အသက်(၆၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခမွှာ ၂လမ်း၊ အမှတ်(၁၁၇၀)နေ [ဦးဟုတ်စိန်-ဒေါ်စိန်ရှင်(ခ)ဒေါ်ဘုတ်ဆုံ]တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နေ (ဦးတင်ရ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊မြောက်ဥက္ကလာပမြို့နယ်၊(၂)ရပ်ကွက်၊ သုခမွှာ ၂လမ်း၊ အမှတ် ၁၁၇၀နေ ဒေါ်ခင်သိန်းမြင့်(ခ)ဒေါ်တရုတ်မ၏မောင်၊ ကိုလှမိုး-မစန်းစန်းမြင့်၊ ကိုတင်ထွဋ်-မနု၊ (ကိုမိုးငယ်)-မစန်းစန်းညို၊ ကိုဇော်ဝင်းထွန်း(ခ)ကိုဖူးစိ၊ ကိုအောင်ကြီး-မစန္ဒာ၊ ကိုလှမျိုးအောင်၊ ကိုအောင်ကြည်စိုး၊ ကိုဇော်လင်းထွန်း၊ ကိုညီညီထွေး(ခ)ကျော်ကြီးတို့၏အစ်ကို၊ မောင်အောင်ခေတ်ပိုင်(ခ)နို့ဗူး၏ဦးလေး၊ ကိုကျော်စိန်-ဒေါ်စောနန်းဦး၊ ကိုတင်ဦး-မမြင့်မြင့်သန်း၊ ကိုချစ်ပို-မမြင့်မြင့်စန်း၊ မောင်တောနေ ဗိုလ်ကြီးကျော်နိုင်(ငြိမ်း) - ဒေါ်ဝါဝါလွင် (PPT ဆီအုန်းကုမ္ပဏီ)တို့၏အစ်ကို၊ မသိမ့်နန္ဒစိုး၊ မသင်းဇံဖြူ၊ ဗိုလ်ကြီးထက်ဇေလင်းတို့၏ဖခင်၊ မောင်ပြေစစ်ဘုန်းလင်း၏အဘိုး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ ၄လမ်း၊ အခန်း ၁၄နေ ဒေါ်တင်တင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၈-၂၀၁၇ရက်(သောကြာနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊(၂)ရပ်ကွက်၊သုဇာတာ ၄လမ်း၊အခန်း ၁၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းစိုး အသက်(၄၁)နှစ်

**ကထိက၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ယောက်သွားအိုင်ကျေးရွာနေ ဦးတင်သန်း-(ဒေါ်စိုး)တို့၏သား၊ ဒေါ်ငွေးခိုင်၊ ကိုမင်းစိုး၊ မဝင်းဝင်းထွေးတို့၏ မောင်/အစ်ကိုသည် ၁၉-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီတွင် တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ဆရာများဆောင်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။]

တက္ကသိုလ်ဆရာများဆောင် ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

## ဒေါ်သိန်းဆန်း

**အသက်(၉၀)**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာ၊ နေဇာလမ်း၊ အမှတ် ၅၃နှင့် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထ·ပ·ရ(၃၂၃)နေ (ဦးအုံးဖေ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးသာဆန်း)(လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်)၏ဇနီး၊ (ဦးသောင်းထွန်း)-ဒေါ်မြင့်မြင့်သန်းတို့၏အစ်မ၊ (ဦးသာဆန်းဦး၊ မူအုပ်၊ ငြိမ်း)၊ ဦးသာဆန်းထူး-ဒေါ်ငွေးငွေး(အထက-၆၊ အလုံ)၊ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)-ဗိုလ်ကြီးဒေါ်အေးအေးသန်း(ငြိမ်း)၊ ဦးသက်တင် (Sun Electrical Co.Ltd)-(ဒေါ်မာရီဆန်း)၊ ဒုအရာခံဗိုလ်ဝင်းသောင်း - ဒေါ်မြမြဆန်း၊ (ဦးကျင်ပိုင်၊ မူအုပ်၊ ငြိမ်း)-ဒေါ်တင်တင်ဆန်း(အထက-အင်းတိုင်)တို့၏ ချစ်လှစွာသောမိခင်၊ တူ၊ တူမ ကိုးယောက်၊ မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၁၉-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၄း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သထုံမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ကြည်ကြည် (သထုံ)

**အသင်းဝင်(၇၂၈)**
**ဆက်သွယ်ရေးစာတိုက်မှူး**
**အဆင့်(၂)၊ (ငြိမ်း)**
**အသက်(၈၉)နှစ်**

အမှတ် ၇၉၊ အနော်မာ ၁လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးခင်-ဒေါ်တင်တင်)တို့၏ သမီး၊ (ဦးရွှေလှိုင်)၏ဇနီး၊(ဦးသာဦးရွှေ)-ဒေါ်စန္ဒာထွဋ်၊ ဦးကျော်ဝင်း-ဒေါ်သီတာရွှေ၊ ဒေါက်တာခင်ဇော်ကြူး - ဒေါ်မဋ္ဌုရွှေ၊ ဒေါ်မာလာရွှေတို့၏မိခင်သည် ၁၇-၈-၂၀၁၇ရက် နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးကျော်မင်းလွင်

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စဉ်လမ်း၊ အမှတ် (၉၆-က)နေ (ဦးညွန့်မောင်-ဒေါ်စောရှိ)တို့၏ သား၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ဦးခင်မောင်-ဒေါ်ခင်တီတို့၏အစ်ကို၊ ဦးထွန်းလွင်၊ဦးထူးအောင်လွင် - ဒေါ်နေဝတ်ရည်ဝန်းတို့၏ ဖခင်၊ မဂျူးပန်းအိမ်ထူး၊ မောင်အဲနောင်ထူးတို့၏အဘိုးသည် ၁၉-၈-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဘရင် (တောင်ကုတ်မြို့)

**အသက်(၇၇)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ တန်းလွဲရွာမကျေးရွာနေ(ဦးမောင်ကြိုင်-ဒေါ်ကြိုင်ဖြူ)တို့၏သား၊ (ဦးမောင်မှန်)၊ (ဒေါ်မမကြီး)၊ (ဒေါ်အေးကြည်)၊ ဦးဘကြည်၊ဦးဘခင်တို့၏ညီ/မောင်၊ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဆင်မလိုက်၊ဟံသာရိပ်မွန်အိမ်ရာ၊အောင်သုခလမ်း၊ တိုက် ၁၁၄၊ အခန်း ၁၀၂နေ ဒေါ်ခင်ညွန့် (ကျောင်းဆရာမ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဖုန်းအောင်၊ ဦးမြတ်မင်းငွေ - ဒေါ်ယဉ်ယဉ်လှဲ့၊ ဦးသန်းနိုင်ဝင်း - ဒေါ်ခင်စုစုရင်တို့၏ ဖခင်၊ မောင်ဇွဲထက်နိုင်ဝင်း၊ မောင်ဉာဏ်ကောင်းမြတ်ထူးတို့၏ အဘိုးသည် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၈-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်း၊ ရွှေထီး၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးအောင်ထွန်းစံ (ကုန်သည်)

**ဘူးသီးတောင်၊ မောင်တော**
**အသက်(၈၉)နှစ်**

ဘူးသီးတောင်မြို့နယ်၊ ၄က်ပျော့ချောင်းရွာသူကြီး (ဦးကျော်ဇံဦး-ဒေါ်အောင်ကြွဖြူ)တို့၏သား၊ (ဒေါ်သန္တာဖြူ-ဦးစိန်ထွန်းဦး၊ ကျန်းမာရေးပြတိုက်မှူး၊ မြေနီကုန်း၊ ရန်ကုန်)၊ (ဦးထွန်းဘော်၊ ကုန်သည်)၊ ဦးမောင်စံနု-ဒေါ်ဦးကျော့စိန်၊ ဦးကျော်လှထွန်း-ဒေါ်မစောယဉ် အမှတ် ၈၊ ပေါ်တော်မူဘုရား ၁လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ အစ်ကိုကြီး ဦးအောင်ထွန်းဇံသည် ၁၈-၈-၂၀၁၇ ရက်(သောကြာနေ့)နံနက် ၇း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၁၅နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံအနီးရှိ အရိယာမဏ္ဍိုင်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုဗိုလ်မှူးကြီးခင်မောင်ထွေး (ကြည်း-၁၀၃၅၀)

**ဗိုလ်သင်တန်းအပတ်စဉ်(၃၁)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကကနယ်**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အဝေရာလမ်း၊ တိုက် ၅၇၊အခန်း ၁၀၄ D နေ (ဦးစံလှ-ဒေါ်လွင်)တို့၏သား၊ဒေါ်ခင်မေညွန့်၏ချစ်လှစွာသောခင်ပွန်း၊ပါမောက္ခ ဒေါက်တာဦးသောင်းငွေ-ဒေါ်ခင်စုစုယဉ်၊ ဒေါက်တာကြည်ဇင်-ဒေါက်တာခင်မျိုးမျိုးအောင်၊ ဦးဇင်မင်းလင်း-ဒေါက်တာခိုင်သက်ထားကျော်တို့၏ချစ်လှစွာသောဖခင်၊ မသုသစ္စာသောင်းငွေ၊ မကက်သလင်းခင်ခင်ဇင်၊ မောင်သက္ကလင်းတို့၏အဘိုးသည် ၁၉-၈-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအုံ့ဖေ (အငြိမ်းစား)

**ကြီးကြပ်ရေးဘူမိဗေဒအရာရှိ၊ မြန်မာ့ရေနံ**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ် ၁၃၊ လေးလွှာနေ(ဦးလှဖေ-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးလှရွှေ-ဒေါ်အေးသိန်း)တို့၏ သားသမက်၊ ဒေါ်နီလာရွှေ၏ခင်ပွန်း၊ (ဦးစစ်လွင်ဦး)-ဒေါ်မိမိ)၊ ဦးဟန်ကြည်-ဒေါ်မြင့်မြင့်၊ (ဗိုလ်ကြီးရဲမင်း)-ဒေါ်မိမိကြည်၊ ဦးမြလှိုင်-ဒေါ်ဖြူဖြူတို့၏ညီ/မောင်၊(ဦးအောင်ကျော်မင်း)-ဒေါ်ခင်သန်းဝင်း၊ဦးအောင်ချို-ဒေါ်တူးတို့၏အစ်ကို၊ ဦးဖေသီဟန်-ဒေါ်ညိမ်းဆုမိုး၊ ဒေါ်သက်သံသာရွှေ၊ ဒေါ်အေးအိန္ဒြေခင်ခင်တို့၏ ဖခင်သည် ၁၆-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ရက်(သောကြာနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ၁၃/ကျွန်းတောကျောင်းလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကိုကိုညွန့်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၂၈၊ ခြောက်လွှာ(A)နေ (ဦးလှဝင်း-ဒေါ်အေးရီ)၊ (ဦးချိန်-ဒေါ်နှင်းလှ)တို့၏သားသမက်၊ (ဦးစိုးနိုင်)-ဒေါ်တင်တင်မြင့်၊ ဦးမောင်မောင်အေး-ဒေါ်ကျင်ဟန်၊ ဦးမောင်မောင်ချို-ဒေါ်အေးချို၊ (ဦးမောင်မောင်အုန်း)၊ ဦးလှမျိုး-ဒေါ်တင်တင်ဝင်းတို့၏ အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ ဒေါ်နွဲ့နွဲ့ရီ(အထက-၅၊ ကြည့်မြင်တိုင်အလယ်တန်းပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်လင်းမောင်-မသီသီဦး၊ မပြည့်ဖြိုးဦး(Royal Material)တို့၏ဖခင်၊ မောင်ကောင်းမြတ်ဟိန်း၏အဘိုးသည် ၁၉-၈-၂၀၁၇ရက် (စနေနေ့) နံနက် ၃နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၇ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုနိုင်လင်းဦး

**Sun For Travels & Tours**
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တည်ငြိမ်းကုန်းရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၁၁/၄)နေ ဦးအုန်း - ဒေါ်မြင့်သန်း (လ/ထမန်နေဂျာ၊ ငြိမ်း၊ စက်မှု-၁၊ စား/ကုန်)တို့၏သားသည် ၁၈-၈-၂၀၁၇ရက် (သောကြာနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။(တည်ငြိမ်းကုန်းနေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးချာလီ(ခ) ဦးမောင်မောင်အေး

**အသက်(၆၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၅၄၊ အင်းလျားလမ်းနေ(ဦးအပွနား-ဒေါ်အာမေး)တို့၏သား၊ ဦးမောင်အေး-ဒေါ်ဝင်းမေ၊ ဦးဟာနစ်-ဒေါ်ပါပါမား၊ (ဒေါ်အပွယား)၊ ဦးစောမောင်-ဒေါ်အေးမိစံ၊ ဒေါ်ပါတူး၊ (ဦးရာဂျား)တို့၏အစ်ကို/ညီ/၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၉-၈-၂၀၁၇ရက်(စနေနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကိုကျော်သူအောင်(ခ) ကိုမွေး

**အသက်(၃၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၁၈၆) A-3နေ ဦးမောင်မောင်(လပ်ကီး၊ ငွေတောင်တန်း)၏တူ၊ မောင်ဝင်းမော်စိုး (ခ) မော်ဝမ်လီ၏အစ်ကို၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဒေါ်မြရွှေ၊ ဒေါ်မြငွေ၊ ဦးမောင်မောင်တို့၏တူ၊ မသီသီခိုင်၊ ကိုကျော်ကျော်-မရီရီခိုင်၊ ကိုစိန်လင်း၏ညီ၊ မသင်းသင်းလှိုင်၏မောင်၊ ဦးမြင့်အောင်-ဒေါ်ခင်လှတို့၏သားသည် ၁၂-၈-၂၀၁၇ရက် (သောကြာနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်နေပြည်တော်၊ တပ်ကုန်းမြို့၊ တရော်ပင်အင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (လပ်ကီးပွဲရုံနှင့် ငွေတောင်တန်းအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး ဦးမောင်မောင် နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## “အထူးကျေးဇူးတင်ရှိခြင်း”

(၁၃-၈-၂၀၁၇)ရက်တွင် ကွယ်လွန်ပြီး (၁၇-၈-၂၀၁၇) ရက်တွင် ရေဝေးသုသာန်၌ ဈာပနအခမ်းအနား ကျင်းပခဲ့သော ဦးအောင်ရွှေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း)အား မကျန်းမာစဉ်က စောင့်ရှောက်ခဲ့ကြသူများ၊ ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ခဲ့ကြသူများ၊ ဈာပနအခမ်းအနားအတွက် အစမှအဆုံး တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ခဲ့ကြသော သံရုံးအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊သတင်းစာမှဝမ်းနည်းကြောင်းနှစ်သိမ့်ပေးခဲ့သူများ၊အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် မိတ်သင်္ဂဟများ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ အားလုံးကို ကျန်ရစ်သူမိသားစုနှင့် မိတ်ဆွေများက အထူးကျေးဇူး ဥပကာရတင်ရှိကြောင်း ပြန်ကြားလိုပါသည်။

အထူးအားဖြင့် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်နှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဝန်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းအပါအဝင် နိုင်ငံရေးနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း

ထို့မှတစ်ပါးလည်း ဝိတိုရိယဆေးရုံကြီး၏ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ CEO ဒေါက်တာဒေါ်အေးအေးစန်း၊ Hospital Director ဒေါက်တာဦးတင်ဝင်း၊ Medical Director ဒေါက်တာဦးကျော်ဇင်ဝင်း၊ သမားတော်ကြီး ဒေါက်တာဦးစောအောင်၊ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသန်းထိုက်အောင်၊ Supply Chain Director ဒေါက်တာဦးဇေယျာလင်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝိတိုရိယဆေးရုံ CCU မှ M.O များနှင့် Staff များအားလည်းကောင်း အထူးတလည်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**

# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ









(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအားကစားအဖွဲ့ ကွင်းအတွင်း ဝင်ရောက်လာစဉ်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့် (ခေတ္တ-မလေးရှား)**

**ကွာလာလမ်ပူ ဩဂုတ် ၁၉**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ကျင်းပရာ အိမ်ရှင်ပရိသတ်များ ကွင်းလုံးပြည့်နီးပါး လာရောက်အားပေးခဲ့သည်။

**မီးရှူးတိုင်သယ်ဆောင်**

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်နိုင်ငံများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး မလေးရှားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများ၊ တေးသရုပ်ဖော်အစီအစဉ်များဖြင့် ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သည့် မလေးရှားလက်ရွေးစင်ကစားသမားဟောင်းများက ဆီးဂိမ်းပြိုင်ပွဲအလံနှင့် မီးရှူးတိုင်တို့ကို လက်ဆင့်ကမ်းသယ်ဆောင်ကြသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖

# ချင်းတောင်ထွက် ဝဥများအား တရုတ်နှင့် ဂျပန်ကဝယ်ယူသဖြင့် တောင်သူများဝင်ငွေကောင်း

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

**နေပြည်တော် ဩဂုတ် ၁၉**

ချင်းပြည်နယ်တောင်ပိုင်းထွက် ဓာတုဆေးဝါးသုံးစွဲမှုလွတ်ကင်းသည့် ဝဥခြောက်များကို တရုတ်နှင့်ဂျပန်ကုန်သည်များ ဝယ်ယူလျက်ရှိပြီး ထပ်မံဝယ်ယူရန်အတွက် ညှိနှိုင်းကမ်းလှမ်းထားခြင်းကြောင့် ဝဥစိုက်တောင်သူများအတွက် ဈေးကွက်ကောင်းများရရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ချင်းပြည်နယ်တောင်ပိုင်းမှနှစ်စဉ် ဝဥပိဿာချိန် ၁၀ သိန်း ကျော် ထွက်ရှိကာ ယခင်က တရုတ်နှင့်ဂျပန်နိုင်ငံတို့သို့ တင်ပို့ရာတွင် ဈေးနှုန်းမှာ ဝဥခြောက်တစ်ပိဿာလျှင် ကျပ် ၄၅၀၀ မှ ၅၀၀၀ အတွင်းသာ ပေါက်ဈေးရှိရာမှ ယခုနှစ်တွင် တရုတ်ကုန်သည်များဘက်မှ တစ်ပိဿာလျှင် ကျပ် ၇၅၀၀ အထိ ဈေးကောင်းပေးဝယ်ယူလာကြောင်း သိရသည်။ "ဝဥ"အပင်များဟာ Araceae (ခေါ်) ပိန်းမျိုးရင်းဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Amorphophallus Campanulatus Blume ဖြစ်ကြောင်း သိရသည်။ ဝဥ၏ မူရင်းဒေသမှာ

*စာမျက်နှာ ၈ ကော်လံ ၄* ✻



Established in 1958
ကံ့နွှရီ ®
အဆင့်မြင့်ချည်ချောလုံချည်
The Ultimate Quality and Fastness.
အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အဆုံးစွန်
ပင်ရင်း - ကံ့နွှရီ အထည်စက်၊ သဲတောမြို့၊ ဖုန်း - ၀၆၄ - ၂၀၅၀၁၃၁ ရန်ကုန်ဖြန့်ချိရေး - ၀၁ - ၅၂၆၂၂၈